www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အငြိုးကြီးမားမိးနဂါး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

(၁၀)

## အတိတ်၏အစ

နံနက်စောစောတွင် တောင်တင်းရယ် ရောက်ရှိလာလေသည်။

တောင်တင်းရယ်၏အကြည့်သည် ခပ်စိမ်းစိမ်း ဖြစ်လေသည်။ ကွမ်ယုသည် တောင်တင်းရယ်၏အကြည့်ကို ဖြေလျော့သောအားဖြင့် ခပ်ပြုံးပြုံး ပြန်မေးလေ၏။

“ဒီနေ့တော့ ကိစ္စအထူးပေါ်လာပြီနဲ့တူတယ်”

ကွမ်ယု၏အပြုံးကြောင့် တောင်တင်းရယ်၏ ခပ်စိမ်းစိမ်းအကြည့်မှာ ပြေလျော့သွားသည်။

“ရှင်တို့ကို ဒီကနေ့ အရေးကြီးတဲ့ နေရာနှစ်ခုကို ကျွန်မ လိုက်ပြချင်လို့ပါ”

ကွမ်ယုက ...

“ကျွန်တော်တို့ အဝတ်အစား လဲလိုက်ဦးမယ်၊ အဝတ်အစား လဲပြီးရင် ကျွန်တော်တို့လိုက်ဖို့ အဆင်သင့် ဖြစ်ပါပြီ”

ကွမ်ယုနှင့် ဟန်ရှင်တို့သည် အဝတ်အစားများ လဲပြီးနောက် တောင်တင်းရယ်နှင့်အတူတူ လိုက်ပါသွားကြသည်။

တောင်တင်းရယ်က ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ပထမဦးဆုံး ရှင်တို့ကို ကျွန်မ လိုက်ပို့မယ့်နေရာက မြေအောက်နန်းတော်ပဲ"

သူတို့သည် ပထမနန်းတော်ကြီး ရှိနေသည့်နေရာသို့ လျှောက်လာကြလေ၏။ သူတို့သည် နန်းတော်ရှေ့သို့ ရောက်လာကြ၏။ နန်းတော်၌ မည်သည့်အစောင့်တစ်ယောက်မျှ မရှိချေ။ မနေ့က လည်း ဤအတိုင်းပင် ဖြစ်သည်။

ကွမ်ယုက ...

"ကျွန်တော် မနေ့က မမေးလိုက်မိဘူး၊ ဒီလိုပဲ အစောင့်အရှောက်တွေ ရှိမနေဘူးလား"

တောင်တင်းရယ်က ရယ်မောသည်။

"အပေါ်မှာတော့ အစောင့်တွေ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ တွေ့ပါတယ်"

"အဲဒီအစောင့်တစ်ယောက်ဟာ မြေပြန့်သိုင်းသမား ထိပ်သီးဆယ်ယောက်လောက်နဲ့ ညီမျှပါတယ်"

"ဖြစ်နိုင်ပါတယ်"

ကွမ်ယုက သဘောတူလိုက်၏။

တောင်တင်းရယ်၏ဉာဏ်သည်ပင် အဆင့်မြင့်လှပြီ မဟုတ်ပါလား။

သူတို့သည် အထက်သို့တက်သော လှေကားကို မသုံးတော့ပေ။ အောက်အပေါက်ထဲသို့ ဝင်လိုက်ကြသည်။ အောက်၌ လှေကားထစ်များ ရှိနေသည်။ သူတို့သည် လှေကားထစ်များအတိုင်း နန်းတော်အောက်ထဲသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားကြသည်။



မြေအောက်နန်းတော်မှာ မြေပြင်ကဲ့သို့ အလင်းရောင်ကောင်းစွာရှိနေ၏။ ထိုအဆောက်အအုံ ဆောက်လုပ်ကတည်းက နေရောင်ရရှိစေရန် ဗိသုကာအတတ်ဖြင့် စီစဉ်ထားခြင်း ဖြစ်သည်။

မြေအောက်နန်းတော်ထဲ၌ လူများစွာရှိသည်။

သူတို့သည် အသီးသီး ကိုယ့်လုပ်ငန်းကိုယ် လုပ်ကိုင်နေကြသည်။ လူအသီးသီးသည် ဘေးဘိသို့ လုံးဝ စိတ်မရောက်ချေ။ ကိုယ့်အလုပ်သာကိုယ် စိတ်ဝင်စားနေကြသည်။ အချို့ဆိုလျှင် သီချင်းများပင် ညည်းနေသေးသည်။

"မနေ့က ပန်းခင်းထဲက သယ်လာတဲ့ပန်းတွေကို ဒီမြေအောက်ခန်းထဲ ထည့်လိုက်တာ ကျွန်မတို့ မြင်လိုက်ရတယ်၊ အဲဒီပန်းတွေကို ဘာလုပ်တာလဲဟင်"

ဟန်ရှင်က မေးလိုက်၏။

"ဟိုဘက်ခန်းကို သွားကြည့်ကြမယ်"

တောင်တင်းရယ်သည် အခန်းတစ်ခုထဲသို့ ဦးဆောင်ဝင်ရောက်သွားလေ၏။ အခန်းထဲ၌ ရွှေသတ္တုဖြင့် ပြုလုပ်ထားသည့် ယန္တရားဆန်ဆန် စက်တစ်ခုကို တွေ့ရသည်။ အမျိုးသမီးသုံးဦးက စက်ကို လည်ပတ်စေ၏။

တောင်တင်းရယ်က စက်ကို ညွှန်ပြလိုက်၏။

"အဲဒီစက်ထဲကို ဂမုန်းပင်တွေထည့်ပြီး ကြိတ်ပစ်လိုက်ပြီးပြီ၊ တစ်လတိတိ အဲဒီစက်နဲ့ ကြိတ်လိုက်တဲ့အခါ ဆေးတစ်မျိုး ရရှိပါတယ်၊ အဲဒီဆေးဟာ နန်းတွင်းသားတွေအတွက် အလွန်အသုံးဝင်တဲ့ ဆေးတစ်မျိုးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



တောင်တင်းရယ်က ရှင်းပြခြင်းပင်။ သူမက ဆက်၍ရှင်းပြ၏။

"အဲဒီ ဂမုန်းပန်းတွေကို အိပ်မွှေ့ပန်းလို့ ခေါ်တယ်၊ နန်းတွင်းသားတွေဟာ နိစ္စဓူဝနေ့စဉ် ဆောင်ရွက်စရာ ဘာမှမရှိတော့ ပျင်းပျင်းရိရိနဲ့ အချိန်တွေ ကုန်လွန်ခဲ့ကြရတယ်၊ သူတို့အားလုံးဟာ ညဆိုရင် အိပ်မပျော်တဲ့ရောဂါ စွဲကပ်လာကြတယ်၊ စိတ်ရောကိုယ်ပါ ဆောင်ရွက်စရာ မရှိတဲ့လူဟာ ကြာလာရင် အိပ်မပျော်တဲ့ ရောဂါစွဲကပ်လာတာ မွေတာပါပဲ၊ ဒီဂမုန်းပန်းနဲ့ ဖော်စပ်တဲ့ အိပ်ဆေးဟာ လူတွေကို အန္တရာယ် မဖြစ်စေပါဘူး၊ ဒါနဲ့ ဒီဆေးဟာ နန်းတွင်းသားတွေအတွက် မရှိမဖြစ်တဲ့ အသုံးလိုတဲ့ ဆေးဖြစ်လာတော့တာပဲ၊ နန်းတွင်းသားတွေဟာ ဒီဆေးကိုသုံးမှ အိပ်ပျော်ကြတယ်"

"ဪ ... ဒီဆေးဟာ နန်းတွင်းသားတွေအတွက် မရှိမဖြစ်တဲ့ တကယ်အသုံးလိုတာပဲပေါ့နော်"

"မှန်တယ်လေ ... ဒါကြောင့် ဒီဂမုန်းပန်းခင်း တည်ရှိတဲ့ နေရာကို မြင်တွေ့သွားတဲ့ ရှင်နဲ့ ဟန်ရှင်ကို ဒီဂမုန်းပန်းခင်းလုံခြုံရေးအတွက် ဖမ်းဆီးခေါ်ဆောင်လာတာပဲ"

"အင်းလေ ... ခင်ဗျားတို့ဘက်က ကြည့်ရင် မှန်တာပေါ့ခင်ဗျာ၊ ပန်းခင်းလုံခြုံရေးအတွက် ကျွန်တော်တို့ကို ထိန်းသိမ်းရမှာပေါ့၊ ဒါနဲ့ ဒီဂမုန်းပန်းတွေဟာ အမြဲဒီလိုပဲ ပွင့်နေသလား"

"မဟုတ်ဘူး ... ဒီပန်းဟာ သိပ်ထူးဆန်းတယ်၊ သုံးလတစ်ကြိမ်ပဲ ပွင့်တယ်၊ ပွင့်တဲ့ရက်တွေဟာ တိတိကျကျ တူညီနေကြတယ်"

"ဂမုန်းပန်းခင်းကို ဒီလိုပဲ အစောင့်ချသလား"



"အစောင့်သုံးဦးကို အမြဲပို့လွှတ်ထားပါတယ်၊ ဒီအိပ်မွှေ့ ဂမုန်းပန်းကို မျောက်ဝံကြီးတွေက အလွန်ကြိုက်တယ်၊ ဒါကြောင့် အဓိကအားဖြင့်တော့ မျောက်ဝံကြီးတွေရန်ကို ကာကွယ်ဖို့ အစောင့်ချထားခဲ့ရတာပဲ၊ ရှင်တို့နဲ့အတူ မျောက်ဝံကြီးတစ်ကောင်ကို ဖမ်းလာခဲ့သေးတယ်၊ နောက်ပြီး အစောင့်တွေကိုလည်း တစ်လတစ်ကြိမ် လဲပေးရတယ်၊ သုံးလတစ်ကြိမ်မှုလဲရင် သူတို့ သိပ်ပြီး ငြီးငွေ့သွားမယ် မဟုတ်လား"

"အဲဒီ ဂမုန်းပန်းရနံ့ဟာ ထူးခြားတယ်နော်"

"ထူးခြားတာပေါ့ ... အဲဒီ ဂမုန်းပန်းရနံ့မှာ ထူးခြားတဲ့ အဆိပ်ပါတယ်၊ အဲဒီအဆိပ်ကြောင့် ဒီပန်းဟာ ထူးခြားနေခြင်းလည်း ဖြစ်တယ်၊ အဲဒီစက်နဲ့ ကြိတ်လိုက်တဲ့အခါ မလိုလားအပ်တဲ့ အဆိပ်တွေ စင်ကြယ်သွားတာပေါ့"

မိန်းမပျိုသုံးဦးသည် ယန္တရားကြီးကို မပျင်းမရိ မောင်းနှင်နေလေ၏။ သူတို့ကို တောင်တင်းရယ်က ပြုံးကြည့်၏။

တောင်တင်းရယ်သည် ဆက်ဆံရာ၌လည်း တော်သည်။ သူမသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဤရာထူးကြီးကို ရထားသည်မှာ တကယ်တော်၍သာ ဖြစ်ရပေမည်။

တောင်တင်းရယ်က ...

"တခြားအခန်းတွေမှာလည်း ဆေးအမျိုးမျိုးကို ဖော်စပ်လုပ်ကိုင်နေပါတယ်၊ မနေ့က ဟန်ရှင်သောက်လိုက်တဲ့ ဆေးကို တွေ့တယ် မဟုတ်လား။ ဒီနန်းတော် မြေအောက်ခန်းက ထုတ်လုပ်တာပဲ၊ အဲဒီဆေးဟာ နှင်းတောင်လန်းဆန်းဆေးလို့ခေါ်တယ်၊ နောက်ပြီး အဲဒွေး

www.burmeseclassic.com

www.burmeseclassic.com



အားကောင်းစေတဲ့ ဆေးတွေလည်းပါတယ်၊ ကျန်းမာရေးအတွက် ထုတ်တဲ့ဆေးဝါးတွေကမျိုးစုံပဲ၊ များသောအားဖြင့် ဒီဆေးတွေဟာ နန်းတွင်းသားတွေအတွက်ပဲ ထုတ်လုပ်ရတယ်၊ မြို့သူမြို့သားတွေနဲ့ အကြီးအကဲတွေဟာ ဒီကထုတ်တဲ့ ဆေးတော်တော်များများကို မသုံးကြပါဘူး။ သူတို့ဟာ အလုပ်နဲ့လက်နဲ့ မပြတ်တော့ မကျန်းမမာဖြစ်ခြင်းလည်း မရှိကြဘူးလေ"

"ဩော် ... မြေအောက်နန်းတော်တစ်ခုလုံးဟာ ဆေးဝါးဖော်စပ်နေတဲ့စက်ကြီး ဖြစ်နေတာကိုး"

တောင်တင်းရယ်သည် ကွမ်ယုကိုသာ ဦးတည်ရှင်းပြနေသည်။

ကွမ်ယုသာ အဓိကဖြစ်နေသည်။

ကွမ်ယုကလည်း လွန်စွာ စိတ်ဝင်စားသည်။

"ဩော် ... မြေအောက်နန်းတော်တစ်ခုလုံးဟာ ဆေးဝါးဖော်စပ်နေတဲ့စက်ကြီး ဖြစ်နေတာကိုး"

"အဲဒီလိုပဲ ပြောရတော့မှာပေါ့"

ထို့နောက် တောင်တင်းရယ်က မြေအောက်ခန်းတစ်ခုလုံးကို လိုက်လံပြသလေ၏။

"တော်တော်အံ့ဩစရာ ကောင်းတာပဲ၊ လူတွေကလည်း အများကြီး။ ထုတ်လုပ်ပုံကလည်း အတော်စနစ်ကျတယ်၊ ကျွန်တော်တို့တော့ လိုက်လို့မမီအောင် ဖြစ်နေရတယ်၊ ဒီမြေအောက်ခန်းကြီးကို စီမံအုပ်ချုပ်တာ ဘယ်သူများပါလဲ ခင်ဗျာ"

"ကျွန်မပဲပေါ့ ကွမ်ယုရယ်"



ကွမ်ယုသည် တောင်တင်းရယ်အား အလွန်လေးစားသော၊ အလွန်ချီးကျူးသော အကြည့်များဖြင့် ကြည့်လေ၏။

မြေအောက်နန်းတွင်းတစ်နေရာ ရောက်သောအခါ အပြာရောင် အတွင်းအားဆေးတစ်မျိုး ဖော်စပ်နေသည်ကို တွေ့ရ၏။

ထိုနေရာ၌ အခြားနေရာများကဲ့သို့ လူမများလှပေ။ စုစုပေါင်း လူသုံးယောက်သာရှိသည်။ အလွန်ဇွဲစပ်သေချာသောသူများကိုသာ ခိုင်းထားဟန် ရှိလေ၏။ သောက်သုံးရန် အသင့်ဖြစ်နေသော ဆေးများကိုလည်း တွေ့ရသည်။

အသင့်ဖြစ်နေသော ဆေးများကို ကြွေကလပ်တစ်ခုပေါ် တင်ထားလေ၏။ ပြာလွဲလွဲအရောင်ရှိသော ထိုဆေးလုံးများမှာ အဖြူရောင်မီးခိုးငွေ့များ တလူလူတက်နေလေ၏။

'တောင်တင်းရယ်သည် ဆေးများကို ကြည့်၍ ကျော်ဖြတ်သွားသည်။ သို့သော် ... ကွမ်ယုက လက်ကိုလှမ်းဆွဲလိုက်သည်။

တောင်တင်းရယ် ရုတ်သွေးဖြန်းသွားလေ၏။

သူမသည် ကွမ်ယုနှင့် သက်တူရွယ်တူခန့်ရှိသည် မဟုတ်ပါလော။

ထို့ပြင် ... ဤအရပ်၌ ယွေးမတော်သားမစပ်သူများ အသားချင်း ထိကိုင်ခွင့်မရှိပေ။

ကွမ်ယုကတော့ အမှတ်တမဲ့ပင် လှမ်းဆွဲပြီးမေးလိုက်သည်။

"ဒီဆေးတွေက ဘာဆေးတွေလဲ မသိဘူး"

တောင်တင်းရယ်က ...

"အတွင်းအားဆေးတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"အလွန်ပြင်းထန်မယ်လို့ ထင်ရတယ်၊ အငွေ့တွေလည်း တက်နေတယ်"

"ဒီရွှေနယ်မြေမှာတော့ အကောင်းဆုံးနဲ့ အပြင်းထန်ဆုံး အတွင်းအားတိုးဆေးတွေပါ၊ တော်ရုံတန်ရုံ သိုင်းပညာအဆင့်နဲ့ ဒီဆေးတွေ သောက်လို့မရဘူး၊ လူဝံကြီးတွေကိုတောင် ဒီဆေးတစ်ခြမ်းပဲ တိုက်နိုင်ပါတယ်၊ ဆေးတစ်ခြမ်းတိုက်လို့ လူဝံကြီးတွေ ခံနိုင်မယ်မှတ်သလား၊ တုံးခနဲလဲကျသေကုန်ကြတာပဲ၊ အလွန်ပြင်းထန်သလောက် အစွမ်း အင်မတန်ထက်တဲ့ ဆေးတွေပါ၊ ကျွန်မတောင် ဒီဆေး ငါးလုံးပဲ သောက်နိုင်ခဲ့ပါတယ်"

ကွမ်ယုက ...

"ဒီရွှေနယ်မြေမှာ ဒီအတွင်းအားတိုးဆေးကို အများဆုံး သောက်နိုင်တဲ့လူဟာ ဘယ်သူလဲ"

"ဘုရင်မင်းမြတ်ပဲပေါ့"

"သူက ဘယ်နှစ်လုံး သောက်နိုင်သလဲ"

"သူလည်း ငါးလုံးပဲ သောက်နိုင်တယ်"

"ဟင် ... ဒါဆို ခင်ဗျားနဲ့ တန်းတူပဲ သောက်နိုင်တာပဲ၊ ပို သောက်နိုင်တယ်လို့ ဘယ်ဆိုနိုင်မလဲ"

တောင်တင်းရယ်က အသံနှိမ့်ပြီး ပြောလိုက်၏။

"ရှူး ... တိုးတိုးပြောပါ၊ ကျွန်မ ငါးလုံးသောက်နိုင်တယ်ဆိုတာ ဒီနယ်မြေမှာ ဘယ်သူမှ မသိကြပါဘူး၊ ဒီနယ်မြေမှာ ငါးလုံး သောက်နိုင်တဲ့လူဟာ ဘုရင်မင်းမြတ်ပဲရှိတယ်လို့ အားလုံးက သိထားကြတယ်၊ ရှင်တို့ သိအောင်သာ ကျွန်မက ပြောပြတာပါ၊ ဒီအချက်ဟာ



ကျွန်မရဲ့လျှို့ဝှက်ချက်နဲ့ ဒီအချက်ကို တခြားသူတွေ မသိပါစေနဲ့လို့ ကျွန်မ တောင်းပန်ပါတယ်"

ကွမ်ယုက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ဒါနဲ့ ဆေးရဲ့ အမည်ကကော ဘယ်လို ခေါ်ပါသလဲ"

"ဆေးရဲ့အမည်ကတော့ ခပ်ရိုးရိုးပါပဲ၊ အရောင်က ပြာလဲ့လဲ့ ရှိတယ် မဟုတ်လား၊ ကောင်းကင်နဲ့ အရောင်တူဖြစ်လို့ ကောင်းကင်ဆေးလို့ ကျွန်မတို့က ခေါ်ကြပါတယ်"

"ကောင်းကင်ဆေးတဲ့လား"

ကွမ်ယုသည် ထိုကောင်းကင်ဆေးကိုမြင်သည်နှင့် ထိုဆေးလုံးများကို ကောက်ယူဝါးမျိုချင်သည့်စိတ်များ ထိန်းသိမ်းမရ ပေါ်လာတော့သည်။

ထိုကဲ့သို့ ချဉ်ခြင်းတပ်မက်သည်မှာ မည်သည့်အကြောင်းကြောင့်ဖြစ်ကြောင်း ကွမ်ယု မသိပေ။

သူသာ ဤဆေးလုံး များကို သောက်လိုက်လျှင် မည်သို့ အန္တရာယ်မဖြစ်ရုံမျှမက အတွင်းအားများ အဆမတန် တိုးတက်လာမည်ဟု ယုံကြည်နေမိသည်။

အငွေ့တလူလူထွက်နေသောဆေးများကို သူသည် ငေးကြည့်နေမိသည်။ အတန်ကြာမှ ကောက်ယူဝါးမျိုပစ်ချင်သည့်စိတ်များကို ထိန်းသိမ်းနိုင်ခဲ့၏။

သူသည် တောင်တင်းရယ်က မိမိအား အကဲခတ်နေသလား ဟု ကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်တင်းရယ်သည် သူ့ကို မကြည့်ပေ ...။ ရှေ့သို့ ဆက်သွားရန်သာ ဟန်ပြင်နေသည်။ တောင်တင်းရယ်သည် သူ ကွာခြေပျက်သွားသည်ကို မရိပ်မိချေတကား။

သူတို့သည် မြေအောက်နန်းတော်တစ်ခုလုံးကို နှံ့စပ်အောင် လှည့်ပတ်ကြည့်ရှုပြီးမှ အပေါ်သို့ ပြန်တက်လာခဲ့၏။

တောင်တင်းရယ်က ...

"ရှင်တို့ကို တစ်နေရာကို လိုက်ပြရဦးမယ်"

"ဘယ်နေရာကိုလဲ"

"ကျွန်မဆရာဆီကို"

"ဗျာ"

"ရှင်"

ကွမ်ယုနှင့် ဟန်ရှင်တို့မှာ အာမေဋိတ်သံများ ထွက်သွားမိကြ၏။

"ခင် ... ခင်ဗျားမှာ ဆရာရှိတယ် ဟုတ်လား"

တောင်တင်းရယ်က ရယ်မောလိုက်၏။

"ဘယ်သူမဆို ဆရာရှိတာပေါ့ရှင်၊ ဆရာမရှိဘဲနဲ့ ဘယ်သူက သိုင်းပညာတတ်မြောက်နိုင်မှာလဲ၊ မွေးကတည်းက သိုင်းပညာတတ်လာတဲ့လူ ဘယ်သူရှိမလဲ၊ သင်ဆရာ မြင်ဆရာ ကြားဆရာကတော့ ရှိရမှာပေါ့ရှင်"

ကွမ်ယုက ပြန်ရှင်းပြ၏။

"တောင်တင်းရယ်ပြောတဲ့စကားကလည်း မှန်ပါတယ်၊ ကျွန်တော် မငြင်းပါဘူး။ ကျွန်တော်ဆိုလိုတာက ဒီရွှေနယ်မြေမှာ



တစ်ဦးချင်းအတွက် သီးသန့်ဆရာရယ်လို့ မရှိဘူးထင်နေတာပါ၊ သိုင်းပညာ စုပေါင်းသင်ယူရတဲ့ ဆရာတော့ ရှိမှာပေါ့ခင်ဗျာ"

တောင်တင်းရယ်က ခေါင်းညိတ်၏။

"ကွမ်ယုရဲ့ တွေးဆချက်ကို ကျွန်မ သဘောပေါက်ပါပြီ၊ အမှန်အတိုင်းဝန်ခံရရင် ကျွန်မမှာ အခုလို သီးသန့်ဆရာတစ်ယောက်ရှိနေတာဟာလည်း ကျွန်မဘဝရဲ့ လျှို့ဝှက်ချက်တစ်ခုပါပဲ၊ ရှင်တို့ကို ပထမဆုံးအကြိမ် အသိပေးတာပါပဲ၊ တခြား ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါဘူး"

ထိုစကားကြားသောအခါ ကွမ်ယုသည် အကြီးအကျယ် စဉ်းစားရတော့၏။

အဘယ်ကြောင့်ဆိုသော် တောင်တင်းရယ်၏ စကားသည် စဉ်းစားစရာများ ဖြစ်လာသောကြောင့်တည်း။

ပထမအချက် ... တောင်တင်းရယ်သည် သူမနှင့် တန်းတူရည်တူ အဆင့်ရောက်အောင် ဥပါယ်တံမျဉ်နှင့် သူမနှင့်ယှဉ်ပြိုင်ခွင့် ပေးခဲ့သည်။ ထိုအခါ သူမနှင့် အဆင့်တူ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ရခဲ့ပေသည်။

ဒုတိယအချက် ... သူမ၏အတွင်းအားနှင့် သိုင်းပညာဖော်ပြသည့်အချက် ဖြစ်သည်။ ထိုအချက်မှာ ကောင်းကင်အတွင်းအားတိုးဆေးဆိုသည့် ဆေးကို သူမ ငါးလုံးသောက်နိုင်သည်ဆိုသည့်အချက်ဖြစ်သည်။ ရွှေနယ်မြေကို အုပ်ချုပ်နေသည့် ဘုရင်မင်းမြတ်သည်ပင်လျှင် ဤဆေးလုံးကို ငါးလုံးသောက်နိုင်သည်။ သူမသည် ဘုရင်မင်းမြတ်နှင့်အတွင်းအား တူညီနေသည့်သဘောကို ပြဆိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအချက် ... သူမတွင် သိုင်းပညာ ရယူသင်ကြားနေသော ဆရာတစ်ယောက်ရှိကြောင်း ဖွင့်ဟအသိပေးခြင်း ဖြစ်သည်။ ဤသို့ ဆရာရှိနေကြောင်းကို မြို့သူမြို့သားများလည်း မသိ၊ အကြီးအကဲအုပ်စုလည်း မသိ၊ နန်းတွင်းသူ နန်းတွင်းသားများလည်း မသိရှိကြပေ။ သူမသည် ထိုအချက်ကိုလည်း လျှို့ဝှက်ထားသည်။

ဤအချက်များကို ဆက်စပ်စဉ်းစားလိုက်သောအခါ တောင်တင်းရယ်က မိမိအပေါ် ဆက်ဆံသည့်သဘောထားမှာ ထူးခြားလျက်ရှိနေကြောင်း တွေ့မြင်ရသည်။

သံယောဇဉ်လား ...

အခြားအကြောင်းတစ်ခုကြောင့်လား ...

နှစ်ခုစလုံးကြောင့်လည်း ဖြစ်နိုင်ပေသည်။

"ကျွန်မတို့ အခု မြို့ပြင်ကို ထွက်နေတာ"

ကွမ်ယု အံ့သြသွားသည်။

"အခုလို မြို့ပြင်ထွက်တာကိုလည်း နန်းတွင်းသားအုပ်စုက ဒီအတိုင်း ကြည့်နေသလား"

"ကျွန်မက အကြီးအကဲအုပ်စုရဲ့ ခေါင်းဆောင်လေ၊ ကျွန်မကို သူတို့ ယုံကြည်ကြတယ်"

တောင်တင်းရယ်သည် ကွမ်ယုတို့အား ရွှေမြို့တော်၏ မြောက်ဘက်အစွန်သို့ ခေါ်ဆောင်သွားလေ၏။

ရွှေမြို့တော်၏ မြောက်ဘက်အစွန်သို့ ရောက်လာလေ လူတို့တည်ဆောက်ထားသည့် ရွှေသားအဆောက်အအုံများ လျော့နည်းပါးလေ ဖြစ်လာသည်။



နောက်ဆုံး ... ရွှေအိမ်ဟူ၍ တစ်လုံးမျှ မတွေ့ရတော့ပေ။ သစ်ပင်များ၊ သဘာဝပန်းမာလာများကိုသာ တွေ့ရသည်။ ထို့နောက် မကြာမီ သစ်သားအဆောက်အအုံအဟောင်းများ၊ အုတ်တိုက်များ၊ အဆောက်အအုံပျက်များကို တွေ့မြင်လာရသည်။

တောင်တင်းရယ်က ထိုအဆောက်အအုံအဟောင်းများကို ညွှန်ပြပြီး ...

"ဒါ ... မျောက်စမ်းချောင်းနယ်မြေရဲ့ မြို့တော်ဟောင်းနေရာပဲ"

အဆောက်အအုံဟောင်းများရှေ့ရှိ လမ်းမကြီးများမှာ လူသူကင်းရှင်းလျက် ရှိသည်။

တကယ့်မြို့တော်ဟောင်းကြီးပါပေ။

အတွင်းပိုင်းသို့ ရောက်သောအခါ အတော်အတန် ကြီးမားသော နန်းတော်သဏ္ဍာန် အုတ်အဆောက်အအုံကြီးကို တွေ့မြင်ရလေ၏။

တောင်တင်းရယ်သည် ထိုအဆောက်အအုံဟောင်းကြီးဆီသို့ ကွမ်ယုတို့အား ခေါ်ဆောင်သွားလေ၏။

"မျောက်စမ်းချောင်းမြို့တော်ဟောင်းကြီးဟာ မြေကြီးအောက်က ရွှေတွေကို တူးဖော်မတွေ့ရှိခင်တုန်းကဆိုရင် အင်မတန်သိမ်ငယ်တဲ့ မြို့ကလေးတစ်မြို့ပေါ့"

တောင်တင်းရယ်၏ မျောက်စမ်းချောင်းမြို့တော်ဟောင်းအကြောင်း စတင်ရှင်းပြသည်။

"မြေကြီးအောက်က ရွှေတွေကို စတင် တူးဖော်တွေ့ရှိပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက် ရွှေမြို့တော်သစ်ကို စတင်တည်ဆောက်လိုက်ကြတယ်၊ ဒီမြောက်စမ်းချောင်း ရွှေမြို့တော်ဟောင်းကို ရှေးဟောင်း အမွေအနှစ်အဖြစ် ထိန်းသိမ်းထားဖို့ ဘဘလျှူနန်ကျင်းက ဆုံးဖြတ်ခဲ့ပါတယ်၊

ဒါပေမဲ့ လူတွေဟာ ပြောလို့မရတော့ပါဘူး ... မြေကြီးအောက်က ရွှေတွေကို တွေ့ရှိပြီးတဲ့နောက် လူတွေဟာ ရွှေမြို့တော်သစ်ကိုပဲ စိတ်ဝင်စားကြတော့တယ် ... ရွှေလေ၊ ရွှေဟာ လူတွေကို လောဘရမ္မက် တက်စေတယ်မဟုတ်လား၊

ဘဘလျှူနန်ကျင်းရဲ့စကားကိုတော့ အားလုံးက မေ့လျော့သွားကြတယ်၊ ဒါကြောင့် ဘဘလျှူနန်ကျင်းဟာ သိပ်စိတ်ဆိုးသွားခဲ့တယ်၊ ရွှေမြို့တော်သစ်ကို လိုက်ပါခြင်းမရှိတော့ဘဲ သူတစ်ဦးတည်း မြောက်စမ်းချောင်းမြို့တော်ဟောင်းမှာ ဇာတ်မြှုပ်နေထိုင်ခဲ့ကြတယ်၊ တစ်နည်းအားဖြင့် ပြောရရင်လည်း ဒီမြို့တော်ဟောင်းကြီးကို သူတစ်ဦးတည်း ဆက်လက်ထိန်းသိမ်းထားခဲ့တယ်ဆိုပါတော့"

ကွမ်ယုက ...

"ဘဘလျှူနန်ကျင်းဆိုတာ ဘယ်သူလဲဟင်"

ထိုခရီးစဉ်တစ်လျှောက်လုံး တောင်တင်းရယ်သည် ကွမ်ယုကိုသာ ရှင်းပြနေခဲ့သည်။ ဟန်ရှင်ကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့မှ မထင်တော့ပေ။

ဟန်ရှင်မှာကား ပရိသတ်ဖြစ်မှန်းမသိ ဖြစ်လျက်ရှိနေသည်။

"ဘဘလျှူနန်ကျင်းဆိုတာ မြောက်စမ်းချောင်းမြို့တော်ဟောင်းရဲ့ အကြီးအကဲအုပ်စုရဲ့ အထူးခြားဆုံး နံပါတ်တစ်ခေါင်းဆောင်ပေါ့"



ကွမ်ယုသည် စိတ်ဝင်စားသွား၏။

အကြီးအကဲအုပ်စု၏ နံပါတ်တစ်ခေါင်းဆောင်သည် မြို့တော်ဟောင်း၌ နေရစ်ခဲ့သည့်သတင်းသည် သူ့အတွက် စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

"လျှူနန်ကျင်းဟာ အကြီးအကဲအုပ်စုရဲ့ ခေါင်းဆောင်ဖြစ်လာတော့ အသက်နှစ်ဆယ်အရွယ် နုပျိုတုန်းပဲ ရှိသေးတယ်"

ကွမ်ယုသည် တောင်တင်းရယ်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ခင်ဗျားကော အသက်ဘယ်လောက်ရှိပြီလဲ"

"လာမယ့်တစ်ဆယ့်ငါးရက်မှာ ကျွန်မအသက် နှစ်ဆယ်တင်းတင်း ပြည့်တော့မယ်"

"ဒီလိုဆို ဘဘလျှူနန်ကျင်းထက်တောင် ခင်ဗျားဟာ အကြီးအကဲအုပ်စုရဲ့ နံပါတ်တစ်ခေါင်းဆောင်ဖြစ်တာ စောနေတာပေါ့"

တောင်တင်းရယ် ရှက်သွေးဖြန်းသွား၏။

မှန်ပေသည် ... ။

သူမသည် ဘဘလျှူနန်ကျင်းထက် အကြီးအကဲအုပ်စုခေါင်းဆောင်ဖြစ်သည်မှာ စောနေမိသည်။

"ဘဘလျှူနန်ကျင်းဟာ အသက်သာငယ်ပေမယ့် သိုင်းပညာမှာတော့ သိပ်ထူးချွန်ပြောင်မြောက်ခဲ့တယ်၊ ခြောက်လ တစ်ကြိမ်ကျင်းပတဲ့ သိုင်းပြိုင်ပွဲမှာ ခုနစ်ကြိမ်တိုင်တိုင် ဆက်တိုက် အောင်ပွဲခံခဲ့တယ်၊ နန်းတွင်းအုပ်စုထဲကို ပြောင်းလဲခံယူနိုင်ခွင့်ရှိပေမယ့် အကြီးအကဲအုပ်စုရဲ့ လုပ်ငန်းဆောင်တာတွေအပေါ် အလွန် ဂုဏ်ယူစိတ်ကြီးမားတဲ့အတွက် နန်းတွင်းအုပ်စုဆီကို လက်မပြောင်းခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘဘလျှုနန်ကျင်းရဲ့ အသက်ဟာ အခု ဘယ်လောက်ရှိပြီလဲ"

တောင်တင်းရယ်က ...

"ရွှေမြို့တော်ကြီးမှာ ဘုရင် နှစ်ဆက်ပြောင်းသွားပြီဆိုတော့ သူ ဘယ်လောက်အသက်ကြီးနေပြီလဲဆိုတာ ရှင်ပဲ ခန့်မှန်းကြည့်တော့လေ"

ကွမ်ယု ပခုံးတွန့်လိုက်မိလေ၏။

"ဘဘလျှုနန်ကျင်းဟာ အသက်အတော်ကြီးနေမှာပဲ၊ ဘယ်လိုနည်းတွေနဲ့ အသက်ရှည်အောင်လုပ်ထားနိုင်သလဲ မသိဘူး"

"ဘဘလျှုနန်ကျင်းဟာ ဇီဝသဘာဝကိုက သိုင်းပညာပါရမီကြီးတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အတွင်းအားအရာမှာလည်း တူမတူအောင် မြင့်မားနက်ရှိုင်းလှတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဆေးပညာလည်း တတ်ကျွမ်းနှံ့စပ်ပါတယ်၊ သူဟာ သတိပြုပြီး ထိန်းကျောင်းနေတဲ့အတွက် အခုအထိ ကျန်းမာသန်စွမ်းဆဲပါပဲ"

သူတို့ စကားတပြောပြောနှင့် နန်းတော်ဟောင်းကြီးဆီသို့ ဆိုက်ရောက်လာလေ၏။ လှေခါးထစ်များကို တစ်ထစ်ချင်း နန်းတက်ခဲ့ကြသည်။ လှေခါးထစ်များမှာ မြင့်မားလှပြီး ဟောင်းနွမ်းနေသော်လည်း ဖုန်ချေးမတင်ဘဲ ရှိနေသည်ကို အံ့သြစွာ တွေ့ရှိကြရသည်။

တစ်စုံတစ်ယောက်က သန့်ရှင်းအောင် အမြဲတမ်း လှည်းကျင်းနေပုံရပေသည်။

ကွမ်ယုသည် ရင်ပြင်ရှိရာသို့ လှမ်းတက်လာသည်။

နန်းရင်ပြင်ရှေ့ရှိ မြင်ကွင်းက ကွမ်ယု၏ အာရုံကို သိမ်းကျုံး



ဆွဲငင်ထားလိုက်လေ၏။

ဆံပင်ရှည်ကြီးသည် ဆွတ်ဆွတ်ဖြူလျက် ရှိနေပေသည်။ ဖြူဖွေးသော ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်သည် နန်းရင်ပြင်အဝကို ကျောပေးလျက် သိုင်းကွက်ထုတ်ကာ လေ့ကျင့်ကစားနေပေသည်။

တောင်တင်းရယ်၊ ကွမ်ယုနှင့် ဟန်ရှင်တို့သည် လှေကားထစ်များကို နင်းတက်လာပြီး ထိုရင်ပြင်ရှိရာသို့ ဝင်လာသည်။

အဘိုးအိုသည် တင်ပျဉ်ခွေထိုင်ပြီး သိုင်းကွက်ကစားနေသည်။ ထို့နောက် ထိုင်ကစားနေရာမှ ဆုံလည်လှည့်သကဲ့သို့ ချာခနဲလှည့်ကာ တောင်တင်းရယ်တို့နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အဘိုးအိုသည် ခြေသိမ်များကြားပြီး လှည့်လာခြင်း ဖြစ်သည်။ သူသည် မျက်စိကို စုံမှိတ်ထားရာ တောင်တင်းရယ်တို့ကို မမြင်နိုင်ပေ။

သို့သော် ... သူ့လက်များက သိုင်းကစားမပျက်ပေ။ သိုင်းကွက်များကို ထုတ်ဖော်နေသည်။

ကွမ်ယုသည် ရုတ်တရက် တွေ့မြင်လိုက်ရစဉ်က လက်နှစ်ဖက်ကို မြှောက်၍ အခြေခံသိုင်းကွက်များကို ထုတ်ဖော်ကစားနေသည်ဟု ထင်ရသည်။

အသေအချာကြည့်လိုက်သောအခါတွင် ...

"အဲဒါ ... ဘဘလျှုနန်ကျင်းပဲ"

တောင်တင်းရယ်က တိုးညင်းသော လေသံဖြင့် ပြောလေသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုသည် ဟင်ခနဲ ဖြစ်သွားၡ၏။

အဘယ်ကြောင့်ဆိုသော် ဘဘလျှုနန်ကျင်း၏ လက်များကြားတွင် အနက်ရောင်ခေါကောက် သုံးချောင်းကို တွေ့လိုက်ရသောကြောင့်တည်း။

ပထမတွင် ကွမ်ယုသည် ခေါများကို မမြင်မိချေ။ အသေအချာကြည့်မှ မြင်ခြင်းဖြစ်သည်။

ခေါနက် ခေါကောက်သုံးချောင်းသည် အရိပ်များ ဖြာထွက်လျက် ရှုပ်ပွေလျက်ရှိသည်။ ခေါများ ပုံသန်းနေပုံမှာ အလွန်လျင်မြန်လှသဖြင့် သုံးချောင်းလော၊ သုံးချောင်းထက် ပိုသလောဟု သာမန်လူများ မသိနိုင်ပေ။

ကွမ်ယုသည် ခေါနက်ခေါကောက်သုံးချောင်းကို ငေးမောကြည့်နေမိ၏။ ထိုခေါနက်သုံးချောင်းကို သူ ယခင်က မြင်ဖူးသလိုလို ဖြစ်နေသည်။ သူ၏ပိုးတဝါးအာရုံများ၌ ခေါနက်များကို မြင်ဖူးသလိုလို ရှိနေသည်။ ထိုစဉ်ကာလ ကလေးဘဝ၌ ထိုခေါနက်များကို မြင်ဖူးခြင်းဖြစ်သည်ဟု ပြန်လည် အမှတ်ရလာ၏။

ကွမ်ယုသည် ခေါနက်များ ကစားနေသည့် ဘဘလျှုနန်ကျင်းကို မှင်တက်လျက် ငေးမောကြည့်နေမိ၏။ ဤသို့ ခေါနက်များကို မြင်ဖူးခဲ့သည်ဟု သိခြင်းမှာ ယခု ဘဘလျှုနန်ကျင်းကို မြင်တွေ့လိုက်ရ၍သာ ဖြစ်သည်။

အိပ်မက်လိုလို ငယ်စဉ်ကလိုလို ကွမ်ယုမှာ မျက်စိထဲတွင် မြင်ယောင်နေမိ၏။

ခေါနက်ခေါကောက်သုံးချောင်း။



ယခု ကိုယ်တွေ့မျက်မြင် မြင်နေရလေပြီ။

ခေါကောက်သုံးချောင်း၏လှုပ်ရှားမှုမှာ သူ ငယ်စဉ်က မြင်ရသည့် လှုပ်ရှားမှုအတိုင်းပင်။

ဟုတ်ပါပြီ ... ခေါကောက်သုံးချောင်း ... ဤအတိုင်းပင်။

အားလုံး ထပ်တူထပ်မျှ။

ကြည့် ... ခေါတစ်ချောင်းသည် ခေါတစ်ချောင်းနောက်သို့ လိုက်လျက်ရှိနေ၏။ မြွေတစ်ကောင်က သူ့အမြီးကို ပြန်မျိုနေသည့်ပုံမျိုး။

ထိုစဉ် ... ဘဘလျှုနန်ကျင်း၏မျက်လုံးသည် ပွင့်လာ၏။ သူသည် တောင်တင်းရယ်ကိုလည်း မကြည့်၊ ဟန်ရှင်ကိုလည်း မကြည့်ချေ။ ကွမ်ယုတစ်ယောက်တည်းကိုသာ ကြည့်နေ၏။

ထို့နောက် ...

လျှုနန်ကျင်းသည် ခပ်တိုးတိုး လှမ်းပြောလိုက်လေ၏။

သူ ခပ်တိုးတိုးပြောသည့်အသံမှာ ကြည်မြပီသလှသည်။

“ငါ့သား ... မင်း ... ခေါနက်သုံးချောင်းကို မှတ်မိပြီလား”

ထိုကြည်မြပီသလှသော မေးခွန်းကို ကြားလိုက်ရသောအခါ ကွမ်ယုသည် တစ်ကိုယ်လုံး တုန်တက်သွားလေ၏။ သူသည် အလွန် ချောက်ချားသွားသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၈၁)

# အတိတ်ကို တူးဖော်ခြင်း

ကွမ်ယုသည် ရင်ထဲမှ ခုန်တက်လာသော စကားအချို့ကို မတားဆီးနိုင်လိုက်ချေ။

"ဗျာ ... ဗျာ ... ကျွန်တော် ... ကျွန်တော် မှတ်မိ ... မှတ်မိပါတယ်၊ ကျွန်တော် ငယ်ငယ်က ..."

ကွမ်ယု၏စကားသံသည် ထိုမျှနှင့် ရပ်တန့်သွားလေ၏။ လည်ချောင်းဝတွင် တစ်ဆို့ကြီး ဖြစ်ကျန်ရစ်ခဲ့သည်။

သူ့ရင်ထဲတွင် ပြောစရာစကားများ ဒုနှင့်ဒေးပင်။

"ပြော ... ဆက်ပြော"

ဟိန်းထွက်နေသောစကားသံက ထပ်မံထွက်ပေါ်လာသည်။ ထိုစကားသံမှာ လျှုံနန်ကျင်းထံမှ ထွက်ပေါ်လာသော စကားသံ ဖြစ်လာသည်။ ကွမ်ယုက ...

"ကျွန်တော်ငယ်ငယ်က အိပ်မက် ..."

ထိုအခါ လျှုံနန်ကျင်း၏စကားသံများက ဖြတ်တောက်ပစ်လိုက်၏။ လျှုံနန်ကျင်းက ဆက်ပြောလေ၏။

"အိပ်မက် မဟုတ်ပါဘူး ငါ့သား၊ မင်းက အိပ်မက်လို့ ထင်နေတယ်၊ အဲဒါ အိပ်မက် မဟုတ်ဘူး၊ တကယ့်အဖြစ်မှန်ပဲ၊ မင်း



ငယ်စဉ်ဘဝကို မင်းမေ့နေတာ၊ မင်း ခေါင်းကို ကြည်ကြည်လင်လင် ထားပြီး အတိတ်ကို ပြန်စဉ်းစားလိုက်ရင် မင်းရဲ့ငယ်စဉ်ဘဝတွေ ပြန်ပေါ်လာလိမ့်မယ်"

ကွမ်ယုသည် သူ့ ငယ်စဉ်ကာလကို ပြန်လှန်တွေးတောလေသည်။

"မင်းမှာ ကွမ်ယုဆိုတဲ့ အမည်တံဆိပ်ပါတဲ့ ရွှေပြားလေး မရှိတော့ဘူးလား"

ထိုစကားသည် ကွမ်ယု၏ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သလို ကျဉ်ခနဲ ဖြစ်သွားလေ၏။

ကွမ်ယုတွင် ကွမ်ယုဆိုသော စာလုံးတံဆိပ်ရိုက်ထားသည့် ရွှေပြားကလေးရှိ၏။ သို့သော် ထိုရွှေပြားကလေး ရှိနေကြောင်းကို သူ၏မိဘနှစ်ပါးမှလွဲ၍ မည်သူမျှ မသိကြချေ။ သူ့မိဘနှစ်ပါးကလည်း မည်သူမျှမသိအောင် လျှို့ဝှက်ထားခဲ့ကြ၏။ သူတို့ကိုယ်တိုင်ပင် အထူးဂရုစိုက် လျှို့ဝှက်ထားခဲ့သည်။

ယခု မျောက်စမ်းချောင်း ရွှေမြို့တော်၏ မြို့တော်ဟောင်းကြီးတွင် တစ်ဦးတည်းနေထိုင်သော လျှုံနန်ကျင်းဆိုသည့် သိုင်းသမားကြီးက ကွမ်ယုထံတွင် ထိုရွှေတံဆိပ် ရှိနေသည်ကို အဘယ်သို့ သိနေပါသနည်း။

ကွမ်ယုအမည်ရှိသော ထိုရွှေပြားကို ရွှေကြိုးတစ်ချောင်းနှင့် ချည်နှောင်ပြီး လက်မောင်းအောက်တွင် ထားရှိသည်။ တော်ရုံတန်ရုံလူသည် ရွှေပြားရှိသည် မမြင်နိုင်ချေ။

ကွမ်ယု၏မိဘများသည် ကွမ်ယုကို ရေချိုးပေးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



တွင် လူသူမရှိသောနေရာ၌ ရေချိုးပေးသည်။ ကြီးသောအခါတွင်လည်း ကွမ်ယုမှာ လူသူမရှိသည့်အချိန်အခါမှ ရေချိုးတော့သည်။

"ကွမ်ယုအမည်ပါတဲ့ ရွှေတံဆိပ်ပြား ကျွန်တော့်မှာရှိတဲ့အကြောင်း ဘဘလျှုနန်ကျင်း ဘယ်လိုလုပ်ပြီး သိနေပါသလဲ ခင်ဗျာ၊ ကျွန်တော် အလွန်ပဲ အံ့အားသင့်မိပါတယ်"

ကွမ်ယုသည် အံ့ဩစွာ မေးလိုက်မိ၏။

လျှုနန်ကျင်းသည် အသံကို အနည်းငယ်နှိမ့်လိုက်၏။ ဤရွှေနယ်မြေရှိသောသူများ၏ စကားဝဲပုံနည်းအတိုင်း အနည်းငယ်ဝဲသည်။ လေသံဖြင့် တစ်လုံးချင်း ပြောပြလေတော့၏။

"မင်းရဲ့ ငယ်ဘဝအစပိုင်းဟာ ငါ့လက်ထဲမှာ ကြီးပြင်းလာခဲ့တာကွယ့်၊ မင်းဟာ မျောက်စမ်းချောင်း ရွှေနယ်မြေရဲ့ အရေးကြီးတဲ့အဆက်အနွယ်ပဲဆိုတာ မင်းကိုယ်မင်း မှတ်ထားလိုက်ပါ။ အခု မင်းဒီကိုရောက်လာတာဟာ တိုက်ဆိုင်မှုလို့ ထင်နေသလား၊ မထင်နဲ့ ငါ့သား ... မထင်နဲ့၊ အခု မင်း ဒီကိုရောက်လာတာဟာ ဘဘရဲ့ အစီအစဉ်နဲ့ ခေါ်ယူလိုက်လို့ မင်းရောက်လာတာပါ"

လျှုနန်ကျင်း၏အသံသည် ကွမ်ယု၏နားထဲ၌ ပဲ့တင်ထပ်နေတော့သည်။

ကွမ်ယုတစ်ယောက် ကျောက်ဖြစ်ရုပ်ကြွင်းအလား ကြက်သေသေနေလေပြီ။ ပါးစပ်အဟောင်းသားဖြစ်လျက် ရှိနေသည်။ ဤနေရာသို့ သူရောက်လာခြင်းမှာ တိုက်ဆိုင်မှုတစ်ခုဟု သူ ထင်ခဲ့သည်။ ယခု ဘဘလျှုနန်ကျင်းက အစီအစဉ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်ဟု ဆိုနေလေပြီ။



ကွမ်ယုမှာ မစဉ်းစားတတ်တော့ပေ။

ဘဘလျှုနန်ကျင်းက အမိန့်ပေးသည်။

"မင်း အခု ဘာမှမစဉ်းစားနဲ့ဦး"

လျှုနန်ကျင်းသည် ဓားသုံးချောင်းအပေါ်သို့ အတွင်းအားကို တိုးမြှင့်လိုက်သည်။ လျှုနန်ကျင်းသည် ဓားကို ပစ်ထုတ်လိုက်၏။ ဓားကို ပစ်ထုတ်လိုက်သည်ဟု မထင်ရပေ။

ဓားသည် ကွမ်ယု၏ခေါင်းပေါ်သို့ ဝှစ်ခနဲ ပြေးထွက်လာပြီး တစ်ပတ်ဝဲထွက်သွားသည်။ ကျန်သောဓားနှစ်ချောင်းမှာလည်း လျှုနန်ကျင်း၏ လက်ဝဲဘက် လက်ယာဘက်မှ ခွဲထွက်သွား၏။ ထိုဓားများလည်း နန်းတော်တိုင်လုံးကြီးများအကြား တဝိုးဝိုး ဖြတ်သန်းသွားကြပြီး နောက်ဆုံး လျှုနန်ကျင်း၏လက်ထဲသို့ ပြန်လည် ရောက်ရှိသွားလေ၏။

ဓားများမှာ ဓားကောက်များဖြစ်ခြင်းကြောင့် ဝှေ့ဝဲတုတ်ကောက်များကို ပစ်လွှတ်သောအခါ မူလပိုင်ရှင်ထံ ပြန်ရောက်သကဲ့သို့ ဘဘလျှုနန်ကျင်းထံ ပြန်ရောက်ခြင်းဖြစ်လေသည်။ ဓားကောက်များ၏သတ္တိကတော့ တုတ်ကောက်များနှင့် ခြားနားပေသည်။ လည်မျိုကို ဖျတ်ခနဲ ဟက်သွားပြီး မူလပိုင်ရှင်ထံသို့ ပြန်ရောက်သွားမည်ဖြစ်၍ ဓားကောက်နှင့်အပစ်ခံရသူများမှာ သေဆုံးနိုင်ပေသည်။

ဘဘ လျှုနန်ကျင်းက ...

"ဒါဟာ ဝိညာဉ်သွင်း အရိပ်ပျောက် ဓားပျံတိုက်ကွက်ပဲ၊ ဒါဟာ ဝိညာဉ်သွင်းသိုင်းပညာရှင်ကြီးရဲ့ အခြေခံတွေပေါ့၊ ဒီတိုက်ကွက်ဟာ ငါ့သား အခုမှ တွေ့ရတဲ့ တိုက်ကွက်မဟုတ်ပါဘူး။ ငါ့သား ငယ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းက တွေ့ဖူးကြုံဖူးတဲ့ တိုက်ကွက်ပါ၊ နောက်ကျရင် ငါ့သားကိုယ်တိုင် သင်ယူထိန်းသိမ်းရမယ့် ပညာတွေပါပဲ၊ ကဲ ... အခုတော့ ခဏအနားယူပေတော့၊

တောင်တင်းရယ် ... ကလေးတွေကို နားဖို့ ကြည့်ရှုစီမံပေးလိုက်ပါကွယ်"

ထိုသို့ပြောပြီးသည်နှင့် သူသည် တင်ပျဉ်ခွေ ထိုင်လျက်မှ ချာခနဲ လည်သွားသည်။ တောင်တင်းရယ်တို့ကို ကျောပေးလျက် လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

တောင်တင်းရယ်သည် လျှို့နန်ကျင်း၏ ထိုအပြုအမူမျိုးကို အမြဲတမ်း ထိတွေ့နေပုံရသည်။ တောင်တင်းရယ်က ...

"ကွမ်ယုရေ ... လာ ... လာ ... ဒီနန်းတော်ဟောင်းမှာ အခန်းတွေ အများကြီးရှိတယ်၊ အဲဒီမှာ နားနားနေနေနေနိုင်တဲ့ အခန်းတွေရှိတယ်"

ကွမ်ယုသည် လျှို့နန်ကျင်းကို တစ်ချက်ကြည့်လိုက်သည်။

လျှို့နန်ကျင်းကား လုံးဝ ငြိမ်သက်နေသည်။

ထို့ကြောင့် တောင်တင်းရယ်ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေ၏။ တောင်တင်းရယ်က ဆက်လက်ပြောသည်။

"ကျွန်မတို့ နားနေခန်းထဲမှာ အရေးကြီးတဲ့ အကြောင်းတွေ ပြောပြပါမယ်၊ ကွမ်ယုအတွက် ဘဝအချိုးအကွေ့တွေပေါ့၊ အဲဒီမှာ သိစရာဖြစ်စရာ သဲလွန်စတွေရှိတယ်၊ ရှင် အဲဒီအခန်းမှာ သိချင်တာတွေ မေးပေတော့၊ ကျွန်မ ရှင်းပြပါ့မယ်"

တောင်တင်းရယ်သည် နန်းတော်ကြီးအတွင်း ဝင်လာသည်။



နန်းတော်ကြီး၏ ဖွဲ့စည်းပုံမှာ ပဟေဠိဆန်လှပေသည်။ ရုတ်တရက်ကြည့်လျှင် အခန်းဆုံးနေပြီဟု ထင်ရသော်လည်း အနီးသို့ ရောက်သွားသည့်အခါ အချိုးအကွေ့တစ်ခု ရှိနေကြောင်း မထင်မှတ်ဘဲ တွေ့မြင်ကြရသည်။ ဤသို့ အချိုးအကွေ့သုံးခုမျှ ဖြတ်သန်းပြီးသောအခါ နားနေကြရမည့်အခန်းကြီးထဲသို့ ရောက်ရှိလာလေတော့သည်။

နားနေခန်းထဲတွင် ကျောက်ဖြူသား သလွန်ငါးခုကို တွေ့ရသည်။ အတန်ငယ်မြင့်သော သလွန်ကို အတန်ငယ်နိမ့်သော သလွန်လေးခုက စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ဝိုင်းပုံထားလေ၏။

တောင်တင်းရယ်သည် အတန်ငယ်မြင့်သော သလွန်ကို သားမွေးယပ်ဖြင့် လှည်းကျင်းပေးပြီး အနီးရှိ ကတ္တီပါမွေးပွကြီးကို ခင်းကျင်းပေးသည်။

"ကွမ်ယု ... ရှင် ထိုင်ပါ"

ကွမ်ယုမှာ ဘုမသိ ဘမသိဖြင့် ထိုင်ချလိုက်၏။

ကွမ်ယုစိတ်ထဲတွင် တောင်တင်းရယ်နှင့် ဟန်ရှင်တို့သည် အသင့်အတင့်မျှသာမြင့်သော သလွန်များပေါ်၌ ထိုင်မည်ဟု ထင်လိုက်၏။ သို့သော် တောင်တင်းရယ်သည် ဟန်ရှင်အတွက် ကော်ဇောတစ်ချပ်ကိုလည်းကောင်း၊ သူမအတွက် ကော်ဇောတစ်ချပ်ကိုလည်းကောင်း ကြမ်းပြင်တွင် ခင်းလိုက်သည်။ ကွမ်ယုက ...

"ဟင် ... ခင် ... ခင်ဗျားတို့လည်း သလွန်ပေါ်မှာ ထိုင်ပါလားဗျာ၊ ကျွန်တော် ... ကျွန်တော်က အပေါ်ကဆိုတော့ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



တောင်တင်းရယ်က လက်ကာပြလေ၏။

"ကျွန်မက အကြီးအကဲအုပ်စုဝင် ဖြစ်ပါတယ်၊ ဟန်ရှင်က တော့ ရွှေနယ်မြေပြင်ပက လူစိမ်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်မနဲ့ ဟန်ရှင်က အောက်မှာထိုင်တာပါ။ ဒီသလွန်ကတော့ နန်းတွင်းအုပ်စု ဝင်များသာ ထိုင်ရပါတယ်"

"ဟင် ... ဒါဆို ကျွန်တော်က နန်းတွင်းအုပ်စုကလား"

ကွမ်ယုက အံ့သြစွာမေးလိုက်၏။

"ကွမ်ယု ... ရှင်ဟာ နောက်တော့ ရှင့်ကိုရှင် ဘယ်သူဆိုတာ သိလာပါလိမ့်မယ်၊ အခု ကျွန်မပြောပြနိုင်တာကတော့ ရှင်ဟာ ထိပ် တန်းနန်းတွင်းသားဆိုတာပါပဲရှင်"

ကွမ်ယုမှာ မည်သည့်စကားမျှ ပြန်မပြောနိုင်အောင် ဖြစ် သွားလေ၏။

တောင်တင်းရယ်သည် အနီးရှိ ကျောက်စိမ်းစားပွဲပေါ်မှ တရုတ်ဖျပ်စောင်းကိုယူပြီး ကြိုးညှိလိုက်၏။ စောင်းသံသည် တိတ် ဆိတ်နေသော အခန်းတွင်း၌ တုန် ဟည်းသွားသည်။

တောင်တင်းရယ်သည် စောင်းသံကို ဖြတ်ချလိုက်ပြီး ကွမ်ယု အား လှမ်းပြောလေ၏။

"ကွမ်ယု ... ရှင်ရဲ့ လက်ဝဲဘက်နံရံကို လှမ်းကြည့်လိုက်စမ်း ပါ"

ကွမ်ယုသည် လှမ်းကြည့်လိုက်၏။

နံရံတွင် ပိုးသား၌ ရေးခြယ်ထားသော ပန်းချီကားချပ် များစွာကို ချိတ်ဆွဲထားကြောင်း တွေ့ရလေ၏။



"အခု ကျွန်မက စောင်းတီးပါ့မယ်၊ ဒီစောင်းဟာ အလကား စောင်း မဟုတ်ဘူး။ ရှင် အတိတ်ကို ပြန်စဉ်းစားတဲ့အခါမှာ အကူအညီ ပေးမယ့်စောင်း ဖြစ်ပါတယ်၊ ရှင် နံရံပေါ်က ပန်းချီကားတွေကိုကြည့် ပါ၊ ရှင့်အတိတ်ကို ပြန်လည် တူးဖော်လို့ ရမယ်လို့ ကျွန်မ ယုံကြည်ပါ တယ်"

စကားဆုံးသောအခါ တောင်တင်းရယ်သည် သူမလက်ထဲမှ စောင်းကို တီးခတ်လေတော့သည်။

စောင်းသံသည် အိပ်မက်တံခါးများကို တွန်းဖွင့်သွားလေ သည်။ စောင်းသံက ပဲ့တင်ထပ်ပြီး နီးလာလိုက် ဝေးသွားလိုက် ဖြစ် နေသည်။ ကာယကံရှင် ကွမ်ယုမပြောနှင့် ဟန်ရှင်ပင် စောင်းသံထဲ နစ်မြောသွားသည်။ စောင်းကြိုးလှုပ်ရှားမှုများသည် .တေးသံဖြစ် လာပြီး သူတို့၏ နားနေခန်းကို ပုတ်ခါနေတော့သည်။

ကွမ်ယုသည် မည်သည့်အချိန်က နံရံဆီသို့ ထသွားမိပြီး ပန်းချီကားများကို ငေးကြည့်နေမိသည် မသိချေ။

ပန်းချီကားတွင် သစ်ပင်များ၊ တောတောင်များ၊ ပန်းပွင့် များ၊ လိပ်ပြာများ၊ တိမ်စိုင်တိမ်ခဲနှင့် တောင်တန်းများ။

ထိုသဘာဝအလှများထဲတွင် လူပေါင်းများစွာ ...။

ထိုလူများက ဓာတ်လမ်းတစ်ပုဒ်ကို စီကာပတ်ကုံး ပြောပြ နေသည်။ တရုတ်ပြည် မြေပြန့်လွင်ပြင်။

သိုင်းအကျော်အမော်ငါးဦး ...သူငယ်ချင်း ငါးယောက်။

သိုင်းအကျော်အမော် ငါးဦးကား အလွန်ရင်းနှီးသော သူငယ် ချင်းငါးယောက်သာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မြေပြန့်တစ်ဝှမ်းတွင် အခြေအနေများက ဖရိုဖရဲအပြုံပြုံအကွဲကွဲ ဖြစ်နေချိန်။

ဥစ္စာနေကြွယ်ဝသူများက ငွေကြေးဓနအားကိုဖြင့် ကြီးနိုင်ငယ်ညှဉ်း လုပ်နေကြသည်။ ခါးပိုက်ဆောင်တပ်ဖွဲ့များ ဖွဲ့စည်းထားပြီး ကိုယ့်အစု သူ့အစုတပ်ဖွဲ့များဖြင့် မရှိဆင်းရဲသားများကို လိုက်လံညှဉ်းပန်းနေချိန်။

ဥစ္စာနေချမ်းသာသူသာ အရေးပါအရာရောက်သူ ဖြစ်ခြင်း၊ ပကာသနနှင့် ပလွှားမှုများ အလွန်အကျွံ ခေတ်စားနေခြင်း၊ ပညာရှိများမှာ နှိမ့်ချဆက်ဆံခံရခြင်း အခြေအနေများသာ ဖြစ်ပွားနေချိန်။

ဘုရင်မင်းမြတ်၏ ဗိုလ်မှူးစစ်ကြဲပ်၊ ရဲမက်များကလည်း အာဏာကို အလွဲသုံးစားပြုခြင်း၊ ငွေရှင်ကြေးရှင် ဥစ္စာဓနရှင်များ၏ လက်ကိုင်တုတ်ဖြစ်ခြင်း၊ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်ခြင်း စသည်တို့ဖြင့် ဖောက်ပြန်ပျက်စီးနေသည့်အချိန်။

သိုင်းအကျော်အမော်ငါးဦးသည် ထိုစာရိတ္တပျက်ပြားမှု၊ အကျင့်ဖောက်ပြန်မှု၊ လူမသမာများ ထိပ်တန်းရောက်နေမှုများကို မနှစ်မြို့က်သောကြောင့် စုပေါင်းတိုင်ပင်ကာ နယ်မြေသစ်ရှာရန် ဆုံးဖြတ်လိုက်ကြသည်။

သိုင်းအကျော်အမော်ငါးဦးသည် မိမိတို့၏ဇနီးများ၊ အခြွေအရံများ၊ ဆွေမျိုးများကို စုပေါင်းခေါ်ငင်ပြီး သစ်ပင်သစ်တောထူထပ်သည့် မြွေခုနစ်ကောင်ကောင်တန်းဆီသို့ ခရီးရှည်ထွက်ခဲ့ကြလေ၏။

မြွေခုနစ်ကောင်တောင်တန်းကြီးမှာ ...

သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်ခြင်း၊ လျှိုမြောင် ချိုင့်



ဝှမ်း၊ စိမ့်စမ်း ရေတံခွန်များရှိခြင်း၊ သားရဲတိရစ္ဆာန်များ များပြားစွာရှိခြင်း။ လူသူအရောက်အပေါက် နည်း ခြင်း ... စသည့်သဘာဝများကို သိုင်းအကျော်အမော်ငါးဦးစလုံး ကြားသိကြရသဖြင့် သူတို့၏ ဦးတည်ရာကို မြွေခုနစ်ကောင်တောင်တန်းဆီသို့ လှည့်လိုက်ခြင်း ဖြစ်သည်။

ထိုသို့ ခရီးရှည်ထွက်ခွာရာတွင် သူတို့ပိုင်ဆိုင်ခဲ့သော ရွှေငွေကျောက်သံပတ္တမြားကိုသာမက ပရိဘောဂအသုံးအဆောင်များကိုပါ မြင်းရထားကြီးများဖြင့် တစ်ပါတည်း တင်ဆောင်ခဲ့ကြလေသည်။

သိုင်းအကျော်အမော်ငါးဦး၏ ဆွေစဉ်မျိုးဆက်များ စုပေါင်းထွက်ခွာလာသည်ကို စိတ်မှန်းဖြင့် မှန်းဆကြည့်ပါ။

မည်မျှ လူအင်အားများမည်ကို သိရှိနိုင်ပါသည်။

လမ်းခရီးတစ်လျှောက်ကား အေးချမ်းမှုမရှိသော လမ်းခရီးတစ်လျှောက် ဖြစ်ပါသည်။

တစ်တိုင်းပြည်လုံး ဆူပွက်နေသဖြင့် တောပုန်းဓားပြများကို လမ်းခရီးတိုင်း၌ သိုင်းအကျော်အမော်ငါးဦးတို့ ဆုံတွေ့ကြရပါသည်။

တောပုန်းဓားပြများအားလုံး ရှုံးနိမ့်သွားကြပါသည်။

သူတို့သည် မြွေခုနစ်ကောင်တောင်ကြီးအနီးသို့ နီး၍ နီး၍ လာပါတော့သည်။

သူတို့၏ အိမ်ထောင်ပရိဘောဂများမှာ မြွေခုနစ်ကောင်တောင်ကြီးအတွင်းသို့ ဝင်သောအခါ မသယ်နိုင်ကြတော့ပါ။

ထိုအခါ ကျောက်သံပတ္တမြားများကိုသာ ကျစ်ကျစ်လျစ်လျစ် သယ်ဆောင်ရတော့သည်။

သူတို့သည် မြွေခုနစ်ကောင်တောကြီးအတွင်း မြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အထားကောင်းသော ဒေသတစ်ခုကို တွေ့ရှိခဲ့ပါသည်။

ရာသီဥတု အခြေအနေကလည်း ကောင်းသည်။ နေရာဒေသမှာလည်း ကောင်းသည်။ စမ်းရေများကလည်း ပေါသည်။ ထိုနေရာတွင် အခြေစိုက်ရန် အားလုံးကသာ သဘောတူလိုက်ကြသည်။

ထိုနယ်မြေကို 'မျောက်စမ်းချောင်းမြို့တော်' ဟု အမည်ပေးလိုက်ကြသည်။

ထိုအချိန်မှစ၍ 'မျောက်စမ်းချောင်း ရွှေနယ်မြေ' ၏ သမိုင်းသည် စတင်လေတော့သည်။

တောင်တင်းရယ် တီးခတ်နေသော စောင်းသံများသည် အတိတ်မှ ပုံရိပ်များကို တူးဖော်ပေးနေသည်။

နံရံမှ ပန်းချီကားများကလည်း ထိုအကြောင်းများကို သရုပ်ဖော်ထားခြင်းဖြစ်ရာ ကွမ်ယုသည် ရွှေမြို့တော်၏သမိုင်းကြောင်းကို ဝိုးတဝါး သိမြင်လာတော့သည်။

ရှိုးရှိုးရိပ်ရိပ် အသက်ဝင်လာသော ထိုပန်းချီကားများတွင် သူ၏ မိဘမျိုးရိုး၏ ရုပ်ပုံလွှာများကိုလည်းကောင်း၊ သူ၏ငယ်စဉ်ဘဝ ရုပ်ပုံလွှာကိုလည်းကောင်း တွေ့မြင်ရပြီဟု ထင်မြင်လာမိသည်။

စောင်းသံသည် ဆက်လက်လွင့်မျောနေသည်။

ကွမ်ယုသည် စောင်းသံ၌ နစ်မျောရင်း သူ့ဘဝကို မှတ်မိတစ်လှည့် မမှတ်မိတစ်လှည့်ဖြင့် အတွေးလိပ်ပြာ ပျံ့ဝဲနေတော့သည်။

၀၀၀



(၈၂)

## ရွှေမြို့တော်သစ် တည်ဆောက်ခြင်း

တောင်တင်းရယ်သည် စောင်းသံကို လျှော့ချလိုက်သည်။

စောင်းသံသည် တိုး၍ တိုး၍ သွားလေသည်။ နောက်ဆုံး စောင်းသံ ရပ်သွားသည်။

အတိတ်ပန်းချီကားချပ်များထဲတွင် ဝေ့လည်နေသော ကွမ်ယုသည် သမင်လည်ပြန်လှည့်လာလေ၏။ သူသည် တောင်တင်းရယ်ကို မေးခွန်းများမေးလိုနေပေသည်။

တောင်တင်းရယ်သည် ဗျပ်စောင်းကို ကျောက်စိမ်းစားပွဲပေါ် အသာအယာပြန်တင်လိုက်၏။

တောင်တင်းရယ်က ...

"ကွမ်ယု ... ရှင်မေးချင်တဲ့မေးခွန်းတွေကို ရှင့်မျက်လုံးထဲမှာ ကျွန်မ မြင်နေရတယ်"

ကွမ်ယု ဝန်ခံလိုက်ရသည်။

"ဟုတ်တယ်၊ ကျွန်တော့်ရင်ထဲမှာ မေးခွန်းတွေ အများကြီးပဲ၊ ရင်ထဲမှာ မေးခွန်းတွေနဲ့ ပြည့်နေတယ်"

"ကျွန်မ သိပါတယ် ... ရှင်ဟာ အတိတ်ကို တူးဖော်တယ်၊ ဒါပေမဲ့ အတိတ်အကြောင်းအရာတွေဟာ ဝိုးဝါးနေတယ်၊ ရှင် သိပ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ချင်နေတယ်၊ ရှင့်မေးခွန်းတွေကို တစ်ခုချင်း ဖြေနေမယ့်အစား အတိတ်က အကြောင်းအရာတွေကို အစအဆုံး ကျွန်မ ရှင်းပြလိုက်ရင် အချိန်ကုန် သက်သာမယ်လို့ ကျွန်မထင်ပါတယ်"

"အဲဒီလိုဆိုရင်တော့ အကောင်းဆုံးပဲလို့ ဆိုရတော့မှာပေါ့ တောင်တင်းရယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မြင်တွေ့ရတဲ့ အတိတ်ပန်းချီတွေက မှုန်ဝါးလွန်းနေတယ်၊ ဘာမှသဲသဲကွဲကွဲ မမြင်ရဘူး။ ကျွန်တော် အသက်ရှူမွန်းကျပ်အောင် ခံစားရပါတယ်"

"စိတ်ချပါရှင် ... ရှင့်ရဲ့အတိတ်ပန်းချီကားတွေ ပီပြင်ထင်ရှားလာရပါစေ့မယ်"

ကွမ်ယုသည် တောင်တင်းရယ်၏ အခန်းကဏ္ဍကို တွေးတောမိလေသည်။ တောင်တင်းရယ်သည် သူ့ဘဝ၌ အရေးပါသည့် ကဏ္ဍမှ ပါဝင်သလောဟု သူ တွေးမိလေသည်။

"တောင်တင်းရယ်က ကျွန်တော့်အကြောင်းတွေကို အတော်ကလေး သိနေတယ်နော်"

ကွမ်ယုက ပြောလိုက်လေ၏။

တောင်တင်းရယ်က ပြုံးသည်။

"မဟုတ်ပါဘူးရှင် ... ကျွန်မရဲ့ အဓိကတာဝန်ကတော့ ရှင့်ကို ရှင်ရဲ့အတိတ်နဲ့ ပြန်လည်ဆက်စပ်ပေးဖို့ပါပဲ"

"ဗျာ ..."

"ဟုတ်ပါတယ်၊ ကျွန်မဟာ ရှင့်ဘဝမှာ အဓိက ကျမကျတော့ ရှင်ဆုံးဖြတ်ပေါ့ရှင်"

"ဟုတ်ကဲ့"



"တစ်နေ့မှာ ရှင်ဟာ မျောက်စမ်းချောင်းမြို့တော်ဟောင်းကို ပြန်ကိုရောက်ရမယ်လို့ ဘဘလျှူနန်ကျင်းနဲ့ ကျွန်မတို့ဟာ သိကိုသိနေပါတယ်၊ အဲဒီအခါမှ ရှင်ဟာ အတိတ်ဘဝနဲ့ အဆက်ပြတ်နေတဲ့ လူဖြစ်နေလိမ့်မယ်၊ အဲဒီအခါမှာ ကျွန်မတာဝန်က 'ဆက်စပ်ပေးသူ' ဖြစ်လာလိမ့်မယ်၊ ကျွန်မဟာ ကြာမြင့်စွာက ရှင်ရဲ့ အတိတ်ဇာတ်ကြောင်းကို မှတ်သား လေ့လာထားခဲ့ရတယ်လေ"

"ဩော် ..."

"ကဲ ... ဘဝကို ပြန်ကောက်ရမယ်ဆိုရင်တော့ မျောက်စမ်းချောင်းမြို့တော်ဟောင်းရဲ့ သမိုင်းဦးကို ရေးခြယ်ခဲ့တဲ့ သူ့ရဲကောင်းငါးဦးအကြောင်းက ပြောရမှာပဲ"

တောင်တင်းရယ်ပြောပြသော သူ့ရဲကောင်း ငါးဦးက စတင်ခဲ့သည့် အတိတ်ဇာတ်ကြောင်းသည် အောက်ပါအတိုင်းဖြစ်လေသည်။

(၁)

သမိုင်းဦး။

မျောက်စမ်းချောင်းမြို့တော်ဟောင်း၏ သမိုင်းဦး။

ထိုသမိုင်းဦးကို ရေးခြယ်ခဲ့သော သူ့ရဲကောင်းများမှာ ငါးဦးတိတိ ရှိလေသည်။

၎င်းတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်၏။

'ရန်တင်း' ... နံပါတ်တစ် အစ်ကိုကြီး။

'ကျွမ်းလုံရှီ' ... နံပါတ်နှစ် အစ်ကိုကြီး။

www.burmeseclassic.com

www.burmeseclassic.com



'မှုပင်ကျို' ... နံပါတ်သုံး အစ်ကိုကြီး။
'ကွမ်မှု' ... နံပါတ်လေး အစ်ကိုကြီး။
'စူစီဝေ' ... နံပါတ်ငါး ညီအငယ်ဆုံး။

သူတို့သည် တရုတ်ပြည် မြေပြန့်တစ်ဝှမ်း၌ အလွန်ကျော်ကြားခဲ့သော သိုင်းသူရဲကောင်းများ ဖြစ်ကြလေ၏။

မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်ဓာတ်၊ အသက်ကို ပဓာနမထားသောသတ္တိ၊ သိုင်းပညာကို အလွန်ထူးချွန်အောင် ကြိုးစားသော ဇွဲလုံ့လ ဝီရိယ၊ မည်သူ့ကိုမျှ ထိမထင်သော ရဲမာန်တို့ကြောင့် နန်းတော်ကြီးအတွင်းမှပင် သိုင်းသူရဲကောင်းငါးဦးထံသို့ ရဲမက်စေတမန်များ စေလွှတ်ကာ တစေ့တစောင်း ထောက်လှမ်းခြင်း၊ ပြောင်ပြောင်တင်းတင်းပင် အမိန့်ထုတ်ကာ 'မထောင်လွှားကြနဲ့' ဟု ခြိမ်းခြောက်တားမြစ်ခြင်းတို့ကို ပြုရလေသည်။

သူတို့ ထင်ရှားကျော်ကြားသောအချိန်မှာ အချိန်အခါမဟုတ် ကျော်ကြားခြင်းဖြစ်သည်။ တိုင်းပြည်ကြီး ဆူပူမငြိမ်မသက်ဖြစ်နေသောကာလ၌ ကျော်ကြားခြင်းဖြစ်၍ အခါပွင့်သော ပန်းကဲ့သို့ အရေးမလှ ရှိကြလေသည်။

ရန်တင်း၊ ကျွန်းလုံချီ၊ မှုပင်ကျို၊ ကွမ်မှုနှင့် စူစီဝေဟူသော သူရဲကောင်းငါးယောက်သည် 'ခြသေ့အင်ခြင်း' တောင်ထွတ်၌ တိတ်တဆိတ် ချိန်းတွေ့ကြလေသည်။ သူတို့၏ ရှေ့ရေးကို တိုင်ပင်ဆွေးနွေးကြလေသည်။ ရန်တင်းက ...

"ငါတော့ ဒီနယ်မြေကို စိတ်ကုန်ပြီ"

မှုပင်ကျိုက မေးလေသည်။



"ဘယ်နယ်မြေလဲ"

"ဒီမြေပြန့်ဒေသပေါ့၊ အမှန်တရား ဆိတ်သုဉ်းနေပြီဖြစ်တဲ့ ဒီဒေသကို ငါတော့ စွန့်ခွာချင်ပြီ"

"ဟုတ်တယ်၊ အမှန်တရား မရှိတော့တဲ့နောက် ဘာတရား ရှိတော့မှာလဲ၊ အမှားတရားပဲ ရှိတော့မှာပေါ့၊ သေတာကောင်းပါတယ်လေ"

ကျွမ်းလုံချီက ...

"ဦးနေလို့ မပြီးသေးဘူးကွ၊ ရှေ့ဆက် ဘယ်လိုလုပ်မယ်ဆိုတာ အဖြေရဖို့လိုတယ်၊ ငါတို့ကို 'မထောင်လွှားကြနဲ့' လို့ နန်းတော်က တာဖြစ်လို့ ပိတ်ပင်တယ်၊ ငါတို့က ဘာများထောင်လွှားနေလို့လဲ၊ ဒီက ဗရုတ်သုတ်ခအဖြစ်အပျက်တွေကို ငါတို့ စိတ်ကုန်နေတယ်ဆိုတာ သူတို့မသိဘူးလား၊ နန်းတော်ထဲက လျှို့ဝှက်သတင်း စကားတွေအရ ဆိုရင် မကြာခင်မှာ ငါတို့ကို ဖမ်းဆီးအကျဉ်းချထားမယ်ဆိုတာ သေချာသလောက် ဖြစ်နေပြီ"

မှုပင်ကျိုက ...

"အဲဒါ ဘာဖြစ်လို့လဲ"

ကျွမ်းလုံချီက ...

"သူတို့ လာဘ်စားတာတွေ၊ မြေပိုင်ရှင်တွေနဲ့ပေါင်းပြီး သူတို့ ဓားပြတိုက်တာတွေကို ငါတို့က ဖော်ထုတ်လို့နေမှာပေါ့"

စူစီဝေက ဝင်ပြောလေ၏။

"ကျုပ်ကတော့ ဘုရင့်အမိန့်လည်း ဂရုမစိုက်ဘူး၊ ကျုပ် အဖမ်းမခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက တုံးတိတိပြောလေ၏။

ကွမ်မှူက လက်မြှောက်ပြသည်။

သူတို့အားလုံးသည် လက်ရှိဖြစ်ပျက်နေသော အခြေအနေအားလုံးကို မကျေမနပ်ဖြစ်နေသည်။

ကွမ်မှူက လက်မြှောက်ပြသောအခါ အားလုံးက ကွမ်မှူကို ဝိုင်းကြည့်ကြသည်။

ကွမ်မှူသည် သူတို့အထဲတွင် စူစီဝေ့မှအပ အငယ်ဆုံးဖြစ်သော်လည်း စဉ်းစားဆင်ခြင်ဉာဏ် ရင့်သန်ကြောင်း သူတို့ သိရှိကြသည်။ အရာရာတွင် ကွမ်မှူ၏ အကြံဉာဏ်နှင့် မလွတ်ချေ။ ကွမ်မှူသည် သိုင်းသူရဲကောင်းငါးယောက်အတွက် အကျိုးရှိရာရှိကြောင်းသာ လမ်းညွှန်ခဲ့ပေသည်။ ထို့ကြောင့် ကွမ်မှူ၏စကားဆိုလျှင် အားလုံးအလေးဂရုပြုကြရသည်။

ကွမ်မှူက...

"အစ်ကိုကြီးတို့အားလုံးလည်း သိပြီးသားပဲ၊ ဒီမြေပြန့်မှာ အရာရာဟာ လွဲချော်နေပြီး အားလုံးဟာ ပုံမှန်အတိုင်းမဟုတ်တော့ဘူး။ ဥစ္စာခနက အခွင့်အာဏာ ဖြစ်သွားတယ်၊ အဲဒီအခွင့်အာဏာကို အလွဲသုံးစားပြုကြတယ်၊ ကျုပ်တို့ ဒီနယ်မြေမှာနေဖို့က အတော်ခက်သွားပြီ"

"ဟုတ်တယ် ကွမ်မှူ ... မင်းပြောတာမှန်တယ်"

အသက်အကြီးဆုံး ရန်တင်းက ကွမ်မှူ၏စကားကို ထောက်ခံလိုက်၏။ ကွမ်မှူက ...

"အစ်ကိုကြီးရန်တင်း ... ကျုပ်တို့တစ်ခုတော့ စဉ်းစားဖို့သင့်



ပြီဗျ။ ဒီမဟုတ်တရုတ်နယ်မြေမှာနေပြီး ကျုပ်တို့ အဖမ်းခံကြမလား၊ ကျုပ်တို့သားမြေးမြစ်တွေ အသတ်ခံကြမလား။ ဒီနယ်မြေ ဒီဒေသကို စွန့်လွှတ်ပြီး လူသူကင်းမဲ့တဲ့ တောနက်ဒေသတစ်နေရာရာကို နေရာသစ်ရှာပြီး ပြောင်းရွှေ့သင့်သလားဆိုတာ ကျုပ်တို့ စဉ်းစားသင့်ပါပြီ"

ကျွမ်းလုံရှီက ...

"နေရာသစ် ... ဟုတ်လား"

"ဟုတ်တယ်လေ အစ်ကိုကြီး ... ဒီဘုရင် လက်လှမ်းမမှီတဲ့နေရာကို သွားကြရမယ်"

ကွမ်မှူက ပြောကြားလိုက်၏။

ရန်တင်းက တွေဝေငေးမောနေသည်။

ရန်တင်းနည်းတူ ကျွမ်းလုံရှီ၊ မူပင်ကျီနှင့် စူစီဝေ့တို့သည်လည်း အဝေးတစ်နေရာသို့ ငေးမောနေကြသည်။ အတန်ကြာအောင် အတွေးပင်လယ်ပြင်တွင် နစ်မျောနေကြသည်။

ရန်တင်းက သက်ပြင်းချလိုက်၏။

"ဟင်း ..."

အားလုံး ရန်တင်းကို ကြည့်ကြသည်။

"တို့ဘိုးဘွားတွေ ကြီးပြင်းခဲ့တဲ့ မွေးရပ်မြေကို စွန့်ခွာခဲ့ရမှာကိုတော့ မချိအောင် လွမ်းစရာပါပဲကွယ်၊ သို့သော်လည်း ..."

သူ့အသံက ဆို့နစ်ပျောက်ကွယ်သွားလေ၏။ မူပင်ကျီ၏မျက်လုံးများတွင် မျက်ရည်များ ဝေ့လာ၏။

"အစ်ကိုကြီး ... ကျုပ်တို့လည်း ဒီအရပ် ဒီဒေသကို ခင်တွယ်တာပါပဲ၊ ဒါပေမဲ့ ဒီခင်တွယ်တဲ့ အရပ်ဒေသဆီမှာ ကျုပ်တို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ပါဘူးဗျာ၊ ကျုပ်တို့ သေရမှာ မကြောက်ပါဘူး။ အဲ ... ဒါပေမဲ့ အချည်းနှီးတော့ မသေချင်ဘူးဗျာ၊ ဒီတော့ ဒီနေရာ ဒီဒေသကို ကျုပ်တို့ ခွဲခွာရတော့မှာပေါ့"

"အင်း ... ဟုတ်ပါတယ်လေ၊ ကွမ်မူ စိတ်ကောင်းပါတယ်၊ နေကောင်းရက်သာရွေးပြီး နယ်သစ်ဝယ်သစ်ရှာဖို့ ငါတို့တစ်တွေ ခရီးရှည် ထွက်ကြရတော့မယ်"

ရန်တင်းသည် အားလုံးကို ကြည့်လိုက်၏။

"ငါတို့ ခုလို ထွက်ခွာတော့မယ်ဆိုရင် အားလုံးအစီအစဉ်တွေကြိုလုပ်ထားရမယ်၊ သိုသိုသိပ်သိပ်နဲ့ ရိက္ခာတွေစုကြမယ်၊ ရွှေငွေကျောက်သံပတ္တမြားတွေ ရတနာပစ္စည်းတွေကို အကုန်ယူခဲ့ရမယ်၊ ဇနီးနဲ့သားမယားတွေကတော့ အကုန်ပါကြမှာပဲ၊ ဆွေမျိုးသားချင်းဆိုတာကတော့ လိုက်ပါမယ့်သူလည်း ရှိတယ်၊ မလိုက်ပါမယ့်သူလည်း ရှိမယ်၊ ဒီတော့ လိုက်ပါမယ့် ဆွေမျိုးသားချင်းတွေကိုတော့ ဒီအကြောင်းကို ထုတ်ဖော်ပြောဆိုနိုင်တယ်၊ ငါတို့မြင်းရထားတွေနဲ့ ခရီးထွက်ကြမယ်၊ ထွက်တဲ့အခါမှာလည်း လူတွေက သံသယမဝင်နိုင်အောင် ရက်ခြားပြီး လူခွဲထွက်ကြရမယ်၊ တစ်နေရာမှာ စုကြရမယ်၊ အားလုံးစုံမှ ခရီးထွက်ကြရမယ်၊ နေရာသစ် ဒေသသစ်ကိုရှာပြီး တို့ဆွေမျိုးစုတွေနဲ့ မြို့သစ်တည်မယ်"

ရန်တင်းက ဆုံးဖြတ်ချက်ချလိုက်၏။

အားလုံးကလည်း သဘောတူကြသည်။

သူရဲကောင်းငါးဦးမှာ တော်ရုံတန်ရုံလူများ မဟုတ်ကြချေ။ သူတို့ထွက်ခွာလာရာတွင် အားလုံး အေးအေးဆေး ဆေး မဟုတ်ပေ။



အနှောင့်အယှက် အတားအဆီးများစွာကို တွေ့ခဲ့ကြသေးသည်။ သို့သော် ခွဲလုံ့လရှိကြသူများ ဖြစ်သည့်အတိုင်း အတားအဆီး အခက်အခဲများကို သူတို့ ဖြတ်ကျော်နိုင်ခဲ့ကြသည်။

သူတို့သည် မြေခုနှစ်ကောင်တောင်ကြောပေါ် နောက်ဆုံးရောက်ရှိလာကြလေ၏။

သူတို့သည် မြေအနေအထားကောင်းသော၊ ရေကို လွယ်ကူစွာ ရရှိနိုင်သော ဒေသတစ်ခုကိုတွေ့သဖြင့် သူတို့သည် ထို နေရာ၌ စခန်းချလိုက်တော့သည်။ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အိမ်နေရာများကို အကွက်ရိုက်ခြင်း၊ လမ်းအတွက် နေရာချန်ခြင်းတို့ကို ပြုလုပ်ပြီး 'မျောက်စမ်းချောင်းမြို့တော်' ကို တည်ထောင်တော့၏။

သူရဲကောင်းငါးဦးတို့၏ ဆွေမျိုးများ၊ အခြွေအရံများသည် မျောက်စမ်းချောင်းမြို့တော်၌ အခြေစိုက်နေထိုင်ကြသည်။

မကြာမီမှာပင် သူတို့သည် နန်းတော်ကြီးတစ်ခုကိုလည်းကောင်း၊ အဆောက်အအုံများတို့ကိုလည်းကောင်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြ၏။

မျောက်စမ်းချောင်းမြို့တော်သည် လွတ်လပ်ခြင်း၊ တရားမျှတမှု ရှိခြင်း၊ ဆွေမျိုးသားချင်းများ ရောနှောပေါင်းစပ်ကြခြင်းကြောင့် မကြာမီ စည်ကားသိုက်မြိုက်လာတော့သည်။

သို့သော် ...

မျောက်စမ်းချောင်းမြို့တော်သည် သူတို့ချင်း ကူးလူးပေါင်းသင်းဆက်ဆံရုံမျှဖြင့် ဤမျှ ကြီးကျယ်စည်ကားခြင်း မရှိနိုင်ပေ။ လုပ်ငန်းတစ်ခုကြောင့်သာ ကြီးကျယ်စည်ကားခြင်း ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျောက်စမ်းချောင်းမြို့တော်သားများသည် သူတို့နယ်မြေတွင်းမှထွက်သော ကျောက်ဖြူသားတစ်မျိုးကို လှ့အသုံးအဆောင်ပစ္စည်းများအဖြစ် ထုလုပ်ကြခြင်း ဖြစ်သည်။

သူတို့သည် ပန်းအိုး၊ ပန်းကန်၊ စားပွဲ၊ ထိုင်ခုံ၊ စားပွဲတင်အရုပ် စသည်တို့ကို ထုဆစ်ပြီး တရုတ်ပြည်မြေပြန့်တစ်ဝှမ်းလုံးသို့ တင်ပို့ရောင်းချခြင်းဖြင့် ဤသို့ စည်ပင်လာခြင်း ဖြစ်သည်။

ထိုဒေသမှ ထွက်ရှိသော ကျောက်ဖြူသားသည် အခြားတရုတ်ပြည်အနှံ့အပြားမှထွက်သော ကျောက်ဖြူသားများနှင့် မတူပေ။ ဂုဏ်သတ္တိများ ထူးခြားလေသည်။

၎င်းတို့၏ ထူးခြားသော ဂုဏ်သတ္တိများမှာ အလွန်ဖြူခြင်း၊ အရည်ကြည်လဲ့ခြင်း၊ အအက်အနာအဆာကင်းခြင်း၊ အလွန်အေးမြခြင်း စသည့်ဂုဏ်ထူးဝိသေသများအပြင် ထုဆစ်သော လက်ရာများမှာ အနုပညာမြောက်ခြင်း၊ အဆင့်မြင့်ခြင်းတို့ကြောင့် တရုတ်ပြည်မြေပြန့်မြို့ကြီးပြကြီးများ၌ ထိုပစ္စည်းများမှာ ရောင်းမလောက်အောင်ဖြစ်ရသည်။ ထိုမြို့ပြကြီးများသည် ထိုလက်ရာများကို အလုအယက်ဝယ်ကြသည်။ ဈေးကြီးပေး၍ နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲကြလေသည်။

ထိုထွက်ကုန်တစ်မျိုးတည်းနှင့်ပင် မျောက်စမ်းချောင်းမြို့တော်သားအားလုံးအတွက် စားဝတ်နေရေးဖူလုံရုံမျှမက ဥစ္စာခနများ ပိုလျှံကြွယ်ဝကာ မကြာခင်မှာပင် အားလုံးလိုလို ချမ်းသာလာခဲ့ကြသည်။ ဥစ္စာခနများ ပိုလျှံကြွယ်ဝလာကြသည်။ မြို့ကလေးမှာ လောကနိဗ္ဗာန်ပမာ ချမ်းချမ်းသာသာ ဖြစ်လာတော့သည်။

တရုတ်ပြည် မြေပြန့် တစ်ဝှမ်းလုံးတွင် ကုန်ရောင်းကုန်ဝယ်



ပြုလုပ်ကြသဖြင့် မြေပြန့်သူ မြေပြန့်သားများနှင့် မျောက်စမ်းချောင်းမြို့သူမြို့သားများ ချစ်ကြိုက်ရည်ငံခြင်းမှာ ဖြစ်ပေါ်လာသည်။

ထိုအခါ မျောက်စမ်းချောင်းမြို့သူမြို့သားတို့က ထိုမြေပြန့်သားများကို မျောက်စမ်းချောင်းမြို့တော်သို့ ခေါ်သွင်းလာကြတော့သည်။

ထိုအချိန်၌ မျောက်စမ်းချောင်းမြို့တော်၌ သိုင်းညီအစ်ကိုတော်သူငါးဦးတို့သည် ရန်တင်းကို ဘုရင်တင်မြောက်ပြီး ဖြစ်ကြသည်။

မြို့တော်ကို အုပ်ချုပ်နေသော ဘုရင်ရန်တင်းက အကြီးအကဲအုပ်စုဝင်များဖြစ်ကြသော ကျွမ်းလုံ့ချို မူပင်ကျို၊ ကွမ်မူနှင့် စူစီဝေတို့နှင့် တိုင်ပင်ကာ အောက်ပါအတိုင်း စည်းကမ်းချက်များကို ထုတ်ပြန်လိုက်သည်။

မျောက်စမ်းချောင်းမြို့တော်၏ ထွက်ကုန်ဖြစ်သော ကျောက်ဖြူသားထွက်ကုန်များကို ရောင်းချကြသော မြို့တော်သူမြို့တော်သားတို့ လိုက်နာရမည့် အချက်သုံးချက်ကို ထုတ်ပြန် ကြေညာလိုက်သည်။

တစ်အချက်အရ မျောက်စမ်းချောင်းမြို့တော်သူ မြို့တော်သားတို့သည် မိမိတို့၏မျောက်စမ်းချောင်းမြို့တော် တည်နေရာကို လျှို့ဝှက်ထားရမည်။

နှစ်အချက်အရ မိမိတို့ ချစ်ခင်နှစ်သက်သူ တွေ့ရှိပါက မျောက်စမ်းချောင်းမြို့တော်တွင်သာ ထာဝရပြောင်းရွှေ့ အခြေစိုက်ပြီး ဘုရင်ရန်တင်းထံ သစ္စာခံနိုင်သူကိုသာ လက်ထပ်ယူရန် ဖြစ်သည်။

သုံးအချက်အရ ထိုစည်းကမ်းကို မလိုက်နာသူအား

www.burmeseclassic.com

www.burmeseclassic.com



သေဒဏ်ချမှတ်ရမည်။

မြို့တော်သူ မြို့တော်သားအားလုံးသည် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာကြသည်။ ထို့ကြောင့် မြို့ကြီးသည် မှုလအတိုင်း စည်ကားတိုးတက်လာခဲ့သည်။ မြို့အဆောက်အအုံများ။ လမ်းများ တိုးတက်လာသည်။

ဤသို့ နှစ်ရှည်လများ ကြာမြင့်ခဲ့ပြီးနောက် တစ်နေ့သော အခါတွင် နန်းတော်ကြီးပေါ်၌ ကွမ်မှုသည် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် တောင်းဆိုခဲ့သည်။

ထိုတွေ့ဆုံဆွေးနွေးပွဲ၌ ဘုရင်ရန်တင်းနှင့် အကြီးအကဲ အုပ်စုဝင် သိုင်းသူရဲကောင်း လေးယောက်သာ တွေ့ဆုံ ဆွေးနွေးကြမည် ဖြစ်သည်။

ဘုရင်ရန်တင်းသည် ပလ္လင်မြင့်တွင် ထိုင်လျက်ရှိ၏။ အုပ်စုဝင်အကြီးအကဲလေးယောက်တို့မှာ ကြမ်းပြင်တွင် ကော်ဇောထူထူလေးချပ်ခင်းကာ ထိုင်ကြ၏။ အားလုံး ပလ္လင်ကို ဝန်း၍ထိုင်ကြသည်။

ဘုရင်ရန်တင်းက ...

"ညီတော် ကွမ်မှု ... မည်သည့်အရေးအခင်းများ ဖြစ်ပေါ်လာသနည်း။ မထိတ်သာမလန့်သာ ဖြစ်ရတော့သည်"

ဘုရင်ရန်တင်း အရက်မူးသည့် လေသံကြီးနှင့် ပြောတော့သည်။ ဘုရင်ရန်တင်းသည် ဘုရင်ဖြစ်ပြီး နှစ်နှစ်အကြာ၌ တဖြည်းဖြည်းနှင့် အရက်၏ကျေးကျွန် ဖြစ်၍လာသည်။ အရက်သောက်ခြင်းမှာ တရုတ်ပြည်၌ အဆန်းမဟုတ်ချေ။ သို့သော် အလွန်အကျွံ သောက်စားမူးယစ်ခြင်း၊ အရက်ကျေးကျွန်ဖြစ်ခြင်းကတော့ ဆန်းသည်။



ထို့ကြောင့် သူရဲကောင်း သိုင်းအကျော်အမော် လေးယောက်က ဘုရင်ရန်တင်းအား အရက်အလွန်အကျွံ မသောက်ရန် ဖျောင်းဖျကြသည်။

အထူးသဖြင့် ကွမ်မှုသည် အမုန်းခံ၍ အပြင်းအထန် လျှောက်ထားသည်။

သို့သော် ဘုရင်ရန်တင်းက အရက်သောက် မလျှော့နိုင်တော့ချေ။ သူသည် သေရည်ကို မဖြတ်နိုင်တော့ပေ။ လွန်စွာနှစ်မြို့က်၍လမ်းနေခဲ့လေပြီ။

ဘုရင်ရန်တင်းအား တာဝန်ရှိသမျှ စေတနာရှိသမျှ တားမြစ်ခဲ့ကြပြီးဖြစ်၍ ဘုရင်ရန်တင်း ဆက်သောက်နေမှုကို သိုင်းညီနောင်လေးဦးက မပြောကြတော့ပေ။ ကွမ်မှုက ...

"အရေးကြီးသောကိစ္စကို တိုင်ပင်ရန်ရှိပါသည် နောင်တော်၊ ကျေးဇူးပြု၍ နားစိုက်ထောင်ပါ နောင်တော်"

ဘုရင်ရန်တင်းက ...

"ညီတော်ကွမ်မှု ... မည်သည့်အရာကို စိုးရိမ်ကြောင့်ကြနေပါသနည်း။ လျှောက်တင်ရန်ရှိသည့်ကိစ္စကို လျှောက်တင်လော၊ ကျွန်ုပ်သည် ညီတော်ပြောသည့် အကြောင်းအရာများကို ကောင်းစွာ ကြားနာလည်နိုင်ပါသည်"

ကွမ်မှုက ...

"ညီတော်ပြောသည့် အကြောင်းအရာ အရေးကြီးပါသည်၊ နောင်တော် ဂရုမစိုက်လျှင် နောင်တော်သာ နောင်အရေးမလှ ရှိပါလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ရန်တင်းသည် ဖက်ကြီးအောက်စိုက်၍ လက်ကို ကြိုးစားပမ်းစား မြှောက်တင်လိုက်သည်။

"တင်သာ တင်ပါ ညီတော်"

ကွမ်မှူးသည် သက်ပြင်းချမိလေ၏။ သူသည် အားလုံးကို မျက်နှာမူလိုက်၏။

"နောင်တော်တို့ ... ကျွန်တော် မျောက်စမ်းချောင်းမြို့တော်တောင်ဘက်လွင်ပြင်ကို သွားခဲ့ပါတယ်၊ အဲဒီမြေမှာ ကျောက်ဖြူ သွားတူးဖော်ဖို့ ကျွန်တော် သွားကြည့်တာပါ၊ အဲဒီမှာ မမျှော်လင့်ဘဲ အလွန်ကြီးမားတဲ့ ရွှေကြောကြီးတစ်ခုကို တွေ့ရှိခဲ့ပါတယ်"

ကွမ်မှူး၏စကားကို ကြားလိုက်ရသောအခါ အားလုံး အံ့ဩသွားကြ၏။ မယုံကြည်နိုင်လောက်အောင် ဖြစ်ကြသည်။

ကျွမ်းလုံချီက ...

"ဟင် ... ဝမ်းသာစရာ သတင်းပါလား။ ဝမ်းသာလိုက်တာ၊ ငါတို့တစ်တွေ ဒီထက်ချမ်းသာပြီပေါ့"

သူသည် ကြွေးကြော်အော်ဟစ်လိုက်သည်။

ကျန်နှစ်ဦးဖြစ်သော မူပင်ကျိုနှင့် စူစီဝေတို့မှာမူ အံ့ဩသွားသော်လည်း ကျွမ်းလုံချီကဲ့သို့ ထ,မအော်ချေ။ သူတို့မျက်နှာများပေါ်၌ အတွေးနက်နေဟန်များ ပေါ်လာသည်။ သူတို့သည် ကွမ်မှူး၏စကားကို ဝမ်းမသာကြချေ။

ကွမ်မှူးကမူ တစ်ဦးစီ၏မျက်နှာများကို လိုက်ကြည့်ပြီးနောက် ...

"အခု ကျွန်တော်ပြောလိုက်တဲ့ သတင်းစကားဟာ ဝမ်းသာစရာ သတင်းစကား ဖြစ်ပါတယ်၊ ဒါပေမယ့် အသေအချာ စဉ်းစားကြည့်ရင် ဝမ်းသာစရာသတင်းနောက်ကွယ်မှာ အန္တရာယ်တွေ ရှိနေတယ်"

မူပင်ကျိုနှင့်စူစီဝေတို့သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေ၏။

ကွမ်မှူးက ဆက်၍ပြောလေ၏။

"ရွှေဆိုတာ လူတွေကို လောဘတက်စေတယ်၊ ညီညွတ်မှုကို ပြိုကွဲစေနိုင်တယ်၊ ပျော်ရွှင်မှုတွေ ပျောက်ကွယ်စေနိုင်တယ်၊ သွေးချောင်းစီးနိုင်စေတယ်"

မူပင်ကျိုက ဝင်ပြော၏။

"ရွှေဟာ လူတွေကို ဝမ်းသာစေနိုင်သလောက် လူတွေရဲ့ စိတ်နှလုံးကိုလည်း ပူပင်ညှိုးနွမ်းစေနိုင်တယ်"

ကျွမ်းလုံချီက ...

"နေပါဦး ကွမ်မှူးရယ် ... မင်းပြောတဲ့ ရွှေကြောက ဘယ်လောက်ရှိလို့လဲ၊ မင်းပြောတာက အချင်းချင်းတောင် သတ်ရမယ့်ပုံပျို့ပဲ"

ကွမ်မှူးက လေးလေးနက်နက် ပြော၏။

"ကျွန်တော်ပြောခဲ့ပြီးပဲ အစ်ကိုကြီး၊ ကျွန်တော် တွေ့ခဲ့တဲ့ ရွှေကြောဟာ အတိုင်းအဆမရှိ ကြီးကျယ်လှပါတယ်၊ ရွှေကြောကြီးကို ခန့်မှန်းလို့ကို မရနိုင်ပါဘူး"

ကျွမ်းလုံချီသည် ဣန္ဒြေမဆည်နိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့အတိုင်းဖြစ်ရင် တကယ်ကောင်းတာပေါ့ကွာ"

"ကျွန်တော်က မသေချာရင် မပြောပါဘူး"

"ငါ ယုံပါတယ်၊ မင်း ဒီနေရာကို ဘယ်နှစ်ခေါက် သွားကြည့်ပြီးပြီလဲ"

"ဆယ်ခေါက်ရှိပြီ"

"ဒါ တို့ကုသိုလ်ကံ ကောင်းလာတာပဲ ကွမ်မူ၊ မင်းမစိုးရိမ်စမ်းပါနဲ့၊ ရွှေကြောင့် လောဘမတက်အောင်၊ အချင်းချင်းညီညွတ်မှုမပြိုကွဲအောင်၊ ပျော်ရွှင်မှုတွေ မပျောက်ဆုံးအောင် ခုကတည်းကတို့တစ်တွေ စုပေါင်းပြီး စည်းကမ်းချက်တွေကို သတ်မှတ်ထားကြတာပေါ့၊ စည်းကမ်းအတိုင်း လိုက်နာရင် ဘာမှမဖြစ်နိုင်ပါဘူး"

ကျွမ်းလုံချီက အားတက်သရော ပြောကြားလေ၏။

ကွမ်မူက ...

"စည်းကမ်းချက်တွေကို ကြိုတင် စဉ်းစားထားရမယ် ... ဟုတ်လား"

ကျွမ်းလုံချီက ခေါင်းညိတ်၏။

"အင်း ..."

စူစီဝှေက ဝင်ပြောသည်။

"အစ်ကိုလေး ကွမ်မူရယ် ... အစ်ကိုလေး သိထားတဲ့သတင်းကို အစ်ကိုလေးရင်ထဲမှာထားပြီး တို့ကိုမပြောရင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ အနာဂတ်အတွက် ရင်လေးလိုက်ပါဘိတော့"

မှုပင်ကျီက ...



"အခုမှတော့ ညည်းမနေပါနဲ့တော့၊ ကွမ်မူဟာ သူသိတဲ့သတင်းကို ပြောသွားပြီးပြီ၊ ကွမ်မူအနေနဲ့ကလည်း သူသိတာကို ဖွင့်မပြောရင် တို့ညီအစ်ကိုပေါ်မှာ သစ္စာမဲ့ရာကျမှာပေါ့၊ အခုတော့ မထူးတော့ဘူး၊ အစ်ကိုကြီး ကျွမ်းလုံချီ ပြောသလို ဖြစ်လာမယ့် အန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့ပဲ ပြင်ဆင်ရတော့မယ်၊ တို့တစ်တွေ ညီညီနိုင်းနိုင်း လုပ်ကြတာပေါ့"

စူစီဝှေက ...

"ညည်းတာ မဟုတ်ပါဘူး၊ ပြောပြတာပါ၊ နောင်တစ်ချိန်မှာ ဒီရွှေတွေဟာ ကျွန်တော်တို့ညီအစ်ကိုတွေကို စိတ်ဝမ်းကွဲစေလိမ့်မယ်လို့ ထင်နေတယ်"

ထိုအခါ ကျွမ်းလုံချီက ...

"ညီလေးရယ် မင်း စိတ်ပူနေတာပါ၊ အခု ငါတို့ စည်းကမ်းတွေချပြီးရင် ဒီစည်းကမ်းကို လိုက်နာ မလိုက်နာ အားလုံးက စောင့်ကြည့်ရမယ်၊ စည်းကမ်းဖျက်တဲ့လူကို ဘာမှထောက်ထားစရာ မလိုဘူး ... သုတ်သင်ပစ်၊ ကဲ ... စည်းကမ်းဖောက်တဲ့လူ ရှိဦးမလား"

ကျွမ်းလုံချီကပင် ဆက်၍ပြောသည်။

"ကဲ ... ကဲ ... စည်းကမ်းသတ်မှတ်ချက်တွေ လုပ်ကြမယ်၊ အားလုံး ကိုယ့်ရင်ထဲမှာရှိတဲ့ စကားတွေကို ပြောကြပေတော့"

မှုပင်ကျီက ...

"အခုတွေ့ရှိတဲ့ ရွှေနယ်မြေကို ကျုပ်တို့ ဝိုင်းခတ်ရမယ်၊ ဒါမှ မျောက်စမ်းချောင်းမြို့တော်က ပိုင်ဆိုင်တဲ့ဒေသဖြစ်မယ်၊ နို့မို့ဆိုရင် အရောရော အထွေးထွေး ဖြစ်ကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် ... မှုပင်ကျီပြောတဲ့အချက်က ပထမဆုံး လိုအပ်ချက်ပဲ၊ ငါဖြည့်စွက်ပြောချင်တာကတော့ မျောက်စမ်းချောင်းမြို့သားအားလုံးကို အဲဒီဘက်ပြောင်းပြီး မြို့သစ်တည်ပစ်လိုက်ချင်တယ်၊ ဘာကြောင့်လဲဆိုတော့ တို့မြို့သူမြို့သားတွေရဲ့အင်အားကို မင်းတို့ကြည့်ကြ၊ အင်အားများတယ်လို့ ဆိုပေမယ့် တခြားတိုင်းပြည်တွေထက်စာရင် အင်မတန် နည်းတာပဲ၊ လက်တစ်ဆုပ်စာပဲရှိမယ်၊ ဒီတော့ ဒီရွှေနယ်မြေကို သီးခြားစောင့်ရှောက်တာထက် အဲဒီရွှေနယ်မြေပေါ်မှာ အဆောက်အအုံတွေ ဆောက်လုပ်ပြီး နေထိုင်စောင့်ရှောက်ကာကွဲကူးရေပါ ဖြစ်သွားမယ်၊ ဗိုပြီးတော့ လုံခြုံမှု ရှိလိမ့်မယ်"

အားလုံးသည် အတန်ကြာအောင် စဉ်းစားနေကြ၏။

စူစီဝေက ...

"အစ်ကိုကြီး ကျွမ်းလုံ့ချိုပြောတာ သဘာဝကျပါတယ်၊ ရွှေနယ်မြေဟာ ကိုယ့်ခြေထောက်အောက်ရောက်နေတော့ အထူးသွားပြီး စောင့်ရှောက်စရာ မလိုတော့ဘူးပေါ့"

ကွမ်မှုက ...

"ဒါဆိုရင် နန်းတော်ကြီးကိုပါ အသစ်ပြန်ဆောက်ရမှာပေါ့"

"ဒါပေါ့ ပြန်ဆောက်ရမယ်၊ မြို့ဟောင်းနဲ့မြို့သစ် ဖြစ်သွားတာပေါ့"

ကျွမ်းလုံ့ချိုက ပြောလေ၏။

သူတို့သည် စကားပြောနေကြရာမှ ဘုရင်ရန်တင်းကို သတိရကြသည်။ ထိုအခါ ပလ္လင်ပေါ်သို့ မော့ကြည့်မိကြ၏။ ဘုရင်ရန်တင်းကား တခေါခေါ အိပ်ပျော်နေလေပြီ။ ဘုရင်ရန်တင်းသည် သူ့အား



လှုပ်နှိုး၍လည်း မရတော့ပေ။

စူစီဝေက ...

"နန်းတော်သစ်ဆောက်ပြီးရင်တော့ နောင်တော်ရန်တင်းနဲ့ မဖြစ်တော့ပါဘူး၊ အခုပဲ မြို့သူမြို့သားတွေက နောင်တော်ရန်တင်းကို အကြည်ညိုပျက်လှပြီ၊ နောင်တော်ရန်တင်းကို အနားပေးလိုက်ရင် ကောင်းမယ်လို့ ထင်ပါတယ်၊ သူကလည်း အရက်ရနေရင် ပျော်နေမှာပါ"

မှုပင်ကျီနှင့် ကွမ်မှုတို့သည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်မိကြ၏။ သူတို့သည် မည်သူ ဆက်ခံသင့်သည်ကို တွေးမိကြ၍ဖြစ်ပေသည်။

ကွမ်မှုက ...

"အစ်ကိုကြီး ရန်တင်းကို အနားပေးတာတော့ ဟုတ်ပါပြီ၊ သူ့အရိုက်အရာကို ဘယ်သူဆက်ခံမလဲ"

ထိုအခါ ကျွမ်းလုံ့ချိုက လျှင်မြန်စွာ ဝင်ပြောလေ၏။

"အို ... ဒါကတော့ အစဉ်အလာအတိုင်းပေါ့ကွယ်၊ ငါက ဘုရင်လုပ်ချင်လို့ပြောတာ မဟုတ်ပါဘူး၊ ထုံးစံအတိုင်း ပြောတာပါ၊ ငါတို့ညီအစ်ကိုငါးဦးဟာ အမြဲတမ်း အစဉ်အလာအတိုင်းပဲ ဆောင်ရွက်ခဲ့ကြတယ် မဟုတ်လား"

ထိုသို့ပြောရာတွင် ကျွမ်းလုံ့ချို၏အသံသည် အနည်းငယ် မာကျောလျက်ရှိသည်။

ထိုအခါ မှုပင်ကျီနှင့် စူစီဝေတို့သည် မျက်နှာပျက်သွားကြလေ၏။ သို့သော် မည်သည့်စကားကိုမျှ မဆိုကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်မှူသည် သက်ပြင်းချလိုက်၏။

"အစ်ကိုကြီး ကျွမ်းလုံ့ချီပြောတာကို ကျွန်တော်တို့ သဘောတူမှာပါ"

"ငါက စည်းကမ်းကိုပြောတာပါ၊ ငါတို့ညီနောင်တွေဟာ အစဉ်အလာကို ထိန်းသိမ်းကြတယ်လေ၊ အစ်ကိုကြီးရန်တင်းပြီးတော့ ငါပဲ ရှိတာပဲ၊ ငါမရှိရင်တော့ မူပင်ကျီပေါ့"

"ထားပါ ... ဒါက အရေးမကြီးပါဘူး၊ သို့သော်လည်း မျောက်စမ်းချောင်းမြို့တော်ကို စတင်တည်ထောင်ခဲ့တဲ့ မူလရည်ရွယ်ချက်ကိုတော့ အစ်ကိုကြီးကျွမ်းလုံ့ချီ မမေ့စေချင်ဘူး"

"ငါ မမေ့ပါဘူး"

"နောက်ပြီး ကျွန်တော် စည်းကမ်းချက်တစ်ချက် ထပ်ပြီး တင်သွင်းချင်တယ်"

"ဘာစည်းကမ်းလဲ"

"နောင်ဆောက်မယ့် နန်းတော်သစ်မှာ သိုင်းဆန်းစစ်ပွဲကို တစ်နှစ်မှာနှစ်ကြိမ် လုပ်စေချင်တယ်၊ နှစ်တိုင်းနှစ်တိုင်း နှစ်ကြိမ်ပုံမှန် ကျင်းပသွားစေချင်တယ်၊ သုံးကြိမ်သုံးခါ ပြိုင်ပွဲမှာ ပထမရရင် ကျွန်တော်တို့ အကြီးအကဲအုပ်စုကနေ နန်းတွင်းသိုင်းအုပ်စုကို ပြောင်းလဲခံယူခွင့် ပေးရပါမယ်၊ အဲ ... ကိုးကြိမ်ကိုးခါတိုင်တိုင် အနိုင်ရဗိုလ်စွဲရင်တော့ ဘုရင်လှုပ်ခွင့်ပေးစေချင်ပါတယ်"

မူပင်ကျီနှင့်စူစီဝေ့တို့သည် ကွမ်မှူက ထိုစကားကို မည်သည့် အဓိပ္ပာယ်နှင့် ပြောသနည်းဟု စဉ်းစားနေကြ၏။

သို့သော် စဉ်းစား၍ မရချေ။



သို့သော် ...ကွမ်မှူသည် အရေးမကြီးဘဲ ထိုစကားကို မပြောဟု ယုံကြည်သောကြောင့် နှစ်ဦးစလုံးပင် ကွမ်မှူစကားကို ထောက်ခံကြလေ၏။

ကျွမ်းလုံ့ချီသည် ထိုစကားကို ငြင်းဆန်လို၏။ သူသည် ငြင်းဆန်ရန် ပါးစပ်ဟာလိုက်၏။ ထိုအခါ မူပင်ကျီနှင့် စူစီဝေ့တို့၏ မျက်နှာထားကို တွေ့မြင်သွားသည်။ သူတို့၏မျက်နှာများသည် တင်းမာနေ၏။ သူ ငြင်းဆန်လိုက်လျှင် မူပင်ကျီနှင့် စူစီဝေ့တို့သည် သူ ဘုရင့်အရိုက်အရာခံယူရေးကိစ္စကိုလည်း ကန့်ကွက်ကြတော့မည်။ သုံးဦးတစ်ဦးဆိုတော့ သူ အားမတန် မာန်လျှော့ရလိမ့်မည်။ ထို့ကြောင့် သူသည် ကွမ်မှူတင်ပြသည့်အချက်ကို အလျှော့ပေး သဘောတူညီလိုက်ရတော့သည်။ သို့မှသာ သူ အေးအေးဆေးဆေး ဘုရင်ဖြစ်မည် မဟုတ်ပါလား။ ကွမ်မှူက ...

"ကဲ ... အစ်ကိုကြီး ကျွမ်းလုံ့ချီကို ဘုရင်သစ်အဖြစ် ခန့်အပ်ဖို့ အားလုံး သဘောတူတယ် မဟုတ်လား"

မူပင်ကျီနှင့် စူစီဝေ့တို့က ခေါင်းညိတ်ကြ၏။ ကွမ်မှူက ...

"အဲဒီလိုသဘောတူရင် ပြီးတာပဲ၊ ဒါပေမဲ့ ဒီကိစ္စကို အသာခေါက်ထားကြဦး၊ မြို့တော်သစ်ပြောင်းရွှေ့ရေးနဲ့ နန်းတော်သစ် တည်ဆောက်ရေးက အရေးကြီးတယ်၊ အဲဒါကို လုပ်ကြရမယ်"

ထို့နောက် သူတို့အားလုံးသည် မျောက်စမ်းချောင်းမြို့တော်သစ်ကြီးအား ခွန်တိုက်အားတိုက် တည်ဆောက်ကြလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



(၈၃)

## လုပ်ကြံသူ တစ်ယောက်

ကွမ်မှုတွေ့ရှိသည် ရွှေကြောကြီးမှာ ဩချလောက်အောင်ကြီးမားပေသည်။

ထို့ကြောင့် ...

သူတို့သည် တရုတ်ပြည်သမိုင်းတွင် စံတင်လောက်သည့်ကြီးကျယ်ခမ်းနားလှသော ရွှေနန်းတော်ကြီးကို တည်ဆောက်ကြလေတော့၏။

ရွှေ ... ရွှေ ... ရွှေ ...။

အားလုံး 'ရွှေ' ချည်းပင်။

ရွှေမြို့တော်သူမြို့တော်သားများ၏ စည်းကမ်းများလည်း ပို၍တင်းကျပ်သွား၏။ တင်းကျပ်ပါစေ ... ရွှေမြို့တော်သူမြို့တော်သားတို့ အပြုံးမပျက်ကြချေ။ သူတို့သည် မြောက်မြားလှစွာသော ရွှေတို့ကို ပိုင်ဆိုင်နေပြီ မဟုတ်ပါလော။

တရုတ်ပြည်တစ်ပြည်လုံးတွင် သူတို့သည် အချမ်းသာဆုံးဖြစ်ကြပြီ။ သူတို့သည် ပို၍ လျှို့ဝှက်သွားကြ၏။ ပြင်ပနှင့် ဆက်သွယ်မှုများလည်း ပို၍ နည်းသွားသည်။ ကျောက်ဆစ်အတတ်ပညာသည် ပြင်ပသို့တင်ပို့ရန် မဟုတ်တော့ချေ။



သူတို့၌ ရွှေရှိနေပြီ မဟုတ်ပါလား။

ထိုရွှေဖြင့် စားရေရိက္ခာများ၊ အဝတ်အထည်များကို အကြီးအကဲတို့ အစီအမံဖြင့် ထွက်ဝယ်ကြသည်။ ဝယ်လျှင်လည်း တစ်နေရာတည်းမှ များများမဝယ်ချေ။ ခွဲဝယ်ကြ၏။

သူတို့၏ နန်းတော်သစ်ကြီးသည် ပြီးစီးသွားလေပြီ၊

နန်းသစ်တက်ဖို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြ၏။ နန်းသစ်တက်ဖို့ ဘုရင်ရန်တင်းကို နန်းချလိုက်ကြ၏။ နန်းချရာ၌ အကြမ်းနည်းကို မသုံးချေ။ အကျိုးအကြောင်း ရှင်းလင်းပြောပြပြီးမှ နန်းချခြင်းဖြစ်သည်။

ဘုရင်သစ် ကျွမ်းလုံချီကို နန်းသစ်တင်လေ၏။

ရန်တင်းမှာ နန်းကျသော်လည်း မည်သို့မျှ မခံစားရချေ။ နန်းသစ်တက်ပွဲ၌ ယစ်ရွှေရည်များ သောက်သုံးကာ ်သူသည်ပင် ပျော်ရွှင်စွာ ပါဝင်လေ၏။

နန်းကျဘုရင်က အသစ်တက်လာသော ဘုရင်ကို ပျော်ရွှင်စွာ ကြို့ဆိုသည်မှာ တရုတ်ပြည်တစ်ပြည်လုံး၌ မည်သည့်မင်းအဆက်ဆက်မျှ မရှိချေ။ နန်းကျဘုရင်ကလည်း ပျော်ရွှင်နေသည်။ နန်းတက်ဘုရင်ကလည်း ကျေနပ်နေသည်။

ဤသည်မှာ ...

သိုင်းသူရဲကောင်းငါးဦး၏ ထူးခြားသော ဆက်ဆံရေးပင်ဖြစ်တော့သည်။

မြို့တော်သူမြို့တော်သားများသည်လည်း ပျော်ရွှင်ကြသည်။ အကြီးအကဲသုံးဦးဝင် သူရဲကောင်းသုံးယောက်ဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



မှုပင်ကျိုး ကွမ်းမှုနှင့် စူစီဝေ့တို့လည်း ပျော်ရွှင်ကြသည်။

နန်းကျဘုရင် ရန်တင်းလည်း ပျော်ရွှင်သည်။

နန်းတက်သည့် ကျွမ်းလုံရှိလည်း ပျော်ရွှင်သည်။

ကဲ ... မည်သည့်အရာများ ကျန်တော့သနည်း။

ပလ္လင်အပ်သည့် အခမ်းအနားကတော့ ကျန်သေးသည်။

ပလ္လင်အပ်သည့်နေ့၌ သိုင်းသူရဲကောင်းလေးဦးသာ ရှိသည်။ ထိုအခမ်းအနားသို့ ရန်တင်း တက်ရောက်မလာချေ။ ပလ္လင်အပ်ပွဲ အခမ်းအနားမှာ အချိန်အတိအကျနှင့် စည်းကမ်းကြီးစွာ ဆောင်ရွက်ရသည့်ပွဲဖြစ်၍ ရောက်မလာသော ရန်တင်းကို မရှာနိုင်ကြတော့ချေ။ ချောင်တစ်ချောင်ချောင်တွင် အရက်မူးပြီး အိပ်နေပြီဟူ၍သာ မှတ်ယူလိုက်ကြတော့သည်။

သူတို့ ပလ္လင်အပ်ပွဲသည် စည်းကမ်းကြီးသည်။ အချိန်ဇွေသည်နှင့် မြေနတ်၊ လေနတ်၊ နေနတ်နှင့် လနတ်များကို တင်မြှောက်ပူဇော်မှုဖြင့် စတင်ကြရသည်။ နတ်စွန့်အရက်ကိုလည်း ခွက်ကိုယ်စီကိုင်၍ တစ်ပြိုင်တည်း မော့ချရသည်။

"ရွှေမြို့တော်သစ်ကြီး အခွန့်ရှည်ပါစေ"

သူတို့သည် သံပြိုင်ဆုတောင်းလိုက်ကြ၏။ ဆုတောင်းပြီး သူတို့သည် လဲကျသွားတော့သည်။

"အား ..."

"အီး ..."

"အူး ..."

"အား ..."



သူတို့သည် နန်းရင်ပြင်တွင် လူးလိမ့်နေကြလေ၏။ လေးယောက်စလုံး လူးလိမ့်နေကြသည်။ လေးယောက်စလုံး လဲကျသွားသည်။

ပလ္လင်အပ်ပွဲမှာ ထူးခြားစွာ ကျင်းပသည့်ပွဲဖြစ်သည်။ မြို့တော်သူ မြို့တော်သားများရှေ့၌ ကျင်းပသည့်ပွဲ မဟုတ်ချေ။ သူရဲကောင်းငါးဦးနှင့်သာ သက်ဆိုင်သည့်ပွဲ ဖြစ်သည်။ ထို့ကြောင့် သူတို့ငါးဦးတည်း ကျင်းပခြင်းဖြစ်သည်။ ရန်တင်းမလာသဖြင့် လေးဦးတည်း ကျင်းပကြခြင်း ဖြစ်သည်။

ကျွမ်းလုံရှိ ... ဘုရင်သစ်အဖြစ် နန်းတက်မည့်သူ။ သူလည်း လူးလိမ့်လဲကျနေသည်။

မှုပင်ကျိုး ကွမ်းမှုနှင့် စူစီဝေ့တို့လည်း အော်ဟစ်လူးလိမ့်နေကြသည်။

သူတို့အား မည်သူမျှ မတွေ့မြင်ကြချေ။ ထို့ကြောင့် ပြုစုမည့်သူလည်း မရှိကြပေ။

ပထမဆုံး အော်သံပျောက်သွားသူမှာ ကွမ်းမှုဖြစ်၏။

သူသည် အံတင်းတင်းကြိတ်၍ တဖြည်းဖြည်းချင်း ထရပ်လေ၏။ သူသည် ယိမ်းထိုးနေသည်။ လဲကျမလို ဖြစ်နေသည်။ သို့သော် သူ၏ လက်တစ်ဖက်သည် မြှောက်တက်လာပြီး သူ့လည်ပင်းမှ ရွှေကြုတ်ကို ဖမ်းမမိဘဲ ဖြစ်နေသည်။ တုန်ယင်နေသည်။ နောက်ဆုံး အကြိမ်ကျမှ ဖမ်းမိသွားပြီး ရွှေကြုတ်ကို ဖြုတ်ယူလိုက်၏။ လက်များသည် တဆတ်ဆတ်တုန်နေသည်။ ရွှေကြုတ်ထဲမှ အဝါရောင်ဆေးလုံး အချို့ကို လက်ထဲသို့ သွန်ထည့်လိုက်၏။ ဆေးလုံးများသည် အောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျသွားမည်ကဲ့သို့ ဖြစ်သွားသည်။ သူသည် အတွင်းအားကို ဖျစ်ညှစ်လိုက်ပြီး လက်ထဲမှ ဆေးလုံးသုံးလုံးကိုပါ ပါးစပ်ထဲသို့ ကောက်မော့လိုက်၏။

သူ အောင် မြင်သွားပေပြီ။

သူသည် အလွန်ခက်ခဲစွာ ဆေးလုံးများကို သောက်မျိုချခြင်း ဖြစ်သည်။

ထိုဆေးကား 'အနောက်ကြယ်' ဆေးလုံးများတည်းပင်။ အဆိပ်ဟူသမျှ ပြေနိုင်သောဆေးတည်း။

ကွမ်မှူသည် ဆေး၏အစွမ်း၊ အတွင်းအားလှည့်ပတ်မှုအစွမ်းဖြင့် အဆိပ်ဒဏ်ကို တွန်းလှန်လိုက်၏။ အတန်အသင့်သော အဆိပ်များသည် ပြေလျော့သွားလေသည်။

အနည်းငယ်မျှ လှုပ်ရှားရသည်နှင့် ကွမ်မှူသည် စူစီဝေ့ထံသို့ ချဉ်းကပ်လေ၏။ ပါးစပ်ကိုဖြဲကာ အဆိပ်ပြေဆေးသုံးလုံးကို တိုက်ကျွေးလိုက်သည်။ စူစီဝေ့သည် သူတို့ငါးယောက်တွင် အငယ်ဆုံး ဖြစ်လေသည်။ အတွင်းအားလည်း အနိမ့်ဆုံးဖြစ်သည်။ သူ့ကို ပထမဦးစွာ အဆိပ်ပြေဆေးမပေးလျှင် အတွင်းအား နည်းသူသည် အရင်ဆုံး သေရမည် ဖြစ်သည်။ ဆေးဝင်သွားသဖြင့် သူသည် စူစီဝေ့အတွက် စိတ်ချသွားသည်။

ထို့နောက် ကွမ်မှူသည် ကျွမ်းလုံရှီ၏ လက်ကိုကိုင်၍ သွေးကြောစမ်းသပ်လိုက်သည်။ သူ သံသယရှိသောကြောင့် ဖြစ်သည်။ သွေးထဲ၌ အခြားသော အင်အားတစ်မျိုးက ထိုအဆိပ်ကို ကောင်းစွာ ချေဖျက်နေကြောင်း တွေ့ရသည်။



စူစီဝေ့တွင် ထိုအခြေအနေမျိုး မတွေ့ရချေ။

သူတွင်လည်း ထိုအခြေအနေမျိုး မရှိချေ။

သူတို့သည် အဆိပ်ကြောင့် သေဆုံးသွားမည်သာ ဖြစ်သည်။ သံသယရှိနေသော ကွမ်မှူသည် ထိုအချက်အတွက် ကျွမ်းလုံရှီအပေါ် ၌ ရန့်မကင်းစရာ ဖြစ်နေတော့သည်။

သို့သော် သူက သိုင်းညီအစ်ကိုတော်ချင်း တာဝန်ကျေစွာပင် ပါးစပ်ကိုဖြဲ၍ အဆိပ်ဖြေဆေး တိုက်ကျွေးလိုက်လေသည်။

ထို့နောက် ... မူပင်ကျီ။

မူပင်ကျီသည်လည်း ကျွမ်းလုံရှီကဲ့သို့ပင် အတွင်းအားကောင်းသူ ဖြစ်သည်။

သူသည် မူပင်ကျီ၏ ပါးစပ်ကိုဖြဲကာ အဆိပ်ဖြေဆေး တိုက်လိုက်သည်။ ညီအစ်ကိုအားလုံးကို အဆိပ်ဖြေဆေး တိုက်ကျွေးပြီးလေပြီ။

ကွမ်မှူသည် ကျွမ်းလုံရှီအား သံသယရှိသည်။ သံသယရှိရန်အချက်ကိုလည်း တွေ့ရသည်။ သို့သော် ညီအစ်ကိုအားလုံးကို တစ်ပြေးတည်း တူညီစွာ ဆက်ဆံသည်။ ကွမ်မှူသည် တင်ပျဉ်ခွေထိုင်ကာ အသက်ရှူလေ့ကျင့်ခန်း လုပ်သည်။ အတွင်းအားလည်ပတ်မှု ဖြစ်စေလျက် သွေးသားကို သန့်စင်အောင် လုပ်သည်။ မကြာမီ ခန္ဓာကိုယ်အတွင်းမှ အဆိပ်များ အနည်းငယ်စီ ထွက်လာသဖြင့် အတန်ပင်သက်သာရာရသည်။

ခဏမျှကြာသောအခါ မူပင်ကျီ၊ စူစီဝေ့နှင့် ကျွမ်းလုံရှီတို့လည်း တစ်ဦးပြီးတစ်ဦး ထထိုင်ကြသည်။ တင်ပျဉ်ခွေထိုင်၍ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် အဆိပ်များကို တိုက်ထုတ်ကြတော့သည်။

အားလုံးပင် အဆိပ်များကို အနိုင်ရရှိသွား၏။

သို့သော် သူတို့၏အတွင်းအား တော်တော်များများ ပျက်စီးကြ၏။ မှုပင်ကျို၏ လက်ဝဲလက် လှုပ်၍မရတော့ချေ။ လက်ဝဲလက် တစ်ချောင်း သေသွားသည်။

စုစီဝေက လက်ယာဘက်မျက်လုံး ကွယ်သွား၏။

ကွမ်မှုသည် ခြေထောက်များ တုံ့ဆိုင်းသွား၏။ သို့သော် သူသည် မည်သူမျှ မရိပ်မိအောင် ဖုံးဖိထားနိုင်သည်။

ကျွမ်းလုံရှီ သည် မူလကပင် သူ့အတွင်းအားထဲမှ အဆိပ်ကို ခြေဖျက်နေကြောင်း တွေ့ရှိရသဖြင့် ယခုပြန်ကောင်းလာသောအခါ မည်သို့မျှ ခံစားရဟန် မတွေ့ချေ။ မျက်စိပျက်ခြင်း၊ ခြေလက်များ တုံ့ဆိုင်းခြင်း ဖြစ်ဟန်မရှိချေ။

ကျွမ်းလုံရှီနှင့် ကွမ်မှုတို့သည် တစ်ဦးကိုတစ်ဦး အပြန်အလှန် အကဲခတ်နေလေ၏။

ကွမ်မှုက ...

"ကျွန်တော်တို့ကို ဘယ်သူအဆိပ်ခတ်တာလဲ၊ အခု ဒီပလ္လင် အဝ်ပွဲမှာ ကျွန်တော်တို့ ဘယ်သူ့ကိုမှ မခေါ်ဘူး၊ အားလုံးအသိပဲ"

ကျွမ်းလုံရှီက မဆိုင်းမတွပင် ...

"ပျောက်နေတဲ့ ရန်တင်းက အဆိပ်ခတ်တာ ဖြစ်မှာပေါ့"

ကွမ်မှုက ...

"ဒီလို တရားသေတွက်လို့ မရဘူး"

"ဘာဖြစ်လို့ မရရမှာလဲ၊ သူ့ကို တို့က နန်းချုပ်စ်လိုက်တာ



မဟုတ်လား၊ သူ မကျေနပ်လို့ ဖြစ်မှာပေါ့၊ သူရှောင်နေတာကို ကြည့်ပါလား။ ရှောင်နေတော့ သူလည်း အဆိပ်မမိတော့ဘူးပေါ့"

"တစ်နဲ့တစ်ပေါင်းရင် နှစ်လို့ ဒီကိစ္စမျိုးမှာ အဖြေထွက်လို့ မရဘူး။ အစ်ကိုကြီး ရန်တင်းကို တွေ့အောင်ရှာရမယ်၊ တွေ့ပြီး သူ့ကို မေးမြန်းကြည့်ရမယ်၊ သူကွယ်ဝှက်ချင်လည်း ကွယ်ဝှက်မယ်၊ အဖြစ်မှန် ထုတ်ဖော်ပြောရင်လည်း ပြောမယ်"

သူတို့သည် ရန်တင်းကို ပိုက်စိပ်တိုက် ရှာကြသည်။

မျောက်စမ်းချောင်းမြို့တော်တစ်ဝှမ်းလုံး၌ ရန်တင်းကို လုံးဝရှာမတွေ့တော့ချေ။ ရန်တင်း လုံးဝပျောက်ကွယ်သွားချေပြီ။

ဤကိစ္စမှာ ထိုမျှနှင့် ရပ်ဆိုင်းသွားပြီးနောက် ဘုရင်သစ် ကျွမ်းလုံရှီသည် နန်းတက်လေသည်။

အခြေအနေမှာ အားလုံး အေးအေးချမ်းချမ်းပင်။

မျောက်စမ်းချောင်းမြို့တော်၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျ သိုင်းပညာဆန်းစစ်ပွဲကြီးသည်လည်း ပြုလုပ်နေသည်။ ခြိမ့်ခြိမ့်သဲ ကျင်းပသည်။

သို့သော် ထိုသိုင်းပညာဆန်းစစ်ပွဲသို့ မှုပင်ကျို၊ စုစီဝေနှင့် ကွမ်မှုတို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ကြပေ။ သူတို့သည် သိုင်းပညာဆန်းစစ်ပွဲကို ဘေးမှသာ ကြည့်ရှုနေရတော့သည်။

ဘုရင်ကျွမ်းလုံရှီသည် ရွှေမြို့တော်ကို အကွက်ချ၍ အုပ်ချုပ်လေသည်။ သူ့အစီအမံများသည် အကွက်ကျ၏။ သူသည် မိဖုရားများစွာ တင်မြှောက်တော့သည်။ ထိုအခါ မိဖုရားတစ်ယောက် တင်မြှောက်တိုင်း ယောက်ဖတော် နှစ်ယောက် သုံးယောက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုယောက်ဖတော်များကို သူသည် နန်းတွင်းအင်အားစုအဖြစ် သွတ်သွင်းသည်။

နန်းတွင်းအင်အားစုဖြစ်ရန် သိုင်းပညာတော်ရန်လည်း လိုသဖြင့် သူသည် ယောက်ဖတော်များကို သိုင်းပညာ ကျိတ်၍ လေ့ကျင့်ပေးခဲ့လေသည်။ သူသည် ယောက်ဖတော်များကိုသာ နန်းတွင်းအုပ်စုသို့ သွတ်သွင်းသည် မဟုတ်သေး။ ရွှေမြို့တော်အတွင်းမှ သိုင်းပညာထူးချွန်သူမှန်သမျှကိုလည်း နန်းတွင်းအုပ်စုဝင်ဖြစ်အောင် သိမ်းသွင်းလေသည်။

ဘုရင်ကျွမ်းလုံ့ချီ၏ အဆိုးရွားဆုံးလုပ်ရပ်ကား ရွှေမြို့တော်အပြင်ဘက် တရုတ်ပြည်မြေပြန့်တစ်ဝှမ်းမှ သိုင်းအကျော်အမော်အချို့ကို ရွှေဖြင့် ဖြားယောင်းခြင်းတည်း။

ရွှေသည် လူသည်းခြေကြိုက်သတ္တုပင် ဖြစ်သည်။

ရွှေများစွာဖြင့် ဖြားယောင်းသောအခါ မည်သူမျှ တင်းမခံနိုင်တော့ပေ။ မြေပြန့်တစ်ဝှမ်းမှ သိုင်းသမားအချို့လည်း ရွှေမြို့တော်သို့ လာရောက်အခြေစိုက်ကြလေတော့သည်။

သူ၏ ယောက်ဖတော်များ၊ ရွှေမြို့တော်မှ သိုင်းပညာ ထူးချွန်သူများ၊ မြေပြန့်မှ လာရောက်အခြေစိုက်သည့် သိုင်းပညာထူးချွန်သူများတို့ စုစည်းပြီး နန်းတွင်းအုပ်စုဝင် သိုင်းသမားများအဖြစ် ဖွဲ့စည်းကာ အခြေခိုင်သထက်ခိုင်အောင် ပြုလုပ်သည်။

ဘုရင်ကျွမ်းလုံ့ချီ၏ အဓိကရည်ရွယ်ချက်မှာ ထင်သာမြင်သာ ဖြစ်လာတော့သည်။

သူ့အား ဘုရင်အဖြစ်မှ ဖြုတ်မချနိုင်ရန် သူ့နောက်တွင်



အမာခံသိုင်းသမားများ စုစည်းထားသည့် သဘောပင်တည်း။

ကွမ်မူသည် ဘုရင်ကျွမ်းလုံ့ချီ၏ ခြေလှမ်းများကိုမြင်၏။

သူသည် ကျွမ်းလုံ့ချီကို သံသယဝင်ထားသူဖြစ်ရာ ကျွမ်းလုံ့ချီ၏ ခြေလှမ်းများကို သူသည် မျက်စိဒေါက်ထောက် ကြည့်နေခဲ့သူဖြစ်သည်။

ဘုရင်ကျွမ်းလုံ့ချီက သူ့အခြေ ခိုင်သထက်ခိုင်ရန် ဆောင်ရွက်လာသောအခါ ကွမ်မူသည် ဘုရင်ကျွမ်းလုံ့ချီ၏ ခြေလှမ်းများကို မူပင်ကျိုနှင့်စူစီဝေ့တို့ အား ရှင်းလင်းပြောပြလေသည်။

"နောင်တော် ညီတော်တို့ ... နောင်တော်ကြီး ကျွမ်းလုံ့ချီရဲ့ ခြေလှမ်းတွေဟာ မှုမမှန်တော့ပါဘူး၊ အခု သူ့အင်အားသစ်တွေ စုစည်းနေပါပြီ၊ အချိန်တန်ရင် ကျုပ်တို့ကို ရှင်းမပစ်ပါဘူးလို့ ဘယ်သူမှ အာမ,မခံနိုင်ပါဘူး၊ အဲဒီတော့ သူ့ခြေလှမ်းတွေကို တားဆီးရပါမယ်၊ ကျုပ်တို့ဟာ အမြဲတမ်း စွမ်းအားရှိနေတယ်ဆိုရင် ဘုရင်ဟာ မဟုတ်တာ မလုပ်ရဲတော့ပါဘူး၊ ကျုပ်တို့ အစွမ်းမရှိဘူးဆိုရင်တော့ ဘုရင်ဟာ စိတ်ကြိုက် သူထင်တာလုပ်တော့မှာပဲ"

ကွမ်မူ၏ ရှင်းပြချက်မှာ သဘာဝလည်းကျ လက်ခံနိုင်စရာလည်းရှိသဖြင့် မူပင်ကျိုနှင့် စူစီဝေ့တို့က လက်ခံလိုက်ကြ၏။ သူတို့ကလည်း ဘုရင်ကျွမ်းလုံ့ချီ၏ ခြေလှမ်းများကို ကြိုတင်မြင်ကြသည်။

ထို့ကြောင့် သူတို့သည် ကွမ်မူ၏ဦးဆောင်မှုကို လက်ခံလိုက်လေသည်။ ကွမ်မူက ...

"ပထမဦးဆုံး ကျုပ်တို့ လုပ်သင့်တဲ့အချက်ကတော့ ကျုပ်တို့ကိုယ်ထဲမှာမိနေတဲ့ အဆိပ်တွေကို ဖြေဖျောက်ဖို့ပဲ၊ အဲဒီအဆိပ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသမျှ ကျုပ်တို့ ဘာမှလုပ်လို့မရဘူး”

သူတို့ကိုယ်တွင်း၌မှီနေသည့် အဆိပ်များကို ဖြေဖျောက်ရန်မှာ တရုတ်ပြည်မကြီး၏ 'ကျိုင်စွာမြို့'ရှိ အဆိပ်တစ်ထောင်အာကြူထံ ဆက်သွားစေလွှတ်ရန် ဖြစ်သည်။

အဆိပ်တစ်ထောင်အာကြူသည် မည်သည့်အဆိပ်ဖြေဆေးမဆို ဖော်စပ်နိုင်ပေသည်။ သူသည် အဆိပ်ဖြေဆေး ဖော်စပ်ရန် ဆေးဖိုးဝါးခ အဆမတန်တောင်းခြင်းပင် ဖြစ်တော့သည်။ သူတောင်းဆိုသည့် အဆိပ်ဖြေဆေးတန်ဖိုးမှာ လွန်စွာကြီးမားလှသဖြင့် တော်ရုံတန်ရုံလူများမှာ သူတောင်းဆိုသမျှကို ပေးရန်မတတ်နိုင်ဘဲ အသက်ဆုံးရှုံးကြရ၏။

အဆိပ်တစ်ထောင် ငွေက မြင်းမိုရ်တောင် ... ဟူ၍ပင် သိုင်းလောက၌ ဆိုထုံးဖွဲ့ကြလေသည်။

ယခု ကွမ်မူတို့အနေဖြင့် ငွေကြေးအခက်အခဲ လုံးဝမရှိတော့ပေ။ ရွှေကြောကြီးတစ်ခုလုံးပင် ခုထိုင်မိနေပြီး မဟုတ်ပါလား၊ ထိုရွှေများကို ထုတ်ရန်မှာလည်း အခက်အခဲမရှိချေ။ သူတို့အားလုံးသည် အကြီးအကဲအုပ်စုဝင် ဖြစ်နေကြသည် မဟုတ်ပါလော။

သူတို့အတွက် အခက်အခဲတစ်ခုသာရှိသည်။

ဘုရင်ကျွမ်းလုံချီမသိအောင် အဆိပ်တစ်ထောင်အာကြူထံ ဆက်သွားလွှတ်နိုင်ရေးပင်တည်း။

ထိုအခက်အခဲကို မူပင်ကျီက ဖြေရှင်းလိုက်၏။

“ညီလေးတို့ အာကြူဆီကို ငါကိုယ်တိုင်သွားမယ်၊ ဒီအတိုင်း ထွက်လို့တော့ မဖြစ်ဘူး။ ရုပ်ဖျက်ပြီး ထွက်မယ်၊ ရုပ်မဖျက်ခင် ငါနေ



ထိုင်မကောင်းဟန်ဆောင်ရမယ် ... မင်းတို့ သဘောပေါက်တယ် မဟုတ်လား”

ကွမ်မူနှင့် စူစီဝေ့တို့က ခေါင်းညိတ်ကြလေသည်။

မူပင်ကျီတို့သည် အစစအရာရာ အကွက်ချစီစဉ်ပြီးနောက် သူနှင့်အတူ အဖော်နှစ်ယောက်ကို ခေါ်သွားလေသည်။ အဖော်နှစ်ယောက်မှာ ရွှေတုံးများ သယ်ဆောင်ရန်ဖြစ်သည်။

မူပင်ကျီ ထွက်သွားသည်မှာ လ အတန်ကြာခဲ့ပေပြီ။

ကွမ်မူနှင့် စူစီဝေ့တို့သည် မူပင်ကျီအတွက် လွန်စွာ စိတ်ပူနေမိကြလေသည်။

ထိုစဉ် ... မူပင်ကျီနှင့် အဖော်နှစ်ယောက်သည် ပြန်လည်ရောက်ရှိလာ၏။

မူပင်ကျီ၏မျက်နှာမှာ ရွှင်လန်းတက်ကြွနေသဖြင့် ရည်ရွယ်ချက် အောင်မြင်ခဲ့ကြောင်း သိရသည်။

မူပင်ကျီ က ...

“အဆိပ်တစ်ထောင်အာကြူဆီရောက်တယ်၊ အာကြူက သူကိုယ်တိုင် ငါ့ကိုစမ်းသပ်တယ်၊ ဒီအဆိပ်မျိုးကို သူမကုနိုင်ဘူးလို့ ဆိုတယ်၊ သို့သော် အခကြေးငွေကောင်းကောင်းပေးရင်တော့ သူ့ဆရာ ကွမ်လျောင်ဆီ ပို့ပေးမယ်လို့ ပြောတယ်၊ မင်းတို့သိတဲ့အတိုင်း ငါက ငွေကို ဂရုစိုက်တာမှ မဟုတ်ဘဲ၊ ငါတို့ဆီမှာ ပါခဲ့တဲ့ ရွှေတုံးတွေက နည်းနည်းနောနော တန်ဖိုးရှိတာမှမဟုတ်တာ၊ သူတောင်းသမျှကို ငါက ပေးမယ်လို့ပြောလိုက်တော့ အဆင်ပြေသွားတာပေါ့၊ ငါက သူတောင်းသမျှငွေကို ပေးချေလိုက်တယ်၊ ရွှေတုံးတွေ မြင်တော့ သူ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်အုံ့သြသွားတယ်"

မှုပင်ကျိုက ဝမ်းသာအားရ ရှင်းပြနေလေ၏။

"အာကြူက သူ့ဆရာ ကွမ်လျောင်ဆီ ငါ့ကိုခေါ်သွားတယ်၊ ခရီးကတော့ ဝေးသလားမပြောနဲ့၊ လမ်းမှာတင် နှစ်လနီးပါး ကြာတယ်၊ သူယူတဲ့ ပိုက်ဆံကလည်း များတယ်လို့ မပြောနိုင်တော့ဘူးပေါ့၊ တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်သွားရတဲ့ ခရီးကွ၊ ဆရာကြီးကွမ်လျောင်ကတော့ သိပ်တော်တဲ့ဆရာကြီးပါ။ နှင်းရည်တစ်မျိုးနဲ့ ဖော်စပ်ထားတဲ့ဆေးကို တစ်ခွက်တည်း တိုက်ရုံနဲ့ ငါ့ကိုယ်ထဲက အဆိပ်တွေ ချွေးအဖြစ်နဲ့ အကုန်လုံး ထွက်တာပဲဟေ့၊ ဒီမှာကြည့် ... ငါ့လက် ကောင်းသွားပြီ"

ကွမ်မှုနှင့် စူစီဝေတို့မှာ အလွန်တရာ ဝမ်းသာသွားကြသည်။

မှန်ပေသည် ...။

ဆရာကြီး ကွမ်လျောင်၏ဆေးသည် အစွမ်းထက်လှပေစွ။

"ကဲ ... ဒီမှာ မင်းတို့နှစ်ယောက်အတွက် အဆိပ်ဖြေဆေး နှစ်စက်၊ တစ်စက်ကို တစ်ပုလင်းပဲ၊ အဲဒါ သောက် ... မင်းတို့ကိုယ်ထဲက အဆိပ်တွေ ထွက်လာလိမ့်မယ်"

မှုပင်ကျိုသည် ကွမ်မှုအား အဆိပ်ဖြေဆေးပုလင်း လှမ်းပေးလေ၏။ စူစီဝေကိုလည်း တစ်ပုလင်းလှမ်းပေး၏။

သူတို့သည် ဆေးနှစ်ပုလင်းကို ပြိုင်တူဖွင့်၍ သောက်လိုက်ကြလေ၏။ အလွန်အေးမြသော နှင်းရည်ဆေးတစ်စက်မှာ ခန္ဓာကိုယ်အတွင်း ဝင်သွားပြီးသည်နှင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်လာတော့၏။



ဆေးသည် ထူးဆန်းလှ၏။

သူ့၌ ဆန့်ကျင်ဘက်သတ္တိထူးနှစ်ခု ရှိလေ၏။ ခဏအကြာတွင် ချွေးရည်စက်များ သွန်ထွက်လာတော့၏။ အဆိပ်များသည် ချွေးစက်များနှင့်အတူ ခန္ဓာကိုယ်ပြင်ပသို့ ထွက်လာသဖြင့် မကြာမီ သူတို့ကိုယ်တွင်းမှ အဆိပ်များ ပြင်ပသို့ ထွက်သွားသည်။

စူစီဝေ၏ လက်ယာမျက်လုံးသည် ပကတိအတိုင်း ပြန်မြင်လာလေ၏။

ကွမ်မှုလည်း ထိုအတိုင်းပင်။ သူ၏ ခြေထောက်အောက်ပိုင်းသည်လည်း သွေးလေကောင်းမွန်စွာ လည်ပတ်ပြီး သွက်လက်စွာ ပြန်လည် လှုပ်ရှားသွားလာနိုင်တော့သည်။

"ဟား ... ဟား ... ဟား ... အောင်ပြီ၊ အောင်ပြီ၊ တို့သုံးယောက် မူလအတိုင်း သိုင်းပညာတွေ ပြန်လည်လေ့ကျင့်နိုင်တော့မယ်"

သူတို့သုံးယောက်သည် ဝမ်းသာစွာ အော်ဟစ်လိုက်ကြသည်။

ထို့နောက် ...

မှုပင်ကျို၊ ကွမ်မှုနှင့် စူစီဝေတို့သည် သိုင်းပညာများကို အပြင်းအထန် ပြန်လည်လေ့ကျင့်လေတော့သည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၈၄)

# ရဲသုံးဖော်

ဘုရင်ကျွမ်းလုံ့ချိကလည်း လူပါးပင်။

သူသည် မူပင်ကျို၊ ကွမ်မူ၊ စူစီဝေ့တို့ကို လွှတ်မထားချေ။ သူသည် အမြဲစောင့်ကြည့်နေ၏။

ပထမဦး မူပင်ကျို နေမကောင်းဟူသော သတင်းပြန့်လာသဖြင့် မူပင်ကျိုအား အကဲခတ်သည်။ အမှန်တကယ်ပင် အိပ်ရာထဲ လဲနေသည်ကို တွေ့ရသောအခါ ဘုရင်ကျွမ်းလုံ့ချိသည် လွန်စွာ ဝမ်းသာသွား၏။ မူပင်ကျို သေဆုံးသွားလျှင် ကွမ်မူတို့ အားလျော့သွားမည် မဟုတ်လား။

ကျွမ်းလုံ့ချိယုံကြည်သွားသဖြင့် မူပင်ကျိုသည် တိတ်တဆိတ် ရွှေမြို့တော်ပြင်ပသို့ ထွက်ခွင့်ရခဲ့သည်။ အဆိပ်တစ်ထောင်အကြူမှတစ်ဆင့် သူ့ဆရာကြီး ကွမ်လျှောင်ထံသို့ သွားခွင့်ရခဲ့သည်။

ယခု အားလုံး အဆိပ်များ ပြေပျောက်သွားလေပြီ။

ယခု ကျွမ်းလုံ့ချိသည် ကွမ်မူတို့ သိုင်းလေ့ကျင့်နေသည်ကို မြင်တွေ့ရသောအခါ အလွန်အံ့သြသွား၏။ သူ၏အစေအပါးများထံမှ တစ်ဆင့် သိရခြင်း ဖြစ်သည်။ ထိုအခါ ကျွမ်းလုံ့ချိသည် နန်းတွင်းအုပ်စု အကာအကွယ်ရစေရန် တစ်နည်းတစ်ဖုံ စီမံတော့သည်။



ငှင်း၏စီမံချက်မှာ အလွန်သစ္စာရှိသော ချန်မျိုးနွယ်မှ ဆင်းသက်လာသည့် 'ချန်ခြူး' အမည်ရှိသော လူသန်ကြီးတစ်ယောက်ကို မှူးမြှုပြီး ဘုရင်ကျွမ်းလုံ့ချိအပါအဝင် နန်းတွင်းသိုင်းသမားအားလုံးက သူတို့တတ်မြောက်သည့် သိုင်းပညာရပ်များကို မခြွင်းမချန် သင်ကြားပေးကြရသည်။ သူတို့တတ်မြောက်သည့် သိုင်းပညာရပ်အားလုံးပင် တစ်စမကျန် မခြွင်းမချန် သင်ကြားပေးရ၏။ ဘုရင်ကျွမ်းလုံ့ချိကိုယ်တိုင် သူတတ်သမျှကို သင်ကြားပေးသည်။

နန်းတွင်းအုပ်စုသည် ကျိတ်၍လေ့ကျင့်ကြသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦးမယှဉ်ပြိုင်မီ ချန်ခြူးနှင့်လက်ရည်စမ်းရမည်ဖြစ်သည်။

ထိုအချိန်က ချန်ခြူးသည် လွန်စွာ အသက်အရွယ် ငယ်ရွယ်သူ ဖြစ်ပြီး ဉာဏ်အထွန်းတောက်ဆုံးအချိန် ဖြစ်နေသဖြင့် နန်းတွင်းသိုင်းသမားများသင်ပေးသမျှ သိုင်းကွက်တို့ကို အချိန်တိုအတွင်း လေ့ကျင့်အောင်မြင်ခဲ့သည်ချည်း ဖြစ်လေသည်။

မကြာမီ သိုင်းပညာဆန်းစစ်ပွဲတစ်ခု ကျရောက်လာသည်။

မူပင်ကျို၊ ကွမ်မူနှင့် စူစီဝေ့တို့သည် သိုင်းပညာဆန်းစစ်ပွဲ၌ ပါဝင်ရန် စာရင်းသွင်းလိုက်ကြသည်။

သူတို့သုံးယောက်သည် သိုင်းပြိုင်ပွဲ၌ ဝင်နွှဲတော့သည်။

လက်နက်မျိုးစုံ တစ်ကိုယ်လုံးတွင် ချိတ်ဆွဲထားသော ချန်ခြူးနှင့် ပထမဦးစွာ ရင်ဆိုင်လိုက်ရသည်။ မူပင်ကျို၏ လက်တစ်ဖက် ဆုံးရှုံးသွားသည်။ မူပင်ကျို မရှုမလှ ရှုံးနိမ့်သွားရ၏။

စူစီဝေ့မှာ နားရွက်တစ်ဖက် ပြတ်သွားသည်။ သူလည်း အရှုံးနှင့် ရင်ဆိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထဲတွင် ချန်ခြူး အား တကယ်တမ်း ယှဉ်ပြိုင်နိုင်သူမှာ ကွမ်မူသာ ဖြစ်၏။

ကွမ်မူသည် ချန်ခြူး၏ပန်းတွင် ဓားဒဏ်ရာတစ်ချက်ရရှိအောင် စွမ်းဆောင်နိုင်သူဖြစ်၍ သူတို့သုံးယောက်တွင် အစွမ်းဆောင်နိုင်ဆုံးသူ ဖြစ်ခဲ့လေ၏။

သို့ရာတွင် သူကိုယ်တိုင်မူ ရင်ဘတ်နှင့် ဝမ်းဗိုက်တွင် ရဲတင်းချက်ထိပြီး ပြင်းထန်သောဒဏ်ရာ ရရှိခဲ့၏။ သူလည်း အရှုံးပေးလိုက်ရသည်။

ရဲသုံးဖော်ကား ဒဏ်ရာများကိုယ်စီ ရရှိခဲ့ကြလေပြီ။ သူတို့သည် ဒဏ်ရာကိုယ်စီဖြင့် နန်းတော်တွင်းမှ ထွက်ခဲ့ကြရသည်။

"ဟား ... ဟား ... ဟား"

အောင်နိုင်သူ၏ ရယ်ခြင်းဖြင့် ရယ်မောနေသူကား ဘုရင်ကျူမ်းလုံ့ချီပင်တည်း။ ကျူမ်းလုံ့ချီသည် ခေါင်းတညိတ်ညိတ်ဖြင့် ထွက်ခွာသွားသူများ၏ ကျောပြင်ကို ကြည့်နေ၏။

သူတို့သည် မျောက်စမ်းချောင်းမြို့တော်ဟောင်းဆီသို့ ဦးတည်ထွက်ခွာလာခဲ့ကြသည်။

"ငါတို့ ဒီမျောက်စမ်းချောင်းမြို့တော်ဟောင်းမှာပဲ အပြီးနေထိုင်တော့မယ်"

မူပင်ကျီက သူ၏ဆုံးဖြတ်ချက်ကို ပြောပြလေ၏။

စူစီဝေက ...

"ကောင်းတယ် ... ကျွန်တော်တို့ အရှုံးဘဝကို ကျွန်တော်တို့ ခံရတော့မယ်၊ မခံလို့ မရဘူး။ ဒီတော့ ကျွန်တော်တို့ဘဝကို ဒီမြို့



ဟောင်းမှာပဲ ဇာတ်မြှုပ်လိုက်ကြတာပေါ့"

ကွမ်မူက ခေါင်းကို ခါယမ်းလိုက်လေ၏။

"ကျွန်တော်တို့တစ်တွေ ဒီလောက် စိတ်ဓာတ်ကျဖို့ မလိုသေးပါဘူး။ အနိုင်ရနိုင်မယ့် နည်းလမ်းရှိပါသေးတယ်၊ လိုလျှင်ကြံဆနည်းလမ်းရပေါ့"

စူစီဝေက ...

"ဘယ်လိုနည်းလမ်းများလဲ အစ်ကိုလေး"

မူပင်ကျီက ...

"မင်းရဲ့နည်းလမ်းက ဘယ်လိုနည်းလမ်းလဲ ကွမ်မူရဲ့"

ကွမ်မူက မဲ့ပြုံးပြုံး၏။

"ငါးကြင်းဆီနဲ့ငါးကြင်း ပြန်ကြော်တဲ့နည်းလမ်းပေါ့"

မူပင်ကျီက ပြောလေ၏။

"ငါတော့ မင်းပြောတာ နားမလည်ပါဘူးကွာ"

"ကျွန်တော်ပြောတာက သူတို့နည်းနဲ့ သူတို့ကို ပြန်သုံးရမယ်လို့ ပြောတာပါ"

"ဘာနည်းလဲကွ"

"ကျွန်တော်တို့မှာ လူယုံတော် လျှိုနန်ကျင်းရှိတယ် မဟုတ်လား"

"ရှိတယ်လေ ... သူ့ကို ဘာလုပ်ရမှာလဲ"

"ပထမဆုံးလုပ်ရမှာက သူဟာ သာမန်မြို့တော်သား ဖြစ်နေတယ်၊ သူ့ကို ကျွန်တော်တို့ အကြီးအကဲအုပ်စုဝင်ဖြစ်အောင် လုပ်ပေးရမယ်၊ ဒါကလည်း မခက်ပါဘူး။ ကျွန်တော်တို့ သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲ၊ သူ အကြီးအကဲအုပ်စုဝင်ဖြစ်ရင် လျှုနန်ကျင်းကို သိုင်းပညာအားလုံး သင်ပေးရမယ်၊ ကျွန်တော်တို့သုံးယောက်စလုံးရဲ့ သိုင်းပညာတွေကို သင်ပေးရမယ်၊ လျှုနန်ကျင်းက ကျွန်တော်တို့ ကိုယ်စားနန်းတွင်းအုပ်စုဝင် ချန်ခြူးကို ရင်ဆိုင်တိုက်ခိုက်ရလိမ့်မယ်"

မှုပင်ကျိ၏ မျက်နှာသည် ဝင်းလက်သွား၏။

"ဟာ ... ဟုတ်တာပေါ့။ ကွမ်မူပြောတာ အမှန်ပဲ၊ ငါတို့တစ်ယောက်ချင်းသာ ချန်ခြူးကို မနိုင်တာပါ။ ငါတို့သိုင်းပညာရပ်တွေစုပေါင်းထားတဲ့ လျှုနန်ကျင်းကတော့ ချန်ခြူးကို နိုင်မှာသေချာပါတယ်"

စူစီဝေကလည်း သူ့ခေါင်းကိုပုတ်၍ အားပါးတရ ပြောသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ အစ်ကိုလေး ကွမ်မူပြောမှ ကျွန်တော်လည်း သတိရတယ်၊ အဲဒီနည်းလမ်းနဲ့ပဲ သူတို့ကို ကျွန်တော်တို့ အနိုင်တိုက်နိုင်မယ်"

ထို့နောက် ... မှုပင်ကျိ၊ ကွမ်မူနှင့် စူစီဝေတို့သည် သူတို့ကိုယ်သူတို့ ကျန်းမာအောင် ပြန်လည်ပြုစုကုသကြရတော့သည်။ ထိုအတွင်း သူတို့သည် လျှုနန်ကျင်းအား သူတို့အုပ်စုဝင်အဖြစ် သွတ်သွင်းကြေညာသည်။

ဘုရင်ကျွမ်းလုံ့ချီသည် လျှုနန်ကျင်းကို သိသော်လည်း အရေးမကြီးလှဟု ယူဆသည်။

ကွမ်မူတို့အုပ်စုကလည်း သူတို့၏သိုင်းပညာကို လျှုနန်ကျင်းအား သင်ပေးသည့်ကိစ္စကို အခြားလူသူ တစ်ဦးတစ်ယောက်မျှ မသိအောင် လျှို့ဝှက်ထားကြလေ၏။



ထိုသတင်းသည် လုံးဝပိရိလေရကား ဘုရင်ကျွမ်းလုံ့ချီသည် ဓပ်အေးအေး ခပ်ပျော်ပျော် ရှိနေလေ၏။

လျှုနန်ကျင်းသည် အိမ်ထောင်သည်တစ်ဦး ဖြစ်သည်။ သူ့၌ သမီးတစ်ဦးရှိသည်။ သူမ၏အမည်မှာ တောင်တင်းရယ် ဖြစ်လေ၏။

ကွမ်မူကလည်း သားတစ်ဦးရှိသူဖြစ်ရာ ထိုသားငယ်ကို လျှုနန်ကျင်းအား ပေးအပ်ပြီး မွေးစားစေလေသည်။

ကွမ်မူ၏သားမှာ ကွမ်ယုဖြစ်သတည်း။

ကွမ်မူ၏အစီအစဉ်မှာ ပြီးပြည့်စုံသောအစီအစဉ်ဖြစ်၏။

သူ၏အစီအစဉ်မှာ ပိပိရိရိရှိသည်။

လျှုနန်ကျင်းသည် သိုင်းပြိုင်ပွဲ သုံးကြိမ်တိတိ ယှဉ်ပြိုင်ရမည်။ သုံးကြိမ်စလုံး အနိုင်ရဗိုလ်စွဲရမည်။ အနိုင်ရရှိအောင်လည်း သူတို့က လျှုနန်ကျင်းကို သိုင်းပညာ သင်ပေးမည်ဖြစ်သည်။ လျှုနန်ကျင်းသည် သုံးကြိမ်ဗိုလ်စွဲလျှင် နန်းတွင်းအုပ်စုသို့ ပြောင်းလဲခံယူခွင့်ရှိမည်ဖြစ်ရာ လျှုနန်ကျင်းသည် နန်းတွင်းအုပ်စုသို့ ပြောင်းလဲဝင်ရမည်ဖြစ်၏။ သူသည် နန်းတွင်းအုပ်စု၏ လူယုံဖြစ်ရန်အထိ သိုသိုသိပ်သိပ် နေထိုင်ရမည်ဖြစ်သည်။

ထို့နောက် ကွမ်မူ၏သား ကွမ်ယုကို ဘုရင်ကျွမ်းလုံ့ချီ၏ နေရာရရှိရေးအထိ ဆက်လက်ကူညီသွားရမည်ဖြစ်သည်။

လျှုနန်ကျင်း၏သမီး တောင်တင်းရယ်ကိုတော့ အကြီးအကဲအုပ်စုတွင် ခေါင်းဆောင်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည်။

ဤသည်မှာ ကွမ်မူ၏အစီအစဉ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်မှူ၏ထိုအစီအစဉ်ကို မူပင်ကျိုနှင့် စူစီဝေ့တို့ကလည်း လုံးဝသဘောတူညီလေ၏။

ထိုအစီအစဉ်တွင် အဓိကကျသူမှာ လျှုနန်ကျင်းဖြစ်လာသည်။ အရာအားလုံးသည် လျှုနန်ကျင်း သစ္စာရှိမှု မရှိမှုအပေါ်၌သာ တည်နေတော့သည်။

လျှုနန်ကျင်းသည် ကျေးဇူးရှင်သုံးဦးအပေါ် လုံးဝသစ္စာမဖောက်ရန်နှင့် ကွမ်မှူ၏အစီအစဉ်အတိုင်း လုံးဝဥဿုံ အောင်မြင်သည်အထိ အသက်ပေးဆောင်ရွက်ရန် ယမမင်းကို တိုင်တည်၍ ကျိန်ဆိုလေသည်။

ထိုအခါ ကွမ်မှူသည် သူ့အစီအစဉ်ကို စတင်တော့သည်။

မူပင်ကျိုး ကွမ်မှူနှင့် စူစီဝေ့တို့၏ အမျိုးအစားမတူညီသော သိုင်းပညာရပ်များသည် လျှုနန်ကျင်းထံသို့ စီးဝင်ပေါင်းစပ်လေတော့၏။ လပေါင်းများစွာ ကြာသောအခါ လျှုနန်ကျင်းသည် ထိပ်တန်းသိုင်းပညာရှင်ကြီး ဖြစ်မှန်းမသိ ဖြစ်လာတော့၏။

သူတို့သုံးဦး၏ပညာရပ်များ ပေါင်းစပ်ထားသော ပညာရပ်သည် လျှုနန်ကျင်းအတွက် သိုင်းပညာရပ်တစ်မျိုး ဖြစ်သွား၏။ လျှုနန်ကျင်း၏ သိုင်းပညာရပ်ကို ဝိညာဉ်သွင်းသိုင်းပညာရပ်ဟူ၍ ခေါ်ဆိုလေ၏။ လျှုနန်ကျင်းသည် တကယ့်ပညာရှင်တစ်ဦး ဖြစ်သွားပေပြီ။သို့သော် သူသည် ကွမ်မှူတို့၏သစ္စာကိုမူ စောင့်သိရလေသည်။

ကွမ်ယုမှာ ယေ်ရွယ်စဉ်အခါကပင် လျှုနန်ကျင်း၏သားအဖြစ် ပြောင်းလဲနေထိုင်ရလေသည်။

ထိုစဉ်က ကွမ်ယုသည် ဘာကိုမျှ မသိသေးပေ။



လျှုနန်ကျင်းသည် ကွမ်ယုအား ဓားကောက်သုံးချောင်း လှုပ်ရှားရသော သိုင်းကွက်ကို အစဉ်အမြဲ ကစားပြခဲ့လေ့ရှိသည်။ ဝိညာဉ်သွင်း အစိုပ်ပျောက် ဓားပျံနက် တိုက်ကွက်ဖြစ်လေသည်။

ထို့ကြောင့် ကွမ်ယုသည် ဓားနက်သုံးချောင်းတိုက်ကွက်ကို အိပ်မက်လိုလို၊ တကယ်မြင်ဖူးသလိုလို သတိရနေခြင်း ဖြစ်သည်။ အမှန်တကယ်အားဖြင့် သူသည် တကယ်ထိတွေ့ခဲ့ခြင်း ဖြစ်သည်။

တစ်နေ့တွင် ကွမ်ယုဘဝအား ပြောင်းလဲစေသည့် အဖြစ်အပျက်ကြီးတစ်ခုသည် မျောက်စမ်းချောင်းမြို့တော်ဟောင်းကြီး အတွင်း၌ ပေါ်ပေါက်ခဲ့လေသည်။

တရုတ်ပြည်မကြီးတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသော တောင်ပေါ်မြားနက်ဂိုဏ်းသားများသည် မည်သည့်နေရာက သဲလွန်စ ရသွားသည်မသိ ... မျောက်စမ်းချောင်းမြို့တော်ဟောင်းကြီးရှိရာသို့ ကျူးကျော်ဝင်ရောက်လာကြလေသည်။

သူတို့သည် မျောက်စမ်းချောင်းမြို့တော်ဟောင်းနန်းတော်အား ဝိုင်းပတ်လိုက်ကြ၏။ နန်းတော်ထဲတွင် မူပင်ကျို ကွမ်ယုနှင့် စူစီဝေ့တို့ ရှိကြသည် မဟုတ်ပါလော။

တောင်ပေါ်မြားနက်ဂိုဏ်းသားများသည် မျက်နှာဖုံးနက်ကို လူတိုင်းစွပ်ထားကြသည်။ သူတို့အား မည်သူမှန်းမသိစေရန်ဖြစ်၏။

ကွမ်မှူသည် ဝိုင်းပတ်လာသည့် ရန်သူ့အခြေအနေကို ကြည့်လိုက်၏။ ဝိုင်းလာသည့် ရန်သူအင်အားများမှာ လွန်စွာများပြားလှသည်။ လှုပ်ရှားမှုများကို ကြည့်၍ ထိပ်တန်းသိုင်းသမားများ အတော်များများ ပါဝင်လာသည် ကို တွေ့မြင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေမှာ အခြေအနေကောင်း မဟုတ်ပေ။

ကွမ်မှူသည် ရဲသုံးဖော်ထဲတွင် စိမ်ခန့်ခွဲသူ ဖြစ်လေသည်။

"လျှုနန်ကျင်း ... ကွမ်ယုနဲ့တောင်တင်းရယ်ကို ခေါ်သွား၊ ကလေးနှစ်ယောက်နဲ့အတူ နန်းတော်ရဲ့ မြေအောက်ခန်းထဲမှာ ပုန်းနေပါ"

လျှုနန်ကျင်းက ...

"ကျွန်တော် ... ကျွန်တော် ဆရာကြီးတို့နဲ့အတူ ခုခံပါရစေ"

"မဖြစ်ဘူး လျှုနန်ကျင်း၊ မင်းကို ပုန်းခိုင်းတာ အကြောင်းရှိတယ်၊ မင်းအနေနဲ့ ငါတို့ ဘာဖြစ်နေဖြစ်နေ ဝင်ကူစရာ မလိုဘူး၊ ငါခေါ်တဲ့အခါကျမှ မင်းတစ်ယောက်တည်း ထွက်လာခဲ့ဖို့ လိုတယ်၊ ကလေးတွေကိုတော့ လုံခြုံတဲ့နေရာမှာ ဝှက်ထားလိုက်၊ မင်းရဲ့အစွမ်းသတ္တိကို ဘယ်သူမှ မမြင်တွေ့စေချင်ဘူး၊ အထူးသဖြင့် ဘုရင်ကျွမ်းလုံ့ရှီ မသိအောင် ငါဖုံးကွယ်ထားတာပဲ၊ ကဲ ... သွားပေတော့"

ကွမ်မှူက ထိုသို့အမိန့်ပေးစေခိုင်းလိုက်၏။

လျှုနန်ကျင်းသည် မသွားချင်သွားချင်ဖြင့် ထွက်သွားရသည်။ သူသည် မှူပင်ကျို၊ ကွမ်မှူနှင့် စုစီဝေတို့နှင့်အတူ သေသေကျေကျေ တိုက်ခိုက်လိုသည်။ သို့သော် အမိန့်ကတော့ အမိန့်ပင်။ စုစီဝေ၊ မှူပင်ကျို၊ ကွမ်မှူတို့၏အမိန့် ကို သူသည် ပယ်ဖျက်၍မရချေ။ ထို့ကြောင့် သူသည် နောက်ဆံငင်လျက်ဖြင့် ကလေးနှစ်ဦးကို လက်တွဲထွက်သွားရလေတော့သည်။ ကွမ်မှူက ...

"ကျွန်တော် စုံစမ်းပြီးပြီ၊ ကျွန်တော်တို့ဆီကို ဂိုဏ်းသားတစ်စုစုက တိုက်ခိုက်မယ်ဆိုတာတော့ ကျွန်တော်သိပြီးပြီ၊ ဘယ်ဂိုဏ်းသားတွေ လာမယ်ဆိုတာတော့ မသိခဲ့ဘူး၊ အခုလာတာ တောင်ပေါ်မြားနက်ဂိုဏ်းသားတွေပဲ၊ သူတို့ ဘယ်လောက်မျက်နှာဖုံးစွပ်ထားစွပ်ထား တောင်ပေါ်မြားနက်ဂိုဏ်းသားတွေဆိုတာကို ကျွန်တော်သိတယ်၊ သူတို့ရောက်လာတာဟာလည်း ဘုရင်ကျွမ်းလုံ့ရှီရဲ့ လှည့်ကွက်တစ်ခုကြောင့် ရောက်လာတာပဲ၊



သူက အစ်ကိုကြီးရယ် ကျွန်တော်ရယ်၊ စုစီဝေရယ်ကို အသေသတ်ချင်တယ်၊ ဒါပေမယ့် သူ သစ္စာဆိုထားတယ်လေ၊ ရှင်းလို့မရဘူး၊ ဒါကြောင့် တောင်ပေါ်မြားနက်ဂိုဏ်းသားတွေကို တစ်ဖက်လှည့်နဲ့ လွှတ်ပေးလိုက်တာပဲ၊ ဘုရင်ကျွမ်းလုံ့ရှီနဲ့ တောင်ပေါ်မြားနက်ဂိုဏ်း အဆက်အသွယ်လုပ်နေတာကို ကျွန်တော် စုံစမ်းသိရှိထားတယ်"

စုစီဝေက ...

"လမ်းဆုံးရင်ရွာတွေ့ ဆိုတဲ့စကားရှိတာပဲ၊ အဖြစ်အပျက်ပြီးဆုံးသွားရင်တော့ အမှန်တရားကို တွေ့မှာပဲ"

ကွမ်မှူက ...

"မင်းအမှန်တရားကို ရှာဖို့မလိုပါဘူး၊ ငါ့ရဲ့သူလျှိုတွေက ဒီသတင်းကို ပေးတာပါ၊ ဒီကောင်တွေဟာ တောင်ပေါ်မြားနက်ဂိုဏ်းသားတွေဆိုတာ သေချာပါတယ်"

မှူပင်ကျိုက ...

"အေး ... တောင်ပေါ်မြားနက်ဂိုဏ်းသားတွေ ဖြစ်ဖြစ် တောင်အောက်မြားနက်ဂိုဏ်းသားတွေဖြစ်ဖြစ် သူတို့ကို ငါတို့ ရှင်းပစ်ရမှာပဲ၊ မျောက်စမ်းချောင်းမြို့တော်ဟောင်းက သူ့ရဲ့ကောင်းတွေဟာ ဘယ်လိုသတ္တိရှိကြတယ်ဆိုတာ သူတို့ သိသွားစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်မူက ခေါင်းညိတ်၏။

"ကျွန်တော်တို့က လူနည်းတယ်၊ ဒါပေမယ့် ဘယ်လိုတိုက်တတ်တယ်ဆိုတာတော့ သူတို့သိသွားစေရမယ်"

မူပင်ကျိုက ...

"ငါ့ရဲ့လက်အတုတွေဟာ ရန်သူရဲ့အသက်ကို ခြွေတဲ့နေရာမှာ ဘယ်လိုထက်မြက်တယ်ဆိုတာ သူတို့ မြင်သွားစေရမယ်"

သူသည် သူ၏လက်တုကို ဝှေ့ယမ်းရင်း ပြောလေ၏။

နန်းတော်ဟောင်း အပြင်ဘက်တွင် ဝန်းရံထားသော တောင်ပေါ်မြားနက်ဂိုဏ်းသားများမှာ ငြာသံပေးကြလေပြီ။

ကွမ်မူက ...

"အင်း ... အင်အားကတော့ အတော်များတယ်၊ ကျွန်တော်တို့ အပြင်းအထန် တိုက်ကြရမှာပဲ"

မူပင်ကျိုက ...

"သိပ်သေချာတာပေါ့"

ထိုအခါ ကွမ်မူက ..

"ဒီကောင်တွေက လူအင်အားလည်း များတယ်၊ ထိပ်သီးသိုင်းသမားတွေလည်း ပါတယ်၊ ကျွန်တော်တို့သုံးယောက်က ဒီကောင်တွေကို ရှင်းနိုင်မှာ မဟုတ်ဘူး"

မူပင်ကျိုက ...

"ငါတို့ အသေခံတိုက်ရုံ ရှိတော့တာပဲ"

"အသေခံတိုက်ဖို့ မလိုပါဘူး။ သူတို့ကို ကျွန်တော်တို့ ရှင်းနိုင်သမျှ ရှင်းကြတာပေါ့၊ ခြေကုန်လက်ပန်းကျရင်လည်း ပရိယာယ်သုံးပြီး



သေချင်ဟန်ဆောင်ကြရမယ်၊ သေတာတော့ သဘာဝကျဖို့ လိုတယ်နော်၊ ဘာမဟုတ်တဲ့ကောင်တွေရဲ့လက်ထဲမှာ ကျွန်တော်တို့ အသက်တွေ အသေခံဖို့ မလိုပါဘူး"

စုစီဝေက ...

"ကျွန်တော်တို့ သေချင်ဟန်ဆောင်ရမယ်"

ကွမ်မူက ခေါင်းညိတ်၏။

"သေချင်ဟန်ဆောင်တာ မခက်ပါဘူး ညီလေးရယ် ... အသက်ရှူတာကို အတွင်းအားနဲ့ ထိန်းချုပ်လိုက်ပေါ့"

စုစီဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ကျွန်တော် အဲဒီအတိုင်း ဆောင်ရွက်ပါ့မယ်"

ကွမ်မူက မူပင်ကျိုကို ပြောလိုက်၏။

"အစ်ကိုကြီး ... အဆင်သင့်ဖြစ်ပြီလား"

မူပင်ကျိုက ခေါင်းညိတ်ပြ၏။

"ကဲ ... ဒီလိုဆိုရင် ဒီကောင်တွေနဲ့ ရင်ဆိုင်တော့မယ်"

ကွမ်မူသည် မူပင်ကျိုနှင့် စုစီဝေကို ကြည့်ပြီးနောက် ခန်းမတံခါးကြီးကို ဆွဲဖွင့်လိုက်တော့၏။

သူတို့သုံးယောက်သည် လှေကားထိပ်မှာ မားမားမတ်မတ် ရပ်၍ ရင်ဆိုင်လိုက်ကြ၏။

တောင်ပေါ်မြားနက်ဂိုဏ်းသည် မဆင်မခြင်ပင် နန်းတော်လှေကားထစ်များအတိုင်း ပြေးတက်လာကြလေတော့သည်။

သူတို့သည် သူရဲကောင်းသုံးယောက်ကို လျှော့တွက်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သူရဲကောင်းသုံးယောက်ကို သာမန်စားသမားများ ထင်မှတ်၍ လှေကားအတိုင်း ပြေးတက်လာကြခြင်းဖြစ်သည်။

တက်လာသော ရှေ့ဆုံးမှ တပ်သားများအားလုံး အတုံးအရုံးပင်။

ကွမ်မှူး၏ဓားချက်အောက်တွင်လည်းကောင်း၊ မူပင်ကျိ၏ ရွှေလက်တုစကြာလက်နက်အောက်တွင်လည်းကောင်း၊ စူစီဝေ၏ ဓားသွားနှင့်မိန်းသွားများအောက်တွင်လည်းကောင်း သွေးတို့သည် ရဲရဲနီ စွေးလျက် လှေကားတစ်လျှောက် စီးဆင်းကြတော့၏။

ကျောက်လှေကားက ကျောက်လှေကားဟု မထင်ရတော့ပေ။ သွေးလှေကား ဖြစ်နေပေပြီ။ သွေးများဖြင့် နီရဲရွဲအိုင်သွားတော့သည်။

တောင်ပေါ်မြားနက်ဂိုဏ်းသားများ၏ ကိုယ်လုံးကြီးများသည် ကျောက်လှေကားပေါ်မှ လိမ့်ဆင်းလာလေတော့သည်။ အော်သံဟစ်သံများ၊ သေခါနီး အကြောဆွဲနေခြင်းများ၊ ပြူးထွက်နေသော မျက်လုံးကြီးများဖြင့် လွှတ်ကျသွားသောဓားကို တရွတ်ဆွဲ၍ လိုက်ရှာနေခြင်းများ၊ ဟပြဲနေသော ပါးစပ်မှသွေးများ စီးကျနေခြင်းများကား အဝီစိပွက်သကဲ့သို့ပင်။

ရဲသုံးဖော်ကား မားမားမတ်မတ်ရပ်လျက် ထိုးခုတ်တိုက်ခိုက်နေဆဲပင် ဖြစ်ပေသည်။

◎◎◎



(၈၅)

## ကောက်ကျစ်သောအကြံ

တောင်ပေါ် မြားနက်ဂိုဏ်းသားများကား ငရဲသို့ ဖြတ်လမ်းက သွားသောနေ့ပင်။

နန်းတော်ဆောင်တစ်ခုလုံး မရဏာရှင်သေမင်းက မရပ်မနားပျံ့ဝဲနေသည်။ သူ၏တောင်ပံနက်ကြီးဖြင့် ထိသမျှသည် အသက်ဝိညာဉ် ကြွေလွင့်သွားကြရပြီ ဖြစ်သည်။

"အား ..."

"အီး ..."

"သေလိုက်ကြစမ်း"

"ငါတို့ဟာ မျောက်စမ်းချောင်းသူရဲကောင်းတွေကွ"

"လာသမျှကို သတ်မယ်"

"တောင်ပေါ် မြားနက်ဂိုဏ်းသားတွေကို အကုန်သတ်"

ကွမ်မှူးတို့၏ ကြိမ်းဝါးသံသည် ဟီးဟီးထနေ၏။ အလောင်းများလည်း ထပ်နေလေပြီ။ မြားနက်ဂိုဏ်းသားများ ရှုံသွား၏။ နောက်တွန့်သွားကြလေပြီ။

ထိုအချိန်မှာပင် မြားနက်ဂိုဏ်းသားများ ထဲမှ လူဆယ့်ငါးဦး မှန်ထွက်လာ၏။ မျက်နှာဖုံးအနက်စွပ်ထားသူများ ဖြစ်သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ပိုက်ကွန်များ၊ မှိန်းရှည်များကို ကိုင်ထားသည်။

ထို့နောက် မြင်းဖုန်ခါတ်နှင့် ကျာပွတ်ကိုင်ခုနှစ်ဦး ခုန်ထွက်လာပြန်သည်။

စုစုပေါင်း နှစ်ဆယ့်နှစ်ဦး ရှိသွားပေပြီ။ အားလုံး ထိပ်သီးသိုင်းသမားများဖြစ်သည်ကို မကြည့်ဘဲနှင့် သိနိုင်သည်။

သူတို့သည် ကွမ်မှူတို့ လက်ပန်းကျအောင် လူအင်အားသုံးပြီး တိုက်ခိုက်ခြင်းဖြစ်သည်။

ထို့ပြင် ထိပ်သီးသိုင်းသမားဖြစ်ဟန်တူသော သိုင်းသမားသုံးဦးလည်း ထွက်လာခဲ့သည်။

သိုင်းသမားစုစုပေါင်း နှစ်ဆယ့်ငါးဦး ရှိသွားလေပြီ။

နောက်ဆုံးထွက်လာသော သိုင်းသမားသုံးဦးသည် တစ်ဦးက ရဲတင်းကို ကိုင်ထား၏။ တစ်ဦးက သံတုတ်ရှည်ကိုင်၏။ တစ်ဦးက သုံးမြွာကွဲလှံတံကို ကိုင်ဆောင်သည်။ သူတို့သည် အခြေအနေကို ကြည့်ကြသည်။

ပိုက်ကွန်အဖွဲ့သားများက ကွမ်မှူတို့ကို ဝိုင်းဝိုင်းလိုက်၏။

ကွမ်မှူတို့မှာ ထိုအချိန်၌ လက်ပန်းကျနေကြပြီ ဖြစ်၏။ သူတို့ ထိုးခုတ်တိုက်ခိုက်ရသော ရန်သူများမှာ မတရားများလှသည်။ အလောင်းချင်း ထပ်နေသည်က သူတို့တိုက်ပွဲအခြေအနေကို ဖော်ပြနေသည်။ ရန်သူများကို ဤမျှ ရှင်းလင်းသုတ်သင်ရသဖြင့် သူတို့လက်များကိုပင် မမြောက်ချင်လောက်အောင် ဖြစ်နေပေ၏။

သို့သော် သူတို့သည် အလွန်မာန်ကြီးလှသည်။

သူတို့ ဟန်ဟန်ပန်ပန် ရပ်နေသည်မှာ မည်သူ့ကိုမျှ ထိ



မထင်ဟန်ရှိသည်။ ထို့ကြောင့် သူတို့ လက်ပန်းကျနေသည်ကို မည်သူမျှ မရိပ်စားမိကြချေ။

ထိပ်သီးသိုင်းသမားများ သူတို့အား ဝိုင်းလိုက်သည်ကို သူတို့ ကြည့်နေကြသည်။

ကွမ်မှူက ...

"အစ်ကိုကြီးနဲ့ညီလေး ... ငါတို့ ကျောချင်းကပ် ရပ်ကြမယ်၊ ဒါမှ သူတို့ကို ခုခံနိုင်မှာ၊ နို့မို့ဆိုရင် ခုခံနိုင်မှာ မဟုတ်ဘူး"

ကျောချင်းကပ်ရပ်လိုက်သောအခါ ကွမ်မှူက ·'စူစီဝေအား တိုးတိုးပြောလေသည်။

"ညီလေး ... ရှေ့ကိုထွက်လာတဲ့ သိုင်းသမားသုံးယောက်ကို တွေ့သလား၊ အဲဒီထွက်လာတဲ့ သိုင်းသမားတွေဟာ ထိပ်သီးသိုင်းသမားတွေ၊ အဲဒီသုံးယောက်ကို ညီလေးက အပီအပြင်တိုက်ခိုက်ပေတော့၊ ဒဏ်ရာရရင် သေဟန်ဆောင်လိုက်ပေတော့"

သူသည် သူ၏အတွင်းအားများကို အားကုန်ထုတ်ကာ စူစီဝေ၏ကျောပြင်ကို တွန်းလိုက်သည်။ အတွင်းအား ပေးပို့ကူညီ ဖြည့်ဆည်းပေးခြင်း ဖြစ်၏။

စူစီဝေသည် ကွမ်မှူ၏ အတွင်းအားကို လက်ခံယူလိုက်ပြီး ပျံပျံထွက်သွားလေသည်။ စူစီဝေသည် လှေကားအမြင့်ထက်မှ ခုန်ပျံထွက်သွားခြင်းဖြစ်ရာ ထိုထိပ်သီးသိုင်းသမားသုံးဦး၏ ခေါင်းပေါ်မှ ငှက်အသွင်ပျံတက်ရောက်ရှိလာသည်။

ရုတ်တရက် မိမိတို့ ခေါင်းပေါ်သို့ ငှက်တစ်ကောင်လို ပျံဝဲရောက်ရှိလာသော စူစီဝေကို ထိပ်သီးသိုင်းသမားသုံးယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



အုံအားသင့်လျက် ငေးကြည့်နေကြသည်။

ရဲတင်းကိုင် သိုင်းသမားနှင့် သံတုတ်ရှည်ကို ကိုင်ထားသူ[illegible] က အုံအားသင့်သွားကြသော်လည်း ရုတ်တရက် ခုခံနိုင်ကြသည်။

သုံးမြွာကွဲလှံတံကိုင်ထားသူမှာ ရုတ်တရက် ခုခံရန်အ[illegible] အနည်းငယ် နောက်ကျသွားသည်။

ထိုတခဏအချိန်ကလေးမှာပင် စူစီဝေ၏မိန်းသွားက သုံးမြွာ ကွဲလှံတံကို ဖြတ်ကျော်လျက် ရန်သူ၏ရင်ဝသို့ မိန်းသွားတစ်ဆုံး စိုက် ဝင်သွားလေသည်။

"အား ..."

စူစီဝေသည် လက်နက်နှစ်မျိုးကို ကိုင်ဆောင်လာသူ ဖြ[illegible] သည်။ လက်တစ်ဖက်က မိန်းလက်နက်ကို ကိုင်ဆောင်ပြီး တစ်ဖက်[illegible] ဓားကောက်လက်နက်ကို ကိုင်ဆောင်ယူခဲ့သည်။ သူသည် သုံးမြွာ[illegible] လှံတံကို ကိုင်ဆောင်သူအား အသေတိုက်ခိုက်နိုင်ပြီး သံတုတ်ရှ[illegible] ကိုင်ဆောင်သူ၏ တိုက်ခိုက်မှုကို ဓားကောက်ဖြင့် ခုခံနိုင်ခဲ့သည်။

'ခြွမ်း ...'

'ချလွမ်း ...'

သို့သော် ရဲတင်း၏တိုက်ခိုက်မှုကိုတော့ မရှောင်နိုင်ချေ။ ပ[illegible] တွင် နက်ရှိုင်းစွာ စိုက်ဝင်သွားသည်။

"အား ..."

စူစီဝေ၏ခန္ဓာကိုယ်သည် လေထဲတွင် လိမ့်ထွက်သွား[illegible] နန်းတော်လှေကားထစ်များပေါ်ရှိ အလောင်းများပေါ်သို့ ပစ်ကျသွ[illegible] သည်။ စူစီဝေသည် ကြိုးစား၍ ထပါသော်လည်း နောက်ဆုံးမထ[illegible]



[illegible] သေဆုံးသွားလေတော့သည်။

"တစ်ယောက်တော့ ကျသွားပြီဟေ့"

တောင်ပေါ်မြားနက်ဂိုဏ်းသားများက အော်ဟစ်လိုက်ကြ သည်။

ထိုစဉ် ကွမ်မူနှင့်မူပင်ကျိုတို့လည်း တစ်ပြိုင်တည်း ခုန်ဝင် သွားကြသည်။ မြင်းဖုန်ခါတံနှင့် ကျအပွတ်ကိုင်သူခုနှစ်ဦးကလည်း ရှေ့သို့ ခုန်တက်ကာ ကွမ်မူတို့ကို ဝင်ရောက်ဟန့်တားလေတော့သည်။

'ဒိုး ...'

'ဒိုး ...'

'ခြွမ်း'

"အား ..."

"အား ..."

"အား ..."

ကွမ်မူ၏ဓားနှင့် မူပင်ကျို၏ ရွှေလက်တုတ်တို့သည် တရိပ်ရိပ် ဖြတ်သန်းသွားလေ၏။ အော်ဟစ်သံများနှင့်အတူ ရန်သူအတော်များ များ လဲပြိုသွားသည်။

'ခြွမ်း ... ချလွမ်း ... ခြွမ်း'

'ဒိုး ... ဒိုး ... ဝုစ်'

ပိုက်ကွန်အဖွဲ့သားများက ပိုက်ကွန်နှင့် ပစ်ကြသည်။ ပိုက် ကွန်သည် သာမန်ပိုက်ကွန်မဟုတ်ချေ။ ချည်ပိုက်ကွန် မဟုတ်။ သံမဏိပိုက်ကွန် ဖြစ်သည်။

ကွမ်မူ၏ဓားကလည်း သံမဏိပိုက်ကွန်ကို ယမ်းထုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မူပင်ကျီ၏ ရွှေလက်တုကလည်း သံမဏိပိုက်ကွန်များကို ခါထုတ်ပစ်သည်။ ထိုအခါ မီးပွားများလွင့်စဉ်သွားသည်။ ပိုက်ကွန်များလည်း နောက်ပြန်လွင့်သွားသည်။

ရှုစီဝေ့တိုက်ခိုက်စဉ်က ကျန်ရှိနေသော ထိပ်သီးသိုင်းသမားနှစ်ဦးသည် ခုန်ဝင်လာကြပြန်၏။ သူတို့၏ရဲတင်းနှင့် သံတုတ်ရှည်သည် စကြာပမာ ဝေ့ယမ်းလှုပ်ရှားနေသည်။

ထိုစဉ် ပိုက်ကွန်တစ်ခုသည် အပေါ်ပိုင်းမှ မလာ၊ အောက်ပိုင်းမှ လာသည်။ ကွမ်မူသည် ပိုက်ကွန်ကို ခုခံရမည်လော၊ ရဲတင်းကို ခုခံရမည်လောဟု ရုတ်တရက် ဝေခွဲမရဖြစ်သွား၏။ သို့သော် သူသည် ရဲတင်းကို ခုခံလိုက်သော်လည်း သူ့ခြေစားမှာ ကျိုးသွား၏။ ရဲတင်းဒဏ်ရာများသည် တစ်ကိုယ်လုံးအနှံ့ရရှိသွားပြီ။ ခြေထောက်ကို ပိုက်ကွန်က ရိုက်လိုက်သောအခါ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားသည်။ လဲကျရာမှ အားယူထသော်လည်း သွေးပွက်ပွက်အော့အန်ကာ နောက်ဆုံး ငြိမ်သက်သွားသည်။

မူပင်ကျီသည် ရန်သူများကို ရွှေလက်တုဖြင့် ရိုက်ဖယ်ပြီး ကွမ်မူနံဘေးသို့ ခုန်ပျံရောက်ရှိလာ၏။ သူသည် ကွမ်မူအား ပွေ့ထူလိုက်သည်။ ကွမ်မူကား သေဆုံးသွားလေပြီ။ မူပင်ကျီသည် ကွမ်မူကို အသာချပြီး ဒေါသတကြီး ထရပ်လိုက်သည်။

'ရှီ ... ရှီ'

'ဝှစ် ...'

"အား..."

မူပင်ကျီ၏ကျောပြင်တွင် မြားနက်နှစ်ချောင်း စိုက်ဝင်ပြီးရင်ဘတ်တွင် မှိန်းသွားတစ်ခု ထိုးဖောက်ဝင်ရောက်လာလေသည်။ မူပင်ကျီသည် တုန်ယင်စွာ ရပ်နေသည်။ သူသည် အတွင်းအားများကို ထုတ်လိုက်၏။ ရင်ဝ၌စိုက်နေသော မှိန်းသွားနှင့် ကျော၌စိုက်နေသော မြားနှစ်ချောင်းသည် ဖောက်ခနဲ ဖောက်ခနဲ ပြုတ်ကျသွားလေ၏။ သွေးများသည် ဝေါက်ဝေါက်ပန်းထွက်သွားလေသည်။

"ကျား"

သူသည် အတွင်းအားကို အစွမ်းကုန်ထုတ်ပြီး သူ၏ရွှေလက်တုကို လက်မောင်းမှချွတ်၍ ပစ်လိုက်ရာ ရွှေလက်တုသည် အလွန်လျင်မြန်သောအရှိန်နှင့် ပြေးထွက်သွားလေ၏။

သိုင်းထိပ်သီးနှစ်ဦးဖြစ်သော ရဲတင်းကိုင်သူနှင့် သံတုတ်ကိုင်သူ နှစ်ဦးတို့မှာ လုံးဝမျှော်လင့်မထားသည့် လက်ကြီးပြုတ်ထွက်ကာ သူတို့ဆီသို့ ပြေးဝင်လာသည်ကို အံ့အားသင့်စွာ စိုက်ကြည့်နေလိုက်၏။ သူတို့ ငေးကြည့်နေစဉ် ရွှေလက်တုကြီးသည် သူတို့၏ရင်ဝကို အရှိန်ပြင်းစွာ ရိုက်လိုက်လေ၏။

'ဒုန်း ... ဒုန်း'

'ခြိမ်း ... ချလွမ်း'

သိုင်းထိပ်သီးနှစ်ဦးမှာ လွင့်စဉ်ထွက်သွား၏။

"အား"

သူတို့၏အော်သံသည် ကြောက်မက်ဖွယ် ပဲ့တင်ထပ်၍ ပေါ်လာသည်။

"အား"

ထိုအော်သံကတော့ မူပင်ကျီထံမှ ထွက်လာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုပင်ကျိုသည် ဒယီးဒယိုင်ဖြင့် ရှေ့သို့တိုးရင်း ကျွမ်းပစ်လဲကျသွားတော့သည်။ နန်းတော်တစ်ခုလုံး မည်သည့်အသံမျှ မကြားရဘဲ ငြိမ်သက်တိတ်ဆိတ်သွားလေ၏။

မြားနက်ဂိုဏ်းသားများမှာ ခေါင်းငိုက်စိုက်ကျသွား၏။ သူတို့သည် အောက်လမ်းဂိုဏ်းသားများဖြစ်သော်လည်း သူရဲကောင်းတို့၏ ရဲရင့်သောသေခြင်းတရားကို မြင်တွေ့ရသောအခါ တုန်လှုပ်မိကြလေ၏။

သူတို့သည် သုံးလေးဦးတည်းနှင့် မိမိတို့ လူပေါင်းများစွာကို သေစေခဲ့ပေသည်။

မိမိတို့အနေဖြင့် လူသူလက်နက်အင်အားကို မတရားဖိသုံးကာ ဖိစီးအနိုင်ယူခဲ့ခြင်းကို ပြန်လည်ရှက်မိကြလေ၏။ ဒုစရိုက်ဂိုဏ်းသားများဖြစ်သော်လည်း မတရားမှုကို သိနေသဖြင့် မိမိကိုယ်မိမိ ရှက်မိကြခြင်းဖြစ်သည်။

သူတို့ဂိုဏ်းသားများ၏အဖြစ်ကို ကြည့်ပါဦး ... ။

တောင်ပုံရာပုံ ကျဆုံးနေသည်။ ထိပ်သီးသိုင်းသမား သုံးယောက်လည်း သေဆုံးသွားကြရသည်။ ဤမျှ အကျအဆုံး ကြီးမားခြင်းမှာ မိမိတို့အဖို့ အထိနာပေသည်။

သို့သော် ဤသို့ဖြစ်နိုင်သည်ကိုလည်း တောင်ပေါ်မြားနက်ဂိုဏ်းမှ တာဝန်ရှိသူက ကြိုတင်ရိပ်မိသည်။

ထိုစဉ် နန်းတော်ပြင်ပမှ ဆူဆူညံညံအသံများကို ကြားလိုက်ရလေ၏။

"ဝိုင်းဟေ့ ... ဝိုင်းဟေ့"



"ဘာသံတွေလဲဟ"

မြားနက်ဂိုဏ်းမှ တာဝန်ရှိသူက မေးလိုက်၏။

"မသိပါဘူး ခင်ဗျာ၊ ဒီမှာ လူစုလူဝေးဆိုလို့ ကျွန်တော်တို့ပဲရှိတာ၊ ဒီဆူညံဆူညံက ဘာသံတွေလဲ မသိပါဘူး"

"မင်းသွားပြီး စုံစမ်းစမ်း"

ထိုဂိုဏ်းသားသည် နန်းတော်ဟောင်းအတွင်းမှ ပြေးထွက်သွား၏။ သို့သော် မကြာမီ ပြန်လာသည်။ ဂိုဏ်းသားက အမောတကော ပြောလေ၏။

"မြို့တော်ဘုရင်ကျွမ်းလုံချိုရဲ့ နန်းတွင်းသိုင်းသမားတွေနဲ့ မြို့တော်ထဲက သိုင်းသမားတွေ ကျွန်တော်တို့ကို လာဝိုင်းထားတာပါ"

မြားနက်ဂိုဏ်းမှ တာဝန်ရှိသည့် သူ့နောက်မှ ရပ်နေသူအား ပြောလိုက်၏။

"ဝူတန် ... ဘုရင်ကျွမ်းလုံချိုက ဘယ်လိုဖြစ်တာလဲ၊ ငါတို့ကို စကားပြောစရာရှိရင် ဆက်သားလွှတ်ပြီး ပြောပေါ့၊ အခုလို လာဝိုင်းတာကတော့ မကောင်းပါဘူး"

ဝူတန်က ...

"ဂိုဏ်းခွဲမှူးကုလုံခင်ဗျား ... ကျွန်တော့်စိတ်ထင် ဘုရင်ကျွမ်းလုံချို သစ္စာဖောက်ပြီလို့ ထင်ပါတယ်ခင်ဗျာ"

"ဟ ... ဘာကြောင့် သစ္စာဖောက်ရမှာလဲ၊ သူတို့အနေနဲ့ ငါတို့တောင်းတဲ့ ရွှေပမာဏကို ဘာများဂရုစိုက်စရာလိုလို့လဲ၊ ဒီနယ်မြေမှာ ရွှေတွေဟာ ပေါချင်းသောချင်းပဲ"

"ပေးရမှာ ရွှေကြောင့်တော့ ဟုတ်ပုံမရပါဘူး၊ အခုဟာက

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကမှာ ကျော်မကောင်း ကြားမကောင်းတဲ့ကိစ္စ ဖြစ်နေပုံရပါတယ်"

"ဟာ ... ဟုတ်တယ်၊ သူတို့ရဲ့ သူရဲကောင်းချင်း ..."

"ဟုတ်ပါတယ်၊ သူတို့ သူရဲကောင်းချင်း လုပ်ကြံတဲ့ကိစ္စပါ၊ သူတို့ချင်း လုပ်ကြံတဲ့သတင်း မပေါက်ကြားအောင် ကျူပ်တို့အားလုံးကို နှုတ်ပိတ်ပစ်တဲ့သဘောပဲလို့ ယူဆပါတယ် ဂိုဏ်းခွဲမှူး"

"တစ်ခုတော့ ရှိတယ်ကွ၊ သူတို့ဟာ ငါတို့ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုနဲ့ သဘောတူပြီး လုပ်ကြံတဲ့ကိစ္စပဲ၊ ငါတို့ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုက ဒီကိစ္စကို တစ်နေ့ မသိဘဲနေပါ့မလား"

"ကျွန်တော်လည်း သေမယ့်လူပါ၊ အခုတောင် ကျွန်တော်တို့ ဂိုဏ်းသားတွေ သုံးပုံတစ်ပုံလောက် သေကြပါပြီ၊ ကျွန်တော့်စိတ်ထင်တော့ ဒီကိစ္စကို ရွှန်ရွှန်ကျိုကိုယ်တိုင် သိလျက်နဲ့ သဘောတူလိုက်ပုံရပါတယ်"

"ဟေ ..."

"ဟုတ်ပါတယ် ဂိုဏ်းခွဲမှူး၊ မတန်တဆ အဝိုင်းအဆများစွာရရှိမယ့် ရွှေတွေက ဂိုဏ်းချုပ်ရွှန်ရွှန်ကျိုတို့ကို ဂိုဏ်းသားအချင်းချင်း သစ္စာမဲ့စေခဲ့ပါပြီ ... ယုံပါတော့ ခင်ဗျား၊ ကျွန်တော်လည်း သေလူပါပဲ ခင်ဗျာ"

ဂိုဏ်းခွဲမှူးကုလုံသည် တောက်ခေါက်လိုက်၏။

"တောက် ... ဒါကြောင့် ရွှန်ရွှန်ကျိုကို ငါ သဘောမကျခဲ့တာ"

"ခုတော့ လွန်ခဲ့ပါပြီ ဂိုဏ်းခွဲမှူး"



"ကောင်းပါပြီ ... ငါတို့ ဂိုဏ်းသားတွေ ရင်ဆိုင်ရမယ့် ရန်သူတွေကို တစ်ယောက်မကျန် အကုန်သတ်၊ အသက်ရှင်လွတ်မြောက်သွားသူတွေဟာ ရွှန်ရွှန်ကျိုကို အသေသတ် ကလဲ့စားချေကြ၊ ငါကိုယ်တိုင် အသေခံပြီး မင်းတို့ကို အကာအကွယ်ပေးထားမယ်"

ဂိုဏ်းခွဲမှူးကုလုံသည် ဂိုဏ်းချုပ်ကြီးရွှန်ရွှန်ကျို၏ သစ္စာဖောက်မှုကို ဂိုဏ်းသားများအား သိစေလိုက်၏။

"အေး ... မင်းတို့အားလုံးကို သူက သေတွင်းပို့လိုက်တာပဲ၊ အေး ... မင်းတို့ သေတွင်းကလွတ်သွားရင် သူ့ကို သေသွင်းထဲ ပြန်ပို့လိုက်၊ ငါအသေခံပြီး မင်းတို့ကို ကယ်မယ်၊ ကံကောင်းရင်တော့ ဒီသေတွင်းထဲက လွတ်မှာပေါ့ကွာ"

ဂိုဏ်းခွဲမှူးကုလုံဦးဆောင်လျက် ဘုရင်ကျွမ်းလုံချို၏နန်းတွင်းသိုင်းအဖွဲ့ကို အပြင်းထန်ဆုံး ခုခံလိုက်လေ၏။

ကုလုံမှာ အခြေမလှပါ။ သူတို့နယ်မြေ၊ သူတို့တပ်ဖွဲ့၊ သူတို့စိတ်ကြိုက်အခြေအနေ၌ ကုလုံမှာ အလောင်းချင်းထပ်၍နေသည်။

နောက်ဆုံး ကုလုံနှင့်တကွ သူ့လူများ တစ်ယောက်မကျန် ကျဆုံးခဲ့ရတော့သည်။

ရွှန်ရွှန်ကျိုအား လက်စားချေနိုင်မည့်အခြေအနေကား မဖြစ်နိုင်တော့ပါ။ မှန်ပါသည် ... ရွှန်ရွှန်ကျိုသည် ဂိုဏ်းသားပြောသကဲ့သို့ ဘုရင်ကျွမ်းလုံချိုနှင့် အပေးအယူလုပ်ခဲ့ပါသည်။

သူရရှိခဲ့သည်မှာ ရွှေ အမြောက်အမြား ဖြစ်ပါသည်။

သူသည် ဂိုဏ်းသားများအပေါ် သစ္စာမဲ့ခဲ့ပါသည်။

အောင်ပွဲရသော နန်းတွင်းသိုင်းအဖွဲ့သည် ဘဝက်ညံအောင်

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်လိုက်၏။

"အောင်ပြီဟေ့ ... အောင်ပြီ"

"ဘုရင်ကျွမ်းလုံ့ရှိရဲ့ အောင်ပွဲဟေ့"

"မျောက်စမ်းချောင်းရွှေမြို့တော်ရဲ့ အောင်ပွဲဟေ့"

နန်းတွင်းသိုင်းအဖွဲ့အကြီးအမှူးက အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟေ့ ... အလောင်းတွေကို သယ်ထုတ်ကြစမ်း၊ မြေကျင်းကြီး တစ်ကျင်းတူး၊ အလောင်းအားလုံးကို ထည့်မြှုပ်လိုက်မယ်၊ ငါတို့ တပ်သားတွေရဲ့ အလောင်းတွေကိုတော့ သတ်သတ်ထား၊ ပြီးရင် ဒီနန်းတော်ကြီးကို မီးတိုက်ပစ်လိုက်မယ်"

ထိုအချိန်တွင် အလောင်းများကြားမှ အလောင်းကြီးတစ်ခုသည် တောင့်တောင့်မတ်မတ်ကြီး ထောင်မတ်လာလေသည်။

"ဟာ"

အလောင်းသယ်မည့်သူများ ကြက်သီးတဖြန်းဖြန်း ထကုန်သည်။ သူတို့သည် တဖြည်းဖြည်း နောက်ဆုတ်ကြကုန်တော့သည်။

၀၀၀



(၈၆)

## မသေသော ရဲသုံးဖော်

အလွန် သတ္တိရှိလှပါသည်ဆိုသော ယောက်ျားကြီးများ သေးတဖြန်းဖြန်းပါမတတ် ကြောက်လန့်သွား၏။

အတန်ကြာမှ သူတို့သည် ထစ်ထစ်ငေါ့ငေါ့ဖြင့် စကားပြောနိုင်ကြသည်။

"အ ... အ ... အလောင်းကြီး ထလာတယ်"

လူတစ်ယောက်သည် အလောင်းကြီးကို လက်ညှိုးထိုး၍ အော်လိုက်၏။

"ကွမ် ... ကွမ်မူပါလား"

"ဟ ... ဒါဟာ ... ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး၊ ပယောဂ ပူးကပ်တာပဲဖြစ်ရမယ်၊ မကောင်းဆိုးဝါးကောင် ဝင်တာပဲဖြစ်ရမယ်၊ ရဲတင်းနဲ့ ဝင်ခုတ်ကွာ"

ကွမ်မူက လက်မြှောက်ပြလိုက်ပြီး ...

"ပယောဂ ပူးကပ်တာလည်း မဟုတ်ဘူး၊ မကောင်းဆိုးဝါး ဝင်တာလည်း မဟုတ်ဘူး၊ ဘယ်ဖုတ်ကောင်မှ ဝင်တာလည်း မဟုတ်ဘူး၊ ကျုပ် ကွမ်မူအစစ်ပဲ"

သူသည် ပီသကြည်လင်သောအသံဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူအများ အံ့သြသွားကြသည်။

"ကွမ်မှူ မသေဘူး ... ကွမ်မှူမသေဘူး"

"ဟုတ်တယ် ... ကျူပ် မသေဘူး"

နန်းတွင်းအုပ်စုကို ဦးဆောင်လာသော ဘုရင်ကျွမ်းလုံချိ၏ နံပါတ်တစ် တစ်ယောက်ဖြစ်သော ဆန်ချင်းက မျက်ရိပ်ပြလိုက်သောကြောင့် နန်းတွင်းသားများသည် ကွမ်မှူထံသို့ ဝိုင်းကပ်လာကြသည်။ တဖြည်းဖြည်း ကွမ်မှူအနီးသို့ ကပ်လာကြ၏။

ကွမ်မှူမှာ ဒဏ်ရာဒဏ်ချက်များ တစ်ကိုယ်လုံး ပြည့်နှက်လျက် ခန္ဓာကိုယ်တစ်ခုလုံးတွင် သွေးချင်းချင်းနီရဲနေသည်။ သူ ကွမ်မှူမှန်း လူတိုင်းသိကြသော်လည်း ကွမ်မှူမှာ လူရုပ်မပေါ်တော့ချေ။

သူသည် ဝိုင်းကပ်လာသူများကို စိမ်းစိမ်းကြည့်နေ၏။ သူသည် ရုတ်တရက် ကျယ်လောင်သောအသံဖြင့် အော်လိုက်သည်။

"လျူနန်ကျင်း ... ထွက်လာခဲ့တော့"

နန်းတော်ရင်ပြင်ပလ္လင်ဟောင်းအနီး၌ လျှို့ဝှက်ပြုလုပ်ထားသော မြေအောက်ခန်းတံခါးချပ်ကြီးသည် ဂုန်းခနဲ ပွင့်သွား၏။ အတွင်းမှ လူတစ်ယောက်သည် လေထဲသို့ ခုန်ပျံတက်လာ၏။

သူသည် ကွမ်မှူနံဘေးသို့ ဒူးထောက်ကျလာလေတော့သည်။

"ကျွန်တော် ရောက်လာပါပြီ"

လျူနန်ကျင်းက ပြောလိုက်သည်။

လျူနန်ကျင်း၏ ခန္ဓာကိုယ်ပေါ်တွင် ဓား၊ မြှိန်း၊ ဓားကောက်နှင့် စကြာလက်နက် စသည်တို့ကို စုပေါင်းသိုင်းလွယ်ထား၏။



လျူနန်ကျင်းသည် အရောင်တောက်နေသော မျက်လုံးများဖြင့် နန်းတွင်းသားများကို ဝါးစားပစ်မည်ကဲ့သို့ ကြည့်နေ၏။ လျူနန်ကျင်းကား ချန်ခြူးကဲ့သို့ ဖုထစ်ကြွရွသူ မဟုတ်ဘဲ သူ့အရပ်အမောင်းနှင့်သူ အဆင်ပြေလှသူဖြစ်သည်။

လျူနန်ကျင်းကို မြင်သောအခါ နန်းတွင်းသားများသည် သူတို့ကိုယ်တိုင် သိုင်းပညာများ စုပေါင်းပေးအပ်ထားသော ချန်ခြူးကို သတိရသွားပြီးနောက် တွန့်သွားကြလေသည်။

ကွမ်မှူကတော့ နန်းတွင်းသားများကို လုံးဝ ဂရုမစိုက်ဘဲ လျူနန်ကျင်းကိုသာ အမိန့်ပေးလိုက်သည်။

"လျူနန်ကျင်း ... စူစီဝေနဲ့ မူပင်ကျိုတို့ရဲ့ အလောင်းတွေကို သွားယူပြီး ဒီကိုသယ်လာခဲ့"

"ဟုတ်ကဲ့"

လျူနန်ကျင်းသည် ထိမထင်သော ခြေလှမ်းများဖြင့် နန်းတွင်းသားများကို ဖြတ်ထွက်သွား၏။ နန်းတွင်းသားများမှာ လျူနန်ကျင်းကို အလိုလိုသိနေကြသဖြင့် ဘေးသို့ရှဲပေးကြလေသည်။

လျူနန်ကျင်းသည် နန်းတွင်းသားများကို ဂရုလုံးဝမစိုက်ဘဲ ထိုကြားထဲမှ ဖြတ်သန်းသွား၏။ လျူနန်ကျင်းသည် စူစီဝေကို သယ်ဆောင်လာပြီး ကွမ်မှူရှေ့ကို ချပေးလိုက်၏။

"ဆရာကြီးကွမ်မှူ ... ဆရာကြီးစူစီဝေ မသေသေးပါဘူး။ သတိလစ်မေ့မြောနေတာပါ"

ကွမ်မှူက ...

"သွေးကြောတွေပြင်ပြီး သတိရအောင် လုပ်ပေးလိုက်"

www.burmeseclassic.com

www.burmeseclassic.com



လျှုနန်ကျင်းသည် အသအချာ ပြုံစုံ၏။

ထို့ကြောင့် စုစီဝေသည် သတိပြန်လည်လာလေ၏။ ကောင်းစွာ ထထိုင်နိုင်လိုက်သည်။ ကွမ်မူက ...

"လျှုနန်ကျင်း ... မူပင်ကျီ ကျန်သေးတယ်"

ထိုအခါ မူပင်ကျီသည် အလောင်းများကြားမှ ဒယီးဒယိုင် ထလာလေသည်။

"ကွမ်မူ ... ငါလည်း မသေသေးပါဘူးကွ"

သူသည် ဒယီးဒယိုင်ဖြင့် ထပြီး ကွမ်မူရှိရာသို့ လျှောက်လာလေ၏။ သူ့ရဲကောင်းသုံးဦး ပြန်လည်ဆုံစည်းမိကြပြန်လေပြီ။

ကွမ်မူက ...

"မင်းတို့ဘုရင် ကျွမ်းလုံချီနဲ့ ငါတို့ လမ်းခွဲရတော့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွမ်းလုံချီက ငါတို့ကို အကောက်ကြံလို့ပဲ၊ မင်းတို့ဘုရင်ကိုပြောလိုက်ပါ၊ ကျွမ်းလုံချီရဲ့အကြံအစည်အားလုံးကို ငါတို့ သိခဲ့ရပြီလို့ မင်းတို့ဘုရင်ကို ပြောလိုက်၊ အခုအချိန်ကစပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ ကျွမ်းလုံချီကိုယ်တိုင် ဒီနန်းတော်ဟောင်းကြီးဆီလာရင်ဆိုင်ပါလို့ ပြောလိုက်ပါ၊ ဆန်ချင်းက ဒီတပ်တွေရဲ့ တာဝန်ခံ မဟုတ်လား၊ ဆန်ချင်းကိုယ်တိုင် ပြန်ပြောလိုက်"

ကွမ်မူ၏လေသံက မာကျောခက်ထန်လှသည်။ ဆန်ချင်းက ...

"ဟုတ် ... ဟုတ်ကဲ့"

ကွမ်မူက အလောင်းတွေကို ဝှေ့ယမ်းပြလိုက်၏။

"မင်းတို့အားလုံး နန်းတော်ထဲက အလောင်းတွေကို တစ်လောင်းမကျန် ရှင်းပေးခဲ့ကြ"



ဆန်ချင်းသည် သူ့တပ်သားများကို လက်ဝှေ့ယမ်းပြလိုက်သည်။

သို့တပ်သားများသည် အလောင်းများကို သယ်ထုတ်ကြတော့၏။ မြေကျင်းတူးသူက တူးသည်။ မြေကျင်းကြီးတူးပြီးသောအခါ အလောင်းများကို ထည့်သွင်းသင်္ဂြိုဟ်လိုက်ကြသည်။

⑪

ခုနစ်ရက်မြောက်သောနေ့ ... ။

နေထွက်ချိန် ... ။

ဘုရင်ကွမ်လုံချီသည် နန်းတွင်းသားငါးဦးကို ဦးဆောင်လျက် မျောက်စမ်းချောင်းမြို့တော်ဟောင်း နန်းတော်ဟောင်းကြီးရှိရာသို့ ဝင်ရောက်လာလေ၏။ သူတို့နှင့်အတူ ချန်ခြူးလည်း ပါလာသည်။

လူသန်ကြီးချန်ခြူး၏ကိုယ်ပေါ်တွင် လက်နက်မျိုးစုံ လွယ်ပိုးထားလေ၏။

နန်းတော်ဟောင်းကြီး၏ နန်းရင်ပြင်ရှေ့၌မူ ကွမ်မူ၊ မူပင်ကျီ၊ စုစီဝေနှင့်လျှုနန်ကျင်းတို့ ရင်ပေါင်တန်း၍ ထိုင်နေကြသည်။

သူတို့ ကိုယ်များကား ခပ်မတ်မတ်ပင်။

သူတို့၏အနောက်ဘက်တွင် တောင်တင်းရယ်နှင့် ကွမ်ယုတို့ ကလေးနှစ်ယောက်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေကြသည်။

⑪⑪⑪

www.burmeseclassic.com

www.burmeseclassic.com



(၈၇)

ဘုရင် ကျွမ်းလုံ့ချို၊ နန်းတွင်းသိုင်းသမား ငါးဦးနှင့် ချုန်ဖြူး တို့သည် ဘုရင် ကျွမ်းလုံ့ချိုက ဦးဆောင်လျက် နန်းတော်ပေါ်သို့ တက် လာ၏။

သူနှင့်ပါလာသော သိုင်းသမားများမှာ ခြေလှမ်းများ မြဲမြဲ အားပါလှသည်။ မျက်လုံးများကလည်း အလွန်တောက်ပသည်။ ထိပ် တန်း သိုင်းပညာအဆင့်ရှိသူများဖြစ်ကြောင်း မြင်ရုံနှင့် သိရှိနိုင်သည်။

ကွမ်မူသည် အားလုံးကို မကြည့်။ ဘုရင် ကျွမ်းလုံ့ချိုကိုသာ ကြည့်နေသည်။ သို့သော် အခြားလူခြောက်ယောက်တို့၏ လှုပ်ရှားမှု အားလုံးကိုလည်း သူ မြင်နေသည်။

သူ့အား ကြည့်လိုက်ပါက ဘုရင်ကျွမ်းလုံ့ချို၏ လှုပ်ရှားမှု ကိုသာ ကြည့်နေသည်ဟု ထင်ကြရသည်။

ဘုရင်ကျွမ်းလုံ့ချိုသည် ကွမ်မူတို့၏ရှေ့၌ ချထားသော ထိုင်ခုံများတွင် ထိုင်လိုက်ကြ၏။

ဘုရင်ကျွမ်းလုံ့ချိုနှင့် ကွမ်မူသည် မျက်နှာချင်းဆိုင် ဖြစ် သွားသည်။

အင်အားစုနှစ်စု ရင်ဆိုင်မိကြလေပြီ။

တစ်စုက ခုနစ်ယောက်။ တစ်စုက လေးယောက်။

ကွမ်မူသည် ထီးဟန်နန်းဟန် ကြင့်နီးဟန်ဖြင့် မပြောတော့



ချေ။ ရိုးရိုးအရပ်သုံးစကားဖြင့်သာ ပြောတော့သည်။

ကွမ်မူက ...

"ဘုရင် ကျွမ်းလုံ့ချို"

ကျွမ်းလုံ့ချိုက ခေါင်းဆတ်ပြသည်။ 'ပြော' ဟူသည့်သဘော ပင်။

"ခင်ဗျားကို ကျုပ် စွဲချက်တင်မယ်"

"ဘာစွဲချက်လဲ"

"ခင်ဗျား နန်းတက်ပွဲကစမယ်၊ ပလ္လင်အပ်ပွဲလုပ်ကြတော့ အစ်ကိုကြီးရန်တင်း မပါဘူး။ ကျုပ်တို့လေးယောက်ပဲ တက်ကြတယ်၊ အဲဒီမှာ ကျုပ်တို့ကို ခင်ဗျား အဆိပ်ခတ်ခဲ့တယ်"

"ဟင်း ... ဟင်း ... ဒါပဲ မင်း ပြောချင်သလား"

"ခင်ဗျားရဲ့လုပ်ကြံမှုကို ခင်ဗျား ဝန်မခံတဲ့အပြင် အစ်ကိုကြီး ရန်တင်းအပေါ် လွှဲချခဲ့တယ်၊ တကယ်တော့ အစ်ကိုကြီးဟာ ဘုရင် မလုပ်ရလည်း သူ မပူတော့ဘူး။ သူလိုချင်တဲ့ အရက်ရနေရင် ပြီးတာ ပဲ၊ တကယ်တော့ ဘုရင်ဟောင်းရန်တင်းဟာ ခင်ဗျားလက်ချက်နဲ့ နိဗ္ဗာန်ကြွေခဲ့ပြီး ဖြစ်တယ်၊ ကျုပ် စွပ်စွဲချက်ကို ခင်ဗျား ဘာပြောမလဲ"

ဘုရင် ကျွမ်းလုံ့ချိုက ...

"ကွမ်မူ ... မင်းမှာ သက်သေရှိသလား"

မည်သည့်ဖြေကြားသံမျှ ထွက်မလာပါ။ နန်းတော်ဟောင်း ကြီးသည် ငြိမ်သက်တိတ်ဆိတ်နေသည်။ မျက်နှာချင်းဆိုင် ရှိနေသူ များသည် တစ်ဦးကိုတစ်ဦး ကြည့်နေကြ၏။ အလွန့်အလွန် ကြာသော အခါမှ ကွမ်မူက စကားစသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွမ်းလုံရှီ ... ခင်ဗျားကို နောက်ထပ် စွဲချက်တင်ဖို့ တစ်ခုရှိနေတယ်၊ အဲဒီစွဲချက်ကတော့ ပူပူနွေးနွေးစွဲချက်ပါ"

ဘုရင်ကျွမ်းလုံရှီက ပမာမခန့် ပြုံးလိုက်၏။

"ပြောစမ်း"

"ခင်ဗျားဟာ တောင်ပေါ် မြားနက်ဂိုဏ်းသားတွေကို တစ်ဖက်လှည့်နဲ့ ကျုပ်တို့ဆီပို့ပြီး လုပ်ကြံခိုင်းတယ်၊ အဲဒီအကြောင်းကို သူတို့ဂိုဏ်းက ဌာနခွဲမှူးကုလုံကိုယ်တိုင် ပြောသွားတယ်၊ သူတို့ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုနဲ့ ခင်ဗျားနဲ့ လက်ဝါးချင်းရိုက်လုပ်တဲ့ကိစ္စမှန်း သူတို့သိသွားကြတယ်၊ ဒါပေမဲ့ သူတို့ တစ်ယောက်မကျန် နှုတ်ပိတ်ခံကြရတယ်၊ ဒီစွဲချက်ကိုရော ခင်ဗျား ဘာပြောမလဲ"

ဘုရင်ကျွမ်းလုံရှီက ...

"ငါတို့တစ်တွေဟာ တစ်ယောက်ကိုတစ်ယောက် ကိုယ်ထိလက်ရောက် မသတ်ဖြတ်ပါဘူးလို့ သစ္စာဆိုခဲ့ကြတယ်၊ အခုအထိ ငါ သစ္စာမဖျက်ဘူး။ မင်းတို့ကို ငါ ကိုယ်ထိလက်ရောက် မလုပ်ကြံဘူး၊ ငါ့ကို ကိုယ်စားပြုတဲ့ နန်းတွင်းအဖွဲ့ကလည်း မင်းတို့ကို လက်ဖျားနဲ့ မတို့ဘူး။ ငါ သစ္စာဖျက်ဖူးလား ... မင်း ဘာပြောချင်သလဲ"

ဘုရင်ကျွမ်းလုံရှီသည် ကွမ်မှုအား ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ပင် ပြန်မေးလိုက်၏။ သူ မဟုတ်, မလုပ်ဆိုသည့် သဘောပင်။ ကွမ်မှုက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ သူပြောနေသည့် သတင်းများသည် အမှန်ချည်းသာဖြစ်သည်ကို သူသိသည်။ သို့သော် သက်သေပြ၍ မရပေ။ ကွမ်မှုက ...

"ကျွမ်းလုံရှီ ... ခင်ဗျား ကျုပ်တို့ကို ဘာညာချင်နေသလဲ၊



ကျုပ်တို့ မြို့တော်သူ မြို့တော်သားတွေကို စည်းကမ်းဥပဒေတွေနဲ့ မြို့တော်ပြင်ပက လူတွေနဲ့ မဆက်သွယ်ရဘူးလို့ တားမြစ်ပိတ်ပင်ထားတယ်၊ ခင်ဗျားကတော့ မြို့တော်ပြင်ပက လူတွေနဲ့ ဆက်သွယ်နေတယ်ဆိုတာကို ကျုပ်သိတယ်၊ မြို့တွင်းက ရွှေတွေကို တရုတ်ပြည်မကြီးရဲ့ မြေပြန့်မြို့တစ်မြို့ကို ပို့ပြီး သိမ်းဆည်းသိုဝှက်နေတာကို ကျုပ် သတင်းရပြီးပြီ၊ ခင်ဗျားဟာ ဒီမြို့တော်ကြီးကို တစ်နေ့နေ့ အကြောင်းတစ်မျိုးမျိုးနဲ့ ပျက်စီးသွားလိမ့်မယ်လို့ ထင်နေတယ်၊ ဘာကြောင့် ထင်နေသလဲ၊ ခင်ဗျားရဲ့ ပြုလုပ်ခဲ့တဲ့ ဓာတ်လမ်းကြောင့် အဲဒီလို ထင်နေတာပဲ ကျွမ်းလုံရှီ"

"ဟား ... ဟား ... ဟား ... ငါဘာလုပ်လို့လဲကွ"

"ခင်ဗျား ဘာလုပ်ခဲ့သလဲ ... ဟုတ်လား။ ခင်ဗျား တကယ် မသိဘူးလား"

"မင်းပဲ ပြောစမ်းပါဦးလေ"

"လွန်ခဲ့တဲ့ ခုနစ်ရက်က ခင်ဗျား ဘာလုပ်ခိုင်းသလဲ၊ တောင်ပေါ်မြားနက်ဂိုဏ်းကို ကျုပ်တို့ကို သတ်ဖို့ ရွှန်ရွှန်ကျိုနဲ့ လက်ဝါးချင်းရိုက်ခဲ့တယ် မဟုတ်လား။ အခု ရွှန်ရွှန်ကျိုဟာ ရွှေမြို့တော်ကိုလာတဲ့ လမ်းကြောင်းကို သိသွားပြီး တောင်ပေါ်မြားနက်ဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းပဲ၊ ခင်ဗျားဟာ ဒီအဖွဲ့သားတွေကို နှုတ်ပိတ်ပစ်နိုင်ပေမယ့် ရွှန်ရွှန်ကျိုဟာ နောက်တစ်ဖွဲ့နဲ့ မလာဘူးလို့ ခင်ဗျား မပြောနိုင်တော့ဘူး၊ ရွှန်ရွှန်ကျိုဟာလည်း ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ပဲ၊ ဘယ်သစ္စာရှိလိမ့်မလဲ၊ ရသာရင် ဘနဖူး သိုက်တူးမယ့်လူမျိုးဗျ။ မကြာခင် သူတို့ လာရောက် လုယက်တိုက်ခိုက်တော့မယ်လို့ ခင်ဗျား ထင်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟား ... ဟား ... ဟား ... ဘယ်သူ့ဆီမှာမှ ရွှေမြို့တော် တည်နေရာမြေပုံ အတိအကျ မရှိဘူးကွ"

"အတိအကျ မရှိသေးလို့ သူတို့ စောင့်နေတာပေါ့ဗျာ၊ ရွှန်းရွှန်း ကျိုးဟာ သူ့အဖွဲ့ကို ခွဲလွှတ်လိုက်ပေမယ့် ရောက်မယ် မရောက်ဘူး ဆိုတာတော့ သူ အတိအကျ မသိဘူး၊ ဒါပေမဲ့ သူ့အဖွဲ့တွေဟာ ရောက်လာတယ်၊ သူတို့ထဲက တစ်ယောက်နှစ်ယောက် လွတ်သွား တယ်ဆိုရင်တော့ ခင်ဗျားရဲ့ အနာဂတ်ဟာ သိပ်လှတော့မယ် မထင် ဘူး။ ဒါပေမဲ့ အခု သူတို့ အကုန်လုံး နှုတ်ပိတ်ခံရတယ်၊ ဒီတော့ သူတို့ ကြာဦးမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို လမ်းပြမယ့်လူမှ မရှိ တာကိုး၊ ဒါပေမဲ့ မကြာခင် သူတို့ အချက်အလက်တွေ အပြည့်အစုံ ရသွားကြမှာပေါ့။ အဲဒီအခါကျရင် ..."

"ဟေ့ ... ကွမ်မူ အပိုစကားတွေပြောတော့ ခုချက်ချင်းရပ် စမ်း၊ မင်း ဘာလုပ်ချင်သလဲ ... ပြော"

"ဘုရင်ရန်တင်းကို ကျုပ်တို့ နန်းချခဲ့ကြတယ် မဟုတ်လား၊ အခု ခင်ဗျားအလှည့်ပဲ၊ ခင်ဗျားဟာ အပေါင်းအသင်း ရောင်းရင်းတွေ အပေါ်မှာလည်း ဖြူစင်တဲ့စိတ်ထား မထားဘူး၊ မြို့တော်အပေါ်မှာ လည်း ခင်ဗျား စိတ်ထားဟာ မဖြူစင်ဘူး၊ ဒီတော့ ခင်ဗျား အနားယူ ပါတော့"

"ဟေ့ ... ဘုရင်ရန်တင်းက အရက်သမားကွ၊ ငါက သူ့လို လူပျော့လူညံ့ မဟုတ်ဘူး၊ မင်းတို့ပါးစပ်က ငါ့ကို ဆွဲချရုံနဲ့တော့ ငါက ဆင်းမပေးချင်ဘူးကွ၊ မင်းတို့ ငါ့ကို ဆင်းစေချင်ရင် နည်းလမ်းအတိုင်း



ကြိုးစားပေါ့၊ သိုင်းပညာဆန်းစစ်ပွဲမှာ ဝင်ပြိုင်လေကွာ"

ကွမ်မူက ရယ်မောလိုက်၏။

"သိုင်းပြိုင်ပွဲက တစ်နှစ်နှစ်ကြိမ် ကျင်းပတဲ့သိုင်းပြိုင်ပွဲဖြစ် နေတယ်၊ ကျုပ်တို့မှာ အချိန်မရှိဘူး"

ကျွမ်းလုံချီက ...

"ဒါဆိုလည်း ရပါတယ်ကွာ၊ အခုပဲ သိုင်းပညာပြိုင်ပွဲကို ကျင်းပလိုက်ကြတာပေါ့၊ ဒါပေမဲ့ သိုင်းပညာဆန်းစစ်ပွဲထက်တော့ သာတယ်၊ အနိုင်ရတဲ့ဘက်က နန်းတက်ကြေးပေါ့"

ကွမ်မူက ...

"ဟာ ... သိပ်ကောင်းတာပေါ့"

"ငါက ဒီပြိုင်ပွဲကို အသိအမှတ်ပြုမယ်၊ အေး ... တစ်ခုတော့ ရှိတယ်၊ ပြိုင်ပွဲမှာ ခြေလွန်လက်လွန် ဖြစ်သွားရင် ခွင့်လွှတ်ဖို့ပဲ၊ ဒီဘက် နှစ်ပိုင်းတွေမှာ ငါတို့ နန်းတွင်းအဖွဲ့က သိုင်းပညာလေ့ကျင့်တဲ့အခါမှာ တစ်ချက်လွှတ် လူသတ်ကွက်တွေကိုချည်း လေ့ကျင့်ခဲ့တာကြောင့် ပေါ့"

"ရပါတယ် ... ကျုပ်ကလည်း ခင်ဗျားကို အသေသတ်ဖို့ ဆုံးဖြတ်ထားတာပဲ"

ကွမ်မူက နောက်ဆုံး ပြောချလိုက်လေ၏။

၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## (၈၈)

## ဘုရင်သုံးယောက်

ဘုရင် ကျွမ်းလုံ့ရှိသည် လက်မြှောက်၍ အချက်ပြလိုက်လေ၏။

လူသန်ကြီးချန်ဖြူးသည် ရှေ့သို့ ခုန်ထွက်လာသည်။

နန်းတော်ပောင်း၏ ရင်ပြင်ကျယ်ကြီးသည် တိုက်ပွဲအတွက် အသင့်ပြင်ထားသလို ဖြစ်နေသည်။

ကွမ်မှု ခေါင်းညိတ်ပြလိုက်၏။

လျူနန်ကျင်းသည် ရှေ့သို့ ဖြည်းညင်းစွာ ထွက်လာတော့သည်။

နန်းတွင်းသိုင်းသမားများနှင့် ဘုရင်ကျွမ်းလုံ့ရှိသည် ဓား သွားလုံ့သွားများကို ထိုးဆိတ်သည့်ပမာ စိုက်ကြည့်နေကြလေ၏။

လျူနန်ကျင်းကတော့ မည်သူ့ကိုမျှ ဂရုမစိုက်ပေ။ ရင်ပြင် အလယ်သို့ထွက်၍ ရင်ဆိုင်လိုက်သည်။

သူ့ပြိုင်ဘက်မှာ ချန်ဖြူး။

ချန်ဖြူးနှင့် လျူနန်ကျင်းတို့ ရင်ဆိုင်မိကြလေပြီ။

သူတို့သည် တစ်ဦးနှင့်တစ်ဦး ကြာမြင့်စွာ စူးစိုက်ကြည့်နေကြ၏။ တစ်ဦးကိုတစ်ဦး ပေါက်ထွက်မတတ် ကြည့်နေကြသည်။



သူတို့မျက်လုံးမှာ စူးစူးရဲရဲတောက်ပလျက် ရှိသည်။

ချန်ဖြူးက စတင်လှုပ်ရှား၏။

သူ၏လက်နှစ်ဖက်သည် လေးကိုယူပြီး မြားကိုတင်ရန် လေးညှို့ကို ဆွဲတင်လိုက်၏။ လေးညှို့ထိပ်၌ လေးကိုင်းနှင့်မြားကို စုကိုင်ထားပြီး ဘယ်ဘက်ကို လွှတ်လိုက်သည်။ လေးကို လက်တစ်ဖက်တည်းနှင့် ချိန်ရွယ်ထားပေပြီ။ သူသည် လေးနှင့်မြားကို လေးညှို့တင်ပြီး ချိန်ရွယ်ထားသော်လည်း သူ့လက်သည် တည်ငြိမ်လှသည်။ သူသည် ဘယ်ဘက်လက်ဖြင့် ရဲတင်းကို ဖြုတ်ယူလိုက်၏။

'ဝိုး ... ဝိုး ... ဝိုး'

'ဝှစ် ... ဝှစ် ... ဝှစ်'

သူသည် ရဲတင်းကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။ လျူနန်ကျင်း၏အာရုံကို ရဲတင်းဆီသို့ ရောက်အောင် မှုားယူခြင်း ဖြစ်သည်။ ထို့နောက် သူသည် ခြေထောက်ကို အားရပါးရ လွဲကန်လိုက်၏။ ခြေထောက်တွင် ချိတ်ဆွဲထားသော ကြယ်ပွင့်လက်နက်ပုန်း ကိုးခုသည် ကြော့ပုံလည်လျက် လျူနန်ကျင်းထံ တိုးဝင်သွား၏။

"ကျား"

ချန်ဖြူးသည် ခုန်ဝင်သွားပြီး လျူနန်ကျင်း၏ ဦးခေါင်းထက်သို့ ရဲတင်းဖြင့် ခုတ်ချလိုက်သည်။ တစ်ပြိုင်တည်းမှာပင် မြားကို ပစ်လွှတ်လိုက်၏။ သူ၏လှုပ်ရှားမှုမှာ အားလုံး တစ်ပြိုင်တည်း ကွက်တိ ဖြစ်လေသည်။

လျူနန်ကျင်း မည်သို့ လှုပ်ရှားမည်နည်း။

လျူနန်ကျင်းကလည်း လှုပ်ရှားပါသည်။ သူသည် လက်နှင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို ဖြန့်ကား၍ ကြယ်ပွင့်လက်နက်ပုန်းများကို ဖမ်းယူလိုက်သည်။ ခေါင်းပေါ်ကျလာသည့်ရဲတင်းကို ခြေတစ်ဖက်မြှောက်၍ ဝှန်းခနဲ ကန်ထုတ်ပစ်သည်။ ရင်ဝသို့ မြားတံသည် ပြေးဝင်လာနေသည်။ လျှူနန်ကျင်းက ဆတ်ခနဲ ခေါင်းငုံ့၍ ပါးစပ်ဖြင့် ဖမ်းကိုက်လိုက်သည်။ ခေါင်းငုံ့လိုက်သဖြင့် ဦးခေါင်းထက်လာသော ရဲတင်းကိုလည်း ရှောင်တိမ်းပြီး ဖြစ်သွားသည်။

တစ်ချက်တည်းနှင့် တိုက်ကွက်သုံးကွက် တိုက်ခိုက်လာသော ချန်ခြူးသည် တိုက်ကွက်ကို ထပ်မံသုံးရန် စဉ်းစား၍မရဘဲ ဖြစ်သွားသည်။ သူသည် ခုန်ဆုတ်သွားလေ၏။

သို့သော် ကျွမ်းလုံချီနှင့် ထပ်တူပညာများ ရှိထားသော မှုပင်ကျီ၊ ကွမ်မူနှင့် စူစီဝေ့တို့၏ပညာများကို ရရှိထားသော လျှူနန်ကျင်းသည် လျှပ်တစ်ပြက်ပင် ခုန်ဆုတ်သွားသည့် ချန်ခြူးနှင့် ကပ်လျက်ပါရှိသွားလေသည်။

လျှူနန်ကျင်း ဤသို့ လျှင်မြန်စွာ ကပ်ပါသွားသည်မှာ အလွန်လျှင်မြန်သဖြင့် အားလုံး၏မျက်စိတွင် ရိပ်ခနဲ ဖြစ်သွားသည်။

ချန်ခြူး၏ခြေထောက် ကြမ်းပြင်သို့ကျသည်နှင့် လျှူနန်ကျင်း၏လက်များသည် ကျောပေါ်၌ရှိသော မှိန်းနှင့်ဓားကောက်ကြီးဆီသို့ လက်ရောက်သွားပြီး လျှင်မြန်စွာ ဆွဲယူလိုက်သည်။

'ဝိုး … ဝိုး …'

'ရှိုး …'

ဓားကောက်ကြီးသည် လျှင်မြန်စွာ ဦးခေါင်းကို ခုတ်ချပြီး မှိန်းသွားသည် ချန်ခြူး၏ရင်ဝဆီသို့ ဝိုးခနဲ ဝင်သွားတော့သည်။



'ခြိမ် … ချလွမ်'

လျှူနန်ကျင်း အံ့အားသင့် ငေးကြောင်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် …

မှိန်းသွားသည် ချန်ခြူး၏ရင်ဝသို့ ထွင်းဖောက် ဝင်ရောက်သွားသော်လည်း ချန်ခြူး၏ခန္ဓာကိုယ်နှင့် ထိပြီး ပြန်ကန်ထွက်လာသောကြောင့်ပေတည်း။

ချန်ခြူးသည် လျှူနန်ကျင်း၏ တိုက်ကွက်နှစ်ကွက်အနက် တစ်ကွက်ကို ရှောင်နိုင်သော်လည်း မှိန်းသွား၏ တိုက်ခိုက်မှုကို မရှောင်လိုက်နိုင်ချေ။

မှိန်းသွား၏ထိုးနှက်အား မည်မျှပြင်းထန်သနည်းဆိုသော် မီးပွင့်များပင် ထွက်သွားသည်။ ကိုယ်လည်း အနည်းငယ် ယိုင်သွားသည်။ သူသည် ကိုယ်ကို လှဲချပြီး ထွက်သွားသည်။

ချန်ခြူး၏ ကိုယ်ပေါ်၌ ဓားလှံများ မထိုးဖောက်နိုင်သော သံမဏိကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပေတကား။ ဘုရင်ကျွမ်းလုံချီသည် အရေးတကြီး ဝင်ပြောလိုက်၏။

"ဒီပြိုင်ပွဲမှာ တစ်ယောက်က သိုင်းကွက်သုံးကွက်တိုက်တယ်၊ တစ်ယောက်က နှစ်ကွက်တိုက်တယ်၊ တစ်ယောက်ကို တစ်ယောက် ဘာဒဏ်ရာမှ မရစေဘူး၊ ဒါကြောင့် ဒီပြိုင်ပွဲဟာ သရေပဲ"

ကွမ်မူလည်း ဘာမျှမပြောသာတော့ပေ။

မှန်သည်။

တစ် ယောက်တစ်ချက်စီ တိုက်ပြီး တစ်ဦးကိုတစ်ဦး ဒဏ်ရာမရစေခဲ့ပေ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချန်ခြူးသည် ညာဏ်ကူပြီး ကိုယ်ကျပ်အင်္ကျီ ဝတ်လာသဖြင့် လျှုနန်ကျင်း အနိုင်မရခြင်းသာ ဖြစ်သည်။ သံမဏိကိုယ်ကျပ်အင်္ကျီသာ ဝတ်ဆင်မလာလျှင် ချန်ခြူးသေပေပြီ။

လျှုနန်ကျင်းမှာ မခံချိမခံသာ ဖြစ်သွားသည်။

သူသည် အနိုင်ရသင့်ပါလျက် အနိုင်မရဘဲ ဖြစ်သွားသည် မဟုတ်ပါလော။

"တောက်"

သူ၏ပြင်းထန်သော တောက်ခေါက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"လျှုနန်ကျင်း ... နောက်ပြန်ဆုတ်ခဲ့"

ကွမ်မှုက အမိန့်ပေးလိုက်သဖြင့် လျှုနန်ကျင်း နောက်ဆုတ်လိုက်ရသည်။

ဘုရင် ကျွမ်းလုံချီက ...

"ကွမ်မှု ... မင်းတို့သုံးယောက် နန်းတွင်းသိုင်းသမားတွေနဲ့ ပြိုင်ပါ"

ဘုရင်ကျွမ်းလုံချီသည် ချန်ခြူးကို ပုံအောထားခြင်း ဖြစ်သည်။ ယခု ချန်ခြူးရှုံးနိမ့်မည်ကဲ့သို့ ဖြစ်သွားသဖြင့် သူ လန့်သွားသည်။ ကမန်းကတန်းဝင်၍ သရေပွဲအဖြစ် အဆုံးအဖြတ်ပေးလိုက်ခြင်း ဖြစ်သည်။ ယခု ...

ကွမ်မှုတို့အား နန်းတွင်းသိုင်းအဖွဲ့နှင့် ယှဉ်ပြိုင်ခိုင်းလေပြီ။

⦶⦶⦶



(၈၉)

ကွမ်မှုက ခေါင်းခါလိုက်သည်။

"ကျုပ်တို့နဲ့ လက်ရည်တူတဲ့လူ ဒီနန်းတွင်းသိုင်းသမားအဖွဲ့ထဲမှာ တစ်ယောက်မှ မပါဘူး၊ ခင်ဗျားကိုယ်တိုင် ကျုပ်နဲ့ပြိုင်ပါ"

"ဟ ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းတို့က သုံးယောက်၊ ငါက တစ်ယောက်တည်း ဘယ်တရားမျှတမှာလဲ"

"ကျုပ်တို့ကလည်း မတရား မလုပ်ပါဘူး။ ကျုပ်တို့ သုံးယောက်ထဲက တစ်ယောက်ပဲ ခင်ဗျားနဲ့ ပြိုင်ရမှာပါ"

"ဩော် ... ဒီလိုလား။ ဒီလိုဆိုရင်တော့ ရတယ်၊ စိန်လိုက်"

"ခင်ဗျားနဲ့ကျုပ်ပဲ ပြိုင်မယ်"

"ဟား ... ဟား ... ဟား ... ဒါဆိုရင် အကောင်းဆုံးပေါ့ကွာ၊ ငါက ပိုပြီးတောင် သဘောကျသေးတယ်၊ ငါကလည်း မင်းရဲ့သွေးကို သောက်ချင်နေတာကွ"

ဘုရင်ကျွမ်းလုံချီသည် နေရာမှထ၍ လက်ဆန့်တန်းလိုက်သည်။

ချန်ခြူးက သူ့ကျောပေါ်တွင် သိုင်းလွယ်ထားသည့် မိုးကြိုးသွားသဏ္ဍာန် ကြေးနီရောင်လက်နက်ကို ဖြုတ်၍ ဘုရင်ကျွမ်းလုံချီအား ကမ်းပေးလိုက်၏။

ထိုအချိန်တွင် ကွမ်မှုသည် ထူးဆန်းသော အချက်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်သည်။

မိုးကြိုးသွားသဏ္ဌာန် ကြေးနီလက်နက်မှာ ချုန်ခြူး၏ ကျော ပေါ်၌ နောက်ထပ်တစ်ခု ကျန်နေသေးခြင်းပင်တည်း။

အဘယ်ကြောင့် ကြေးနီမိုးကြိုးသွားလက်နက်သုံးခု ဖြစ်နေ သနည်း။ သို့သော် သူ့အဖို့ စဉ်းစားချိန် မရှိတော့ပေ။ ဘေး၌ ကြည့် နေသူဖြစ်က ထိုအချက်ကို စဉ်းစားနိုင်အောင် စဉ်းစားမည်။ ယခု သူ မစဉ်းစားနိုင်တော့ပေ။

ကွမ်မှုနှင့် ကျွမ်းလုံရှီတို့နှစ်ဦးကား ရင်ဆိုင်တွေ့ကြလေပြီ။

မိုးကြိုးသွားလက်နက်ကို မြှောက်ကိုင်ချိန်ရွယ်နေသော ဘုရင်ကျွမ်းလုံရှီ၏ရင်ဝသို့ လက်ဖဝါးနှစ်ဖက် ဆန့်ထုတ်လိုက်သည်။

အတွင်းအားစမ်းသပ်ခြင်းပင်တည်း။

ထိပ်သီးသိုင်းသမားတိုင်း အစွမ်းကုန်အားပြိုင်တော့မည် ဆိုလျှင် တစ်ဦး၏အတွင်းအားကို တစ်ဦးက ခန့်မှန်းနိုင်ရန်အတွက် ဤသို့ပင် အတွင်းအားပြိုင်ဆိုင်မှုဖြင့် စတင်ကြရသည်။

ထိုစဉ် ဘုရင်ကျွမ်းလုံရှီသည် နောက်ကျွမ်းပစ်၍ ရှောင် ထွက်သွားလေ၏။

အံ့အားသင့်စရာအဖြစ်ပင်တည်း။

ဘုရင်ကျွမ်းလုံရှီသည် အဘယ်ကြောင့် ရှောင်ထွက်သွားရ သနည်း။ ကွမ်မှု အတွင်းအား စမ်းသပ်မည်ဆိုသည်ကို လက်မခံနိုင် သည့် သဘောပင်ဖြစ်သည်။

သူသည် သူရောက်ရှိသွားသည့်နေရာမှပင် ကြေးနီမိုးကြိုး သွားကို ချိန်ရွယ်လိုက်ပြန်သည်။



ကွမ်မှုသည် ကျွမ်းလုံရှီအပေါ်တွင် စဉ်းစားရခက်သွားလေ ၏။ ကျွမ်းလုံရှီသည် အဘယ်ကြောင့် ရှောင်တိမ်းသွားသနည်း။

ကျွမ်းလုံရှီသည် ကွမ်မှုထက် ဝါစဉ်ကြီးသည်။ ထို့ကြောင့် အတွင်းအားလည်း သာသည်။ ယခု ထိပ်တိုက် ရင်ဆိုင်ရန့် အတွင်း အားချင်း ပြိုင်လျှင် သူ အနိုင်ရဖို့များသည်။

ယခုမှတော့ ကွမ်မှုအဖို့ စဉ်းစားချိန်မရှိတော့ပေ။

သူ့လည်ပင်းဆီသို့ တိုးဝင်လာသော ကြေးနီမိုးကြိုးသွား လက်နက်ကို ခုခံနိုင်ရန် သူ၏နောက်ကျောမှဓားကို ဆွဲထုတ်လိုက် ရ၏။ ဓားအိမ်ထဲမှ ဓားကိုမနုတ်မီမှာပင် မိုးကြိုးသွားလက်နက်သည် ဦးခေါင်းပေါ်သို့ ရောက်လာလေ၏။ ထို့ကြောင့် ကွမ်မှုသည် ဓားအိမ် ရော ဓားရော ဆွဲယူခံလိုက်ရသည်။

'ခြွမ်း'

ဓားအိမ်သည် သစ်သားဓားအိမ်ဖြစ်၍ လေးစိတ်လေးမြွာ ကွဲပြီး ဘုရင်ကျွမ်းလုံရှီ၏ ပခုံးနှစ်ဖက်ပေါ်သို့ ကျသွားသည်။

သစ်သားဓားအိမ် လွင့်စဉ်ထိခိုက်သွားမှုကို ဘုရင်ကျွမ်းလုံရှီ ကြံ့ကြံ့မခံနိုင်ချေ။ ဣန္ဒြေအနည်းငယ်ပျက်သွားလေသည်။

ထိုအခွင့်အရေးကို ကွမ်မှုသည် လက်လွှတ်မခံပေ။

သူသည် ဓားဖြင့် လှမ်းထိုးလိုက်သည်။ ဓားသွားသည် မြွေ တစ်ကောင် တွန့်လိမ်လျှောဝင်သွားသလို ဘုရင်ကျွမ်းလုံရှီ၏ရင်ဝ သို့ တိုးဝင်သွားလေ၏။ 'နဂါးတွင်းဝင်' သိုင်းကွက်ပင်။

ဘုရင်ကျွမ်းလုံရှီကလည်း မရှောင်ပေ။ သူသေကိုယ်သေ တိုက်ကွက်ကို သုံးလိုက်၏။ အကွက်တူကို မရှောင်ဘဲ သုံးလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူတို့လက်နက်များသည် သူတို့နှစ်ဦးလုံး၏ ခန္ဓာကိုယ်များကို ဖောက်ထွင်းဝင်ရောက်သွားကြပေလိမ့်မည်။

"အား ..."

"အီး ..."

လက်နက်အသီးသီးသည် ရင်ဝမှ ထိုးဖောက်ဝင်ရောက်သွားကြလေ၏။ နှစ်ယောက်စလုံး ငိုက်ဆင်းလာ၏။

ကွမ်မူဆီဝင်သောဓားသည် အသည်းနှလုံး ကလီစာများနှင့် ကင်းလွတ်သဖြင့် ကွမ်မူသည် မားမားမတ်မတ် ရပ်နိုင်သေးသည်။

ဘုရင်ကျွမ်းလုံချီမှာမူ မိုးကြိုးသွားဓားကို လွှတ်ချလျက် သူ့ရင်ထဲသို့ ထုတ်ချင်းခတ်ဝင်သွားသော ကွမ်မူ၏ဓားသွားကို မယုံကြည်နိုင်ဟန်ဖြင့် အံ့အားသင့်စွာ ငေးကြည့်နေသည်။

သူသည် စိုက်ဝင်နေသည့် ဓားသွားကို ကိုင်လိုက်သည်။ အဘယ်ကြောင့် ကျွမ်းလုံချီ အံ့ဩနေသနည်း။ သူ၏ကိုယ်ပေါ်၌ ဓားလုံ လေး မြား မပေါက်နိုင်သည့် သံမဏိကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပါလျက် ကွမ်မူ၏ဓားသည် အဘယ်ကြောင့် ဖောက်ထွင်း ဝင်ရောက်ရပါသနည်း။

ကွမ်မူက ဘုရင်ကျွမ်းလုံချီ အံ့အားသင့်နေပုံကို ကြည့်ပြီး ပြုံးလိုက်၏။

"ဘုရင်ကျွမ်းလုံချီ ... ကျုပ်လက်နက်က အကောင်းဆုံး သံမဏိနဲ့ ပြုလုပ်ထားတာဗျ။ သံမဏိသား အထူကြီးကိုလည်း ဖောက်ထွင်းနိုင်တယ်၊ အဲဒါကို ခင်ဗျားမသိဘူး၊ ကဲ ... ဒီမှာကြည့်"

ကွမ်မူသည် ကျွမ်းလုံချီ၏ ရင်ဝတွင် စိုက်ဝင်နေသည့် သူ့ဓားကို ဆွဲယူပြီး အပေါ်သို့ ပင့်တင်လိုက်သည်။



"အား"

အသံနက်ကြီးသည် ကျွမ်းလုံချီထံမှ ထွက်ပေါ်လာတော့သည်။ ဘုရင်ကျွမ်းလုံချီ၏ ရင်နှစ်ခြမ်းသည် ဖြန်းဖြန်းကွဲသွားပြီ။

နန်းရင်ပြင်၌ အနီရောင်သွေးများ လွှမ်းသွားလေတော့သည်။

ကွမ်မူသည် ရှိသည့်ဒဏ်ရာကို လက်နှင့်ဖိလိုက်၏။

ထို့နောက် အားတင်းပြီး ပြောသည်။

"ဘုရင်ကျွမ်းလုံချီနေရာကို အစဉ်အလာအတိုင်း အစ်ကိုကြီး မူပင်ကျီ နန်းတက်ပါ၊ ရွှေမြို့တော်ကို ကာကွယ်ပါ၊ အပြင်ရန်တွေကို တွန်းလှန်ပါ၊ အပြင်အဆက်အသွယ်တွေကို ဖြတ်တောက်ပါ၊ ကျွန်တော်တို့ ထားခဲ့ကြတဲ့ ကတိသစ္စာတွေ မဖျက်ပါနဲ့"

သူသည် တစ်လုံးချင်း ပြောလေ၏။ မူပင်ကျီက လေးနက်စွာ ပြောလေ၏။

"ငါ ... မိုးနဲ့မြေကို တိုင်တည်ပြီး ကတိသစ္စာပြုပါတယ်"

ကွမ်မူ၏ဒဏ်ရာမှ သွေးများစီးကျလာသည်။

သူ သေတော့ မသေနိုင်ပေ။

သို့သော် ...

ဒဏ်ရာက ကြီးကျယ်သဖြင့် လပေါင်းများစွာ ကုသရပေတော့မည်။

ⓞⓞⓞ

www.burmeseclassic.com

www.burmeseclassic.com



## (၉၀)

သူ၏မျက်ခွံများသည် လေးကျလာ၏။ သူသည် မျက်ခွံများကို ပင့်တင်လိုက်၏။ သူသည် ပတ်ဝန်းကျင်ကို အားယူပြီးကြည့်လိုက်၏။

မှုပင်ကျီသည် သူ၏ရွှေလက်တုကို ရှေ့ကမ်းပြီး အော်ဟစ်လေ၏။

"ခုချိန်ကစပြီး ကျုပ် ထီးနန်းကို သိမ်းပိုက်လိုက်တယ်၊ ကျွမ်းလုံချီ မရှိတော့ဘူး။ အစဉ်အလာအတိုင်း ကျုပ် နန်းတက်မယ်"

ထိုစဉ် မမျှော်လင့်သောအသံတစ်သံ ပေါ်လာတော့လေ၏။

"နေစမ်းပါဦး ... ဒုက္ခိတမှုပင်ကျီရဲ့၊ ဘုရင်ကျွမ်းလုံချီ မရှိတော့ဘူးလို့ ဘယ်သူက ပြောသလဲ၊ ကျုပ်မျက်နှာကိုလည်း သေသေချာချာ ကြည့်စမ်းပါဦး"

ကျွမ်းလုံချီနှင့် လိုက်ပါလာသော နန်းတွင်းသားငါးဦးအနက် တစ်ဦးက ပြောလိုက်၏။ သူ၏မျက်နှာပေါ်မှ မျက်နှာတုကို ဆွဲခွာပစ်လိုက်လေသည်။

"ဟင်"

မှုပင်ကျီ အာမေဋိတ်သံ ထွက်သွား၏။ သူက ဆက်ပြောသည်။

"ဒီ ... ဒီမှာလည်း ကျွမ်းလုံချီ တစ်ယောက်ပါလား"



မှုပင်ကျီက အံ့အားသင့်စွာ ဆက်ပြောလေ၏။

သူ အံ့ဩမည်ဆိုကလည်း အံ့ဩလောက်သည်။ လဲကျသေဆုံးနေသော ကျွမ်းလုံချီက တစ်ယောက်၊ မားမားမတ်မတ်ရပ်နေသော ကျွမ်းလုံချီက တစ်ယောက် ... ကျွမ်းလုံချီ နှစ်ယောက် ဖြစ်နေသည်။

အသက်ရှင်လျက်ရှိသော ကျွမ်းလုံချီက ရှေ့သို့ လှမ်းထွက်လာလေ၏။ သူသည် ချန်ခြူးကိုမကြည့်ဘဲ ချန်ခြူးထံ လက်လှမ်းလိုက်သည်။ တစ်ခုခု တောင်းယူသည့်သဘောပင်။

ချန်ခြူးကလည်း သူ့ကျောပေါ်မှ မိုးကြိုးသွားကြေးနီကို ဖြုတ်ယူပြီး ဘုရင်ကျွမ်းလုံချီ၏လက်ထဲသို့ ရိုသေစွာ လှမ်းထည့်လိုက်၏။

ကျွမ်းလုံချီသည်သူ၏ မိုးကြိုးသွားလက်နက်ကို တဖိုးဖိုး ဝှေ့ယမ်းလိုက်၏။

'ဖိုး ... ဖိုး'

ကွမ်မှု၏ ရီဝေနေသော မျက်လုံးများသည် ကျောပေါ်၌ ကျန်ရှိနေသေးသော ကြေးနီမိုးကြိုးသွားလက်နက်ကို လှမ်းမြင်လိုက်လေ၏။ သူ၏ခေါင်းထဲ၌ အသိဉာဏ်တစ်ခု ဝင်းလက်သွားတော့သည်။ သူသည် ကျွမ်းလုံချီ၏ပရိယာယ်ကို သိသွားလေပြီ။

သို့သော် သူ့မှာ သေကောင်ပေါင်းလဲ ဒဏ်ရာရရှိနေပေပြီ။

ကွမ်မှုသည် ကျန်ရှိနေသည့် နန်းတွင်းသားလေးဦးကို အကဲခတ်လိုက်သည်။ လက်ယာဘက်အစွန်းဆုံးမှ နန်းတွင်းသားတစ်ဦးသည် ကွမ်မှုကို လှမ်းကြည့်လိုက်ရာ ကွမ်မှုကလည်း လှမ်းအကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



နိုက် ဖြစ်သဖြင့် မျက်လုံးချင်း ဆုံသွားမိကြသည်။ ကွမ်မှုသည် မဲ့ပြုံးပြုံးလိုက်၏။ မိုးကြိုးသွားလက်နက်ကို ကိုင်မြှောက်လျက် ဘုရင်ကျွမ်းလုံးချိုက တိုက်ခိုက်မည်တကဲကဲဖြစ်နေ၏။

မှုပင်ကျိုသည်ဘုရင်နှင့်တိုက်ခိုက်ရန် ရှေ့သို့တိုးသွားလေ၏။

ကွမ်မှုက မှုပင်ကျိုကို ဟန့်တားလိုက်၏။

"နေဦး ... အစ်ကိုကြီး မှုပင်ကျို"

မှုပင်ကျိုသည် နောက်ဆုတ်လာလေ၏။ ကွမ်မှုသည် မိုးကြိုးသွားလက်နက်ကို ကိုင်မြှောက်ထားသည့် ကျွမ်းလုံးချိုကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်သည်။

"သူတို့ဟာ ကျုပ်တို့ကို ပထမအကြိမ်အဖြစ် လှည့်စားပြီးပြီ၊ ဘုရင် ကျွမ်းလုံးချိုဟာ ကျုပ်တို့ကို ရိုးရိုးသားသား ရင်မဆိုင်တော့ဘူး၊ ပရိယာယ်မာယာဗျူဟာတွေသုံးပြီး ရင်ဆိုင်နေပြီ၊ သူဟာ ဘုရင်ကျွမ်းလုံးချိုစစ်စစ် မဟုတ်ပါဘူး။ သူ့ကို ဘုရင်ကျွမ်းလုံးချို စစ်စစ်လို့ထင်ရင် ဒုတိယအကြိမ်မှားမှာပဲ"

မှုပင်ကျို တုန့်လှုပ်သွားသည်။ ထိုအချိန်တွင် လက်ယာဘက်အစွန်ဆုံးတွင် ရပ်နေသည့် နန်းတွင်းသားသည် ရှေ့သို့ ထွက်လိုက်၏။

"ဟုတ်တယ် ... ဘုရင် ကျွမ်းလုံးချိုအစစ်ဟာ ကျုပ်ပဲ"

သူသည် ကွယ်ဝှက်မရတော့သဖြင့် မျက်နှာအတုကို ခွာချလိုက်သည်။ အကျီကို ချွတ်ပစ်လိုက်သည်။

ဘုရင်ကျွမ်းလုံးချိုအစစ်သည် ထွက်ပေါ်လာလေ၏။

သူသည် ချန်ခြူးထံ လက်ဖြန့်လိုက်၏။ သူ လက်ဖြန့်လိုက်ခြင်းမှာ မိုးကြိုးသွားလက်နက်ကို တောင်းယူခြင်းဖြစ်သည်။



ချန်ခြူးသည် အလွန်ရိုသေကိုင်းရှိုင်းစွာ မိုးကြိုးသွားလက်နက်ကို လှမ်းပေးသည်။

ဘုရင်ကျွမ်းလုံးချိုသည် တစ်ချက်မျှ လှည့်မကြည့်ဘဲ မိုးကြိုးသွားလက်နက်ကို လှမ်းယူ၏။

⑪

ကွမ်မှုသည် မျက်တောင်မခတ် အသေးစိတ်လိုက်ကြည့်နေသည်။ သူသည် နန်းတွင်းသားများကိုရော၊ ကျွမ်းလုံးချိုအတုကိုရော၊ ချန်ခြူးကိုရော၊ ဘုရင်အစစ်ကိုရော လုံးဝအလွတ်မပေးချေ။ အကဲခတ်နေ၏။

နောက်ဆုံးထွက်လာသူသည် ဘုရင်ကျွမ်းလုံးချိုအစစ် ဖြစ်ကြောင်း သေချာသွားချေပြီ။

ကွမ်မှုက ...

"အစ်ကိုကြီး မှုပင်ကျို ... ဘုရင်အတုကို ရင်ဆိုင်လိုက်ပေါ့၊ ကျွန်တော်က ဘုရင်ကျွမ်းလုံးချိုအစစ်ကို ရင်ဆိုင်မယ်၊ သူတို့က နှစ်ယောက်စလုံးဝင်မှာ၊ အစ်ကိုကြီးတစ်ယောက်တည်း ကျွန်တော် တစ်ယောက်တည်း မနိုင်ဘူး"

မှုပင်ကျိုက ...

"စိတ်ချ ... ငါ ဘုရင်အတုကို ရင်ဆိုင်လိုက်မယ်"

ဘုရင် ကျွမ်းလုံးချိုအစစ်က ...

"ကောင်းတယ် ... လာပါတိုက်ပါ၊ ငါက မင်းတို့ကို ငါ့လက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မသတ်ချင်လို့ သစ္စာမဖျက်ချင်လို့ ရှောင်နေတာ၊ အခုတော့ မလွှဲမရှောင်သာ သတ်ရတော့မယ်"

"ဟား ... ဟား ... ဟား ... ကျွမ်းလုံ့ချို ... ကျွမ်းလုံ့ချိုခင်ဗျားက ကိုယ့်ကိုယ်ကိုယ် သစ္စာရှင်တစ်ယောက်လို ဟန်ဆောင်နေတုန်းပဲကိုး။ ခင်ဗျား အခုလုပ်နေတာတွေအားလုံး သစ္စာဖောက်တဲ့ လုပ်ရပ်တွေဆိုတာ ခင်ဗျား သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ပါးစပ်ကတော့ ခင်ဗျားဟာ သစ္စာရှင်ကြီးပဲ၊ ခင်ဗျားဟာ အပေါင်းအသင်းရောင်းရင်းတွေအပေါ် မတရားကြံစည်ခဲ့တယ်၊ ကိုယ့်အကျိုးအတွက် လုပ်ရပ်မျိုးစုံ လုပ်ခဲ့တယ်၊ အဲဒီတော့ လူယုတ်မာဖြစ်နေတာ ကြာပါပြီ၊ ကဲ ... ခုတော့ ခင်ဗျားသွေးကို ကျုပ်ဓားက သောက်ရတော့မယ်"

ကွမ်မှုသည် ဘုရင်ကျွမ်းလုံ့ချိုကို တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားသည်။

သူသည် စူစီဝေ့ကို လှမ်းကြည့်လိုက်လေ၏။

◎◎◎



# (၉၁)

## သရေပွဲ သတ်မှတ်ခြင်း

ကွမ်မှုသည် စူစီဝေ့ကို သူ့အနီးသို့ လှမ်းခေါ်လိုက်သည်။

"ညီလေး ... စူစီဝေ့"

"ဘာလဲ အစ်ကိုလေး ... ပြောပါ"

"စူစီဝေ့ ... မင်း ကွမ်ယုကိုခေါ်ပြီး မြေပြန့်ကို ရှောင်တိမ်းပါ၊ ဘုရင်ကျွမ်းလုံ့ချို လိုက်မမီတဲ့ နေရာကိုပေါ့"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကိုလေး"

"လျူနန်ကျင်းက စူစီဝေ့နဲ့ ကွမ်ယုကို စောင့်ရှောက်ပါ၊ တောင်တင်းရယ်ကိုလည်း ခေါ်သွား၊ အားလုံး ဘာများမေးစရာရှိသလဲ"

"အစ်ကိုလေး ကွမ်မှု ... တစ်ခုတော့ရှိတယ် ... ကျွန်တော်က တိုက်ခိုက်နိုင်လျက်နဲ့ အစ်ကိုကြီးနဲ့အစ်ကိုလေးကို ဒီအတိုင်းပစ်ထားရမှာလား"

"မင်း ဘာတွေပြောနေတာလဲ၊ ငါ ရှေ့ရေးအကျိုးကိုကြည့်ပြီး ပြောနေတာ၊ ငါ အမိန့်ပေးနေတယ် စူစီဝေ့ ... ချက်ချင်း ဒီနန်းတော်ဟောင်းထဲက ထွက်သွားပါ"

စူစီဝေ့ ခေါင်းငိုက်စိုက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။

ကွမ်ယုသည် ကိစ္စတစ်ခုကို အကျိုးအကြောင်းနှင့် ယှဉ်၍ အမြဲစဉ်းစားသည်။ အခြေအနေအရ မိမိတို့ဘက်က နိမ့်ပါးနေသည်။

ကျွမ်းလုံချီသည် အခါတိုင်းထက် ဖျတ်လတ်တက်ကြွနေသည်။

အကယ်၍ မိမိတို့ဘက်က တစ်ဦးပြီးတစ်ဦး ကျဆုံးသွားပါက ကွမ်ယုအတွက် ရင်လေးဖွယ်ရာပင် ဖြစ်ပါသည်။

ကွမ်မူ၏သား ကွမ်ယုနှင့် လျူနန်းကျင်၏သမီး တောင်တင်းရယ်မှာလည်း ရင်လေးစဖွယ် ဖြစ်ပါလိမ့်မည်။

ကွမ်ယုသည် ကွမ်မူ၏ နောက်ဆုံး မျိုးဆက်ပင် ဖြစ်သည်။

မိမိ၊ မူပင်ကျီနှင့် ကွမ်မူတို့တွင် ကွမ်မူသည်သာ ရင်သွေးယောကျ်ားလေးရှိခဲ့သည် မဟုတ်ပါလော။

ကွမ်မူသည် စကားတစ်ခွန်းကို ဆင်ခြင်တိုင်းဆ၍သာ ပြောတတ်သည်။ သူ့စကားကိုငြင်းလျှင် အကျိုးနည်းဖွယ်ရာသာ ရှိသည်။

စူစီဝေသည် ခေါင်းညိတ်လိုက်ပြီး သူ၏အစ်ကိုကြီးမူပင်ကျီနှင့် အစ်ကိုလေးကွမ်မူတို့ကို တစ်ချက်ကြည့်လိုက်၏။

မူပင်ကျီက သူ့ရွှေလက်တုကို မြှောက်ပြလိုက်ပြီး ...

"စူးစီဝေ ... ဘာမှ စိတ်မကောင်းမဖြစ်နဲ့ ငါတို့ဟာ သူရဲကောင်းတွေ၊ သူရဲကောင်းတွေဟာ တစ်သက်မှာတစ်ခါပဲ သေကြတယ်၊ ကဲ ... မင်းတို့ သွားကြပေတော့"

စူစီဝေသည် ကွမ်ယုနှင့် တောင်တင်းရယ်ကို ပွေ့ချီလျက် နန်းတော်ဟောင်းကြီးမှ ထွက်ခွာသွားတော့၏။



လျူနန်ကျင်းသည် ကွမ်မူနှင့် မူပင်ကျီကို ဂါရဝပြုပြီး စကြာလက်နက်ကို ကိုင်မြှောက်လျက် စူစီဝေနောက်မှ လိုက်ပါသွား၏။

သူသည် ဘုရင်ကျွမ်းလုံချီကို တစ်ချက်ကြည့်သွားသည်။ သူ့အကြည့်က နေသေးသပ ချုံထဲက ချိုသွေးလို့ တမြမြဟူ၍ ကြည့်သွားသည့်အကြည့်ပေတည်း။

စူစီဝေသည် အရေးကြီးသည် မှန်သော်လည်း ခြေလှမ်းမှန်မှန်ဖြင့် ထွက်သွားသည်။

လျူနန်ကျင်းသည် ခြေလှမ်းမှန်မှန်ဖြင့် နောက်မှလိုက်ပါသွားသည်။

ဘုရင်ကျွမ်းလုံချီသည် စူစီဝေနှင့် လျူနန်ကျင်းတို့ကို စိမ်းစိမ်းကြည့်နေ၏။

သူတို့ မျက်ကွယ်၌ရောက်သွားသောအခါ လက်မြှောက်အချက်ပြလိုက်၏။ ထိုအခါ နန်းတွင်းသိုင်းသမားသုံးဦးတို့သည် လက်နက်များကို ဆွဲထုတ်လိုက်ကြ၏။

'ရှမ်း ... ရှမ်း ... ရှမ်း'

"လိုက်"

ဘုရင်ကျွမ်းလုံချီက အမိန့်ပေးလိုက်၏။

သူသည် ချုန်ခြူးကိုတော့ မထည့်လိုက်နိုင်ချေ။ အရေးအကြောင်းရှိလျှင် ချုန်ခြူးကိုသာ အားကိုးရမည် မဟုတ်ပါလား။

နန်းတွင်းသားများသည် ပြေးလိုက်သွားကြ၏။ အတန်ကြာသောအခါ အဝေးမှ လက်နက်များ ခုတ်ထစ်သံ ထွက်ပေါ်လာ၏။

'ခွမ် ... ချလွမ် ... ချလွမ်'

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်သံများသည် တဖြည်းဖြည်း ဝေးသွား၏။ နောက်ဆုံး အသံပျောက်သွားသည်။

သူတို့သည် မည်သည့်နေရာအထိ လိုက်တိုက်မည် မသိချေ။

"ကဲ ... ကျုပ်တို့ပဲ ကျန်တော့တယ်၊ ရင်ဆိုင်လိုက်ကြရအောင်"

ဘုရင်ကျွမ်းလုံ့ချီအစစ်က ...

"အေး ... တိုက်တာပေါ့"

သူသည် ထိုသို့ပြောပြီး ကွမ်မှူကို ခုန်ဝင်တိုက်ခိုက်လေတော့၏။

ကျွမ်းလုံ့ချီအတုက မူပင်ကျိုကို ဝင်ရောက်တိုက်ခိုက်သည်။

စကြာလက်နက်တပ်ဆင်ထားသည့် မူပင်ကျို၏ ရွှေလက်အတုသည် ထက်အောက်ဝဲယာသို့ လျင်မြန်စွာ လှုပ်ရှားလျက် အလွန်ပြင်းထန်စွာ ခုခံလိုက်သည်။

ⓞⓞⓞ



(၉၂)

'ခွမ်း ... ခွမ်း ... ခွမ်း'

ကွမ်မှူသည် ရိပ်ခနဲ တိုးဝင်လာသော မိုးကြိုးသွားအောက်မှ ရိပ်ခနဲ ပျောက်သွားသည်။

ဘုရင်ကျွမ်းလုံ့ချီလည်း အံ့သြသွားသည်။

သူ့တိုက်ခိုက်မှုမှာ အလွန်လျင်မြန်လှသည် မဟုတ်ပါလော။ ကျွမ်းလုံ့ချီသည် မနားတမ်း ထိုးခုတ်တိုက်ခိုက်လိုက်သည်။

'ဒိုး ... ဒိုး ... ဒိုး'

'ဒိုး ... ဒိုး ... ဒိုး'

မိုးကြိုးသွား၏ လေတိုးသံများသည် ဆူညံနေ၏။

ကွမ်မှူသည် မိုးကြိုးသွားလက်နက်ကို ထိပ်တိုက်မခုခံချေ။ ရှောင်တိမ်း၍ သာနေသည်။

"ဟေ့ ... ကွမ်မှူ ... ဘာဖြစ်လို့ မင်း ရှောင်တိမ်းနေတာလဲ၊ ငါ့ကို ခုခံပါလား"

"ခင်ဗျား အပိုတွေမပြောနဲ့ ကျုပ်ကို ထိအောင်တိုက်စမ်းပါ"

ကွမ်မှူသည် မိုးကြိုးသွားလက်နက်ကို အမျိုးမျိုး ရွှေ့ပြောင်း၍ ခုခံသည်။

ကျွမ်းလုံ့ချီသည် ဒေါပိုက်၍ သိမ်းခုတ်သည်။ ကွမ်မှူသည် ငွမ်းစိုင်ကလေးတစ်ခုအလား အဝေးသို့ လွင့်ဝဲ ရှောင်တိမ်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်မှူ လက်ရှိကျင့်သုံးနေသော ပရိယာယ်မှာ ကျွမ်းလုံချီ၏ ဒေါသကို ဆွပေးရန်ဖြစ်လေသည်။ သူသည် မိမိ၏ခွန်အားကို ချွေတာသုံးကာ ကျွမ်းလုံချီ၏အင်အားကို လျော့ပါးစေရန် ကြံဆောင်ခြင်းဖြစ်သည်။ ဤပရိယာယ် သုံးရခြင်းမှာ ကွမ်မှူ ဒဏ်ရာရနေခြင်းကြောင့် ဖြစ်သည်။ သူသည် ဒဏ်ရာပြင်းထန်စွာ ရနေသဖြင့် ကျွမ်းလုံချီကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်း မရှိပေ။ ကွမ်မှူသည် အခြေအနေနှင့် လျော်ညီစွာ ပရိယာယ်သုံးနေရခြင်း ဖြစ်သည်။

ဘုရင်ကျွမ်းလုံချီမှာမူကား ကွမ်မှူကို လက်စမြန်မြန် သိမ်းပစ်ချင်နေသည်။ သူသည် ကွမ်မှူ၏ ပရိယာယ်ကို မသိ မဟုတ် ...သိ၏။ သူသည် ခွန်အားကို အစွမ်းကုန်ထုတ်ကာ တိုက်ခိုက်နေသည်။ ကွမ်မှူ မြန်မြန်သေလျှင် မြန်မြန်အေးသည်။ သူ့အား ယခု ဆန့်ကျင်နေသည့် ခေါင်းဆောင်မှာ ကွမ်မှူဖြစ်ကြောင်း သူသိသည်။ ယခင်က သူတို့ငါးဦး ရှိစဉ်ကပင် သူအပါအဝင် ကျန်လေးဦးမှာ ကွမ်မှူ၏အကြံဉာဏ်များကို လိုက်နာခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် အပြင်းအထန်တိုက်ခိုက်နေတော့သည်။

ဒဏ်ရာရရှိနေသော ကွမ်မှူသည် သူ့ကို ရေရှည်မရှောင်တိမ်းနိုင်။ တစ်ချိန်ချိန်တွင် သူ့မိုးကြိုးသွားလက်နက် ထိရမည်ဟု သူယုံကြည်၏။ သို့သော် သူထင်သကဲ့သို့ မလွယ်ကူခဲ့ချေ။ ကွမ်မှူသည် တချွေတစ်ကောင်ကဲ့သို့ ခုန်ပျံကူးသန်းကာ ရှောင်တိမ်းနိုင်ခဲ့သည်။ မိုးကြိုးသွား လသာ်နက်အောက်မှ လူးလိမ့်၍လည်းကောင်း၊ ခုန်ပျံ၍လည်းကောင်း ရှောင်တိမ်းနိုင်ပုံမှာ ငှက်ဆိုးတစ်ကောင် ဝင်ရောက်ပူးကပ်နေပုံမျိုး ဖြစ်သည်။



ကျွမ်းလုံချီက တိုက်စစ်။ ကွမ်မှူက ခံစစ်။

ဘုရင်အတုနှင့် မှုပင်ကျီတို့၏ တိုက်ပွဲမှာလည်း ပြင်းထန်စွာ တိုက်ခိုက် နေကြသည်။

"ကျား ..."

'ခြွမ်း ....'

'ထန် ...'

'ချလန် ...'

ဘုရင်ကျွမ်းလုံချီအတုသည် တိုက်ခိုက်ရင်း အတွင်းအားများ ကုန်ခန်းစ ပြုလာပေပြီ။ သည်အတိုင်းဆက်သွားလျှင် ဘုရင်ကျွမ်းလုံချီအတုသည် အမောဆို့ပြီး ဒုက္ခရောက်မည်မှာ သေချာနေသည်။

မှုပင်ကျီကလည်း အပြင်းအထန် တိုက်ခိုက်နေသည်။

ဘုရင်ကျွမ်းလုံချီအစစ်သည် ကွမ်မှူကို အားသွန်ခွန်စိုက် တိုက်ခိုက်နေသည်မှာ အင်အားကုန်ခန်းစပြုသည်အထိ ဖြစ်တော့သည်။ သည်အတိုင်း ဆက်တိုက်လျှင် ဘုရင်ကျွမ်းလုံချီအစစ် အမောဖောက်ပြီး ဒုက္ခရောက်နိုင်သည်။

ဘုရင်ကျွမ်းလုံချီအစစ်သည် တိုက်စစ်ဆင်ခြင်းမှာ မှားယွင်းသည်ဟု သိမြင်လာ၏။ သူ၏ တိုက်ခိုက်မှုအရှိန်ကို လျှော့ချလိုက်၏။ ထို့နောက် ပရိယာယ်မာယာများသော တိမ်လေနှင့် လျှပ်ပန်းဆင်ဟူသော တိုက်ကွက်ဖြင့် ကွမ်မှူ၏ ဝမ်းဗိုက်သို့ ဓားနှင့်ဆင့်၍ ထွက်လိုက်၏။ ထိုသို့ တိုက်ခိုက်ပြီးမှ ဘုရင်ကျွမ်းလုံချီအစစ် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ...

www.burmeseclassic.com

www.burmeseclassic.com



သူဆင့်သွင်းလိုက်သည့် ဓားကို ကွမ်မှုက လုံးဝမရှောင်ဘဲ သူ၏ဓားရှည်ဖြင့် ကျွမ်းလုံချီအစစ်ထံသို့ ထိုးသွင်းလိုက်သောကြောင့် ဖြစ်ပါ၏။

သူ၏ မိုးကြိုးလက်နက်က ကွမ်မှု၏ဝမ်းဗိုက်ဆီသို့ စိုက်ဝင်သွားချိန်၌ ကွမ်မှု၏မြွေဟောက်အဆိပ်လွှတ်ဓားမြှောင်သည် ဘုရင်ကျွမ်းလုံချီ၏ ရင်ဝသို့ တိုးဝင်လာချေပြီ။

ကွမ်မှုက သူသေကိုယ်သေဓားကွက် သုံးလိုက်ခြင်းပေတည်း။

ဘုရင်ကျွမ်းလုံချီမှာ ကွမ်မှု စွန့်သကဲ့သို့ မစွန့်။ သူသည် ဘုရင်အဖြစ် စံမြန်းနေရသူတစ်ဦး မဟုတ်ပါလား။ ကွမ်မှုကဲ့သို့ အညတရတစ်ဦး မဟုတ်ပါ။ ဘုရင်ကျွမ်းလုံချီသည် အတွင်းအားကို ထုတ်လိုက်၏။ သူ၏ မိုးကြိုးလက်နက်ကို ပြန်လည်ဆွဲထုတ်ယူလိုက်၏။ သူ ဆွဲထုတ်ယူလိုက်ချိန်မှာ အချိန်မီရုံကလေးရှိသည်။ တိမ်လေနှင့် လျှပ်ပန်းဆင်သိုင်းကွက်ကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။ ကွမ်မှု၏ဓားချက်ကို ရှောင်တိမ်းရင်း နောက်သို့ ကျွမ်းပစ် ခုန်ဆုတ်သွားလေ၏။

ဘုရင်ကျွမ်းလုံချီသည် ကွမ်မှု၏ မြွေဟောက်အဆိပ်လွှတ်တိုက်ကွက်မှ လွတ်မြောက်သွားသော်လည်း သူ၏ တိမ်လေနှင့် လျှပ်ပန်းဆင်တိုက်ကွက်ကို အတွင်းအားထုတ်၍ ပြန်လည်ရုပ်သိမ်းလိုက်ရသောကြောင့် သူ့ခန္ဓာကိုယ်ထဲမှ ခွန်အားများ ယူပစ်သလို ပျောက်ကွယ်သွားသည်။ တစ်ကိုယ်လုံး နုံးချည့်လျက် ခွေလဲကျတော့မည့်နှယ် ဖြစ်သွားသည်။

သို့သော် ...



ဘုရင်ကျွမ်းလုံချီသည် အံကြိတ်၍ ခပ်မာမာ ကြိုးစား၍ ရပ်လိုက်ရ၏။

သူသည် ကွမ်မှု မရိပ်မိအောင် ကြိုးစား၍ ရပ်သည်။ ကွမ်မှု ရိပ်မိသွားပြီး ဆက်တိုက်စိုက်လာပါက မိမိ ရှုံးနိမ့်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေသည်။

ထိုအချိန်တွင် တိုက်ပွဲ၏ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းသွား၏။

"အား ..."

စူးရှကျယ်လောင်သော အသံကြီးတစ်သံသည် ထွက်ပေါ်လာ၏။

ကွမ်မှု ကြည့်လိုက်သည်။

"အလို ... ဘုရား ... ဘုရား"

မှုပင်ကျို၏ အော်သံသာတည်း။ မှုပင်ကျို လဲကျသွားချေပြီ။

ဘုရင်တု၏ မိုးကြိုးသွားလက်နက်သည် မှုပင်ကျို၏ အသည်းနှလုံးကို ထိုးဖောက်သွားချေပြီ။

ကွမ်မှုသည် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားသည်။

မိမိ၏ ကံကြမ္မာကိုလည်း တွေ့လိုက်ရသည်။

ဘုရင်တုသည် ရပ်မနေပေ။

သူသည် ကွမ်မှုနှင့် ကျွမ်းလုံချီတို့၏ တိုက်ပွဲကို သိမြင်နေသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၉၃)

သူသည် ကွမ်မှူရှေ့သို့ လွှားခနဲ ခုန်ဝင်လာပြီး ရိုးစင်းသော်လည်း ပြင်းထန်သော ခေါင်းချက်ဖြင့် ခုတ်ချလိုက်၏။

'ခြိမ်း ... ချလွမ်း ... ချလွမ်း'

ကွမ်မှူသည် သူ့ဓားဖြင့် မြှောက်ခံလိုက်၏။ သူသည် အင်အားကုန်ခန်းလု ဖြစ်နေ၏။

ဘုရင်တုကား အင်အားအပြည့် ရှိနေသည်။

ထို့ကြောင့် အင်အားမမျှသောကြောင့် ကွမ်မှူ၏ဓားသည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားလေ၏။ ကွမ်မှူသည် ဓားလွတ်ကျသွားသည်နှင့် ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်၏။ အတွင်းအားကို အစွမ်းကုန် ထုတ်လိုက်၏။ သူ နောက်ဆုံး ကျိတ်၍ လေ့ကျင့်ထားသော 'အရိပ်တစ္ဆေ တိုက်ကွက်' ကို စွန့်စားလျက် ထုတ်သုံးလိုက်ရတော့သည်။ သူ အရိပ်တစ္ဆေတိုက်ကွက်ကို ကြိုးစားပမ်းစား လေ့ကျင့်နေသည်ကို မူပင်ကျိုနှင့် စူစီဝေ့တို့ပင် မသိကြချေ။ သူတို့သည် ကွမ်မှူ လေ့ကျင့်ရိုး လေ့ကျင့်စဉ်များကို လေ့ကျင့်နေသည်ဟုသာ ထင်နေကြသည်။ အရိပ်တစ္ဆေတိုက်ကွက်မှာ အလွန်ဆန်းကြယ်၏။

ကြည့် ...။

ကွမ်မှူထံမှ အရိပ်သုံးရိပ်မှ ဖြာထွက်လာပြီး သူ၏အပေါ် အင်္ကျီသည် လေထဲ၌ တဖျပ်ဖျပ် ရိုက်ခတ်နေသည်။



သူသည် ဘုရင်တုကို ရှောင်ပြီး ကျွမ်းလုံ့ချီအစစ်ထံသို့ တိုးဝင်သွား၏။

ဘုရင်ကျွမ်းလုံ့ချီအတုသည် အံ့ဩတွေဝေသွား၏။ သူသည် အရိပ်သုံးရိပ်ကို ငေးကြောင်ကြည့်နေမိ၏။ ဘုရင်ကျွမ်းလုံ့ချီအစစ်သည် အရိပ်သုံးရိပ်ကြည့်ကာ အရိပ်တစ်ရိပ်ဆီသို့ မိုးကြိုးသွားလက်နက်ဖြင့် ခုတ်ချလိုက်သည်။

'ဝှစ် ...'

မိုးကြိုးသွားလက်နက်သည် လေကို ထိုးခွဲသွား၏။

ကျွမ်းလုံ့ ချီ ခုတ်ထစ်လိုက်ပုံမှာ လျင်မြန်လှသည်။ သို့သော် မိုးကြိုးသွားလက်နက်သည် မည်သည့်ကိုယ်ခန္ဓာကိုမျှ မထိချေ။ သူ ခုတ်ထစ်မိသည်မှာ လူအစစ်ကို မဟုတ်ချေ။ အရိပ်ကိုသာ ခုတ်ထစ်နေမိသည်။

ကျန်သောအရိပ်နှစ်ခုသည် ဘုရင်ကျွမ်းလုံ့ချီကို ဝိုင်းပတ်နေကြ၏။ ဘုရင်ကျွမ်းလုံ့ချီသည် မိုးကြိုးသွားလက်နက်ဖြင့် ပိုင်းဖြတ်ချလိုက်ပြန်သည်။ နောက်အရိပ်တစ်ခုကို ပိုင်းဖြတ်ချခြင်း ဖြစ်သည်။ ထိုခုတ်ဖြတ်ချက်မှာလည်း အချည်းနှီးဖြစ်သွား၏။ သူသည် လေကိုသာ ခုတ်မိသွားသည်။

သူ အရိပ်နှစ်ခုကို ခုတ်မိပြီးသောအချိန်၌ ကွမ်မှူ၏ဝတ်ရုံရှည်ကြီးသည် သူ၏လည်ပင်းကို မြွေတစ်ကောင်နှယ် ရစ်ပတ်မိသွားချေပြီ။ ကွမ်မှူသည် သူ၏ဝတ်ရုံရှည်ကို တစ်ချက်ဆောင့်ဆွဲလိုက်ရုံဖြင့် ဘုရင်ကျွမ်းလုံ့ချီ၏လည်ပင်းကို ပြတ်ထွက်သွားပေမည်။

ထိုစဉ် အံ့အားသင့်နေ သော ဘုရင်အတုသည် သတိဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကွမ်မှူထံသို့ ခုန်ပျံဝင်ရောက်လာပြီး ကွမ်မှူ၏ နံကြားအောက်မှ သေတွင်းဆီသို့ မိုးကြိုးလက်နက်ဖြင့် ထောက်လိုက်၏။

"ကွမ်မှူ ... နည်းနည်းမှ မလှုပ်လိုက်နဲ့၊ မင်းလှုပ်လိုက်ရင် သေပြီသာ မှတ်ပေတော့"

ဖြစ်ပုံပျက်ပုံမှာ လှေကားထစ် အဆင့်ဆင့်ပုံနှယ်တည်း။

ဘုရင်ကျွမ်းလုံရှီလည်ပင်းကို ငါးမှျားမျှိတ်ဝတ်ရုံရှည်က ရစ်ပတ်နေသဖြင့် ကျွမ်းလုံရှီ၏အသက်မှာ ကွမ်မှူ၏လက်ထဲ ရောက်နေပေသည်။ သို့သော် ကွမ်မှူ အသာစီး မရပါ။

ဘုရင်ကျွမ်းလုံရှီ သေလျှင် သူလည်း လိုက်သေရပါမည်။

ဘုရင်တုသည် ကွမ်မှူ၏ သေကွက်ကို မိုးကြိုးသွားဓားဖြင့် ထောက်ထားပြီး ဖြစ်နေသဖြင့် ကွမ်မှူ၏အသက်သည်လည်း ဘုရင်တု၏ လက်ထဲတွင် ရောက်နေပေသည်။ ကွမ်မှူသည် ဘုရင်ကျွမ်းလုံရှီကို အသေသတ်လျှင် သူလည်း သေရပါတော့မည်။ ထိုစဉ် ...

"ဟေ့ ... ဘုရင်တု ... မင်းငြိမ်ငြိမ် နေလိုက်စမ်း။ မင်းလည်ပင်းကို ငါ့မှိန်းသွားက တိတိကျကျ ချိန်ထားပြီးပြီ၊ မင်းမယုံရင် လှုပ်ကြည့်စမ်း"

ဘုရင်တု မလှုပ်ရဲပါ။ အဘယ်ကြောင့်ဆိုသော် သူ့အား ဟိန်းဟောက်ပြောကြားသူမှာ လျူနန်ကျင်း ဖြစ်နေသောကြောင့်တည်း။ မည်သူမျှ မျှော်လင့်မထားသော လျူနန်ကျင်းသည် ချန်ခြူးက သူ့အား မတိုက်ခိုက်နိုင်ရန် ကြားထဲမှ ဘုရင်တုကို ကာထားသည်။

◎◎◎



(၉၄)

လျူနန်ကျင်းသည် အလွန်သတိရှိသည်။ ချန်ခြူး ကြက်သေသေလျက် ရှိနေလေ၏။ လျူနန်ကျင်းသည် ကွမ်မှူကို စိတ်မချသောကြောင့် ပြန်လာခြင်း ဖြစ်သည်။ သူ၏မှိန်းသွားတွင် သွေးနီများက စေးထန်းစိုစွတ်နေသည်။ ကွမ်မှူ အားတက်သွား၏။ သူတို့ လှေကျင့်ပေးထားသည့် လျူနန်ကျင်းသည် ဘုရင်တုကို ချိန်ရွယ်ထားပြီး ဖြစ်နေသည် မဟုတ်ပါလား။ သို့သော် ဘုရင်ကျွမ်းလုံရှီက ...

"ကွမ်မှူ ... ငါပြောမယ်၊ သေသေချာချာနားထောင်ပါ"

"ပြော ... ဘာပြောမှာလဲ"

"မင်း သေမင်းခုနစ်ထပ်အဆိပ်ငွေ့ကို မင်းကြားဖူးသလား"

ကွမ်မှူသည် ထိုအဆိပ်ငွေ့ကို ကောင်းစွာသိသည်။ အဆိပ်ငွေ့ပျံ့လွင့်သော ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဝိညာဉ်များပင် သေဆုံးနိုင်သည်ဟု ဆိုရိုးစကားရှိသည်။

"ခင်ဗျား အဲဒီအဆိပ်ငွေ့ကို သုံးမယ်လို့ ပြောတာလား၊ သုံးလေ ... သုံးလိုက်ပါ။ အဲဒါဆိုရင် ခင်ဗျားသာ ဇီဝိန်ကြွေသွားမှာလေ"

"မင်းတို့သတ်လို့ အသေခံရမယ့်အတူတူ မင်းတို့ကိုပါ ငရဲပြည် ခေါ်သွားဖို့ ငါ ပြင်ဆင်ထားတဲ့အကြောင်း ပြောမလို့ကွ၊ အေး ... သေမင်းခုနစ်ထပ်အဆိပ်ငွေ့ကို ငါဖောက်ခွဲလိုက်ရင် ငါတို့ရော မင်းတို့ပါ ကြွေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်မှုသည် အတန်ကြာစဉ်းစားသည်။ ပြီးမှ ...

"ကောင်းပြီ၊ ခင်ဗျားသေရင် သစ္စာဖောက်တစ်ယောက် လျော့သွားတာပဲ၊ ကဲ ... ဒီတော့ ကျုပ်လည်း အသေခံရမှာပေါ့၊ ခင်ဗျား အဆိပ်တွေကို ဖောက်ခွဲလိုက်ပေတော့"

ဘုရင်ကျွမ်းလုံရှီ၏ လေသံမှာ ပျော့သွားသည်။

"ကွမ်မှု ... မင်း စဉ်းစားပါဦး"

"ကျုပ် စဉ်းစားပြီးမှ ဒီစကားပြောတာ"

"ဘယ်သူမှအကျိုးမရှိတဲ့အလုပ်ကွာ၊ ငါ နည်းလမ်းတစ်ခု ပြောပါမယ်၊ တို့အားလုံး ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို လွှတ်ချပြီး တစ်ပြိုင်နက် ခုန်ဆုတ်ကြမယ်၊ ငါတို့ တိုက်ပွဲကို သရေပွဲအဖြစ် သတ်မှတ်လိုက်ကြမယ် ... ဘယ့်နှယ့်လဲ"

ကွမ်မှုသည် အတန်ကြာ စဉ်းစားပြန်၏။ စဉ်းစားပြီးမှ သူ ပြောလိုက်၏။

"ဒီလို လွယ်လွယ်နဲ့တော့ သရေပွဲလုပ်လို့မရဘူး"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"ကျုပ်အနေနဲ့ ခင်ဗျားပြောသလို သရေပွဲဆိုပြီးတော့ နောက်မဆုတ်နိုင်ဘူး။ အဲ ... တစ်ခုတော့ ခြွင်းချက်ရှိတယ်၊ ခင်ဗျား မသေချင်ရင် ခင်ဗျားရဲ့ မိဘဘိုးဘွားတွေကို တိုင်တည်ပြီး ဒီက လျူနန်ကျင်းနဲ့ သူ့သမီး တောင်တင်းရယ်ကို ဘယ်လိုနည်းနဲ့မှ အန္တရာယ် မပေးတော့ပါဘူးလို့ ကျိန်တွယ်ရင် ခင်ဗျားပြောတဲ့အတိုင်း ဒီတိုက်ပွဲကို သရေအဖြစ် သတ်မှတ်လိုက်မယ်"

ဘုရင်ကျွမ်းလုံရှီမှာ အခက်အခဲတွေ့သွားသည်။ သူ၏ မိဘဘိုးဘွားတို့ကို သက်သေတည်၍ ကျိန်ဆိုရလျှင် ထိုသစ္စာကို မည်သည့်အခါမျှ မဖောက်ဖျက်နိုင်တော့ချေ။ ထိုသစ္စာမှာ ကမ္ဘာတည်သရွေ့ တည်ရပေသည်။ ဘုရင်ကျွမ်းလုံရှီ သစ္စာဆိုမည်လော။ အသေခံမည်လော။ သူသည် လမ်းနှစ်လမ်းကို ရွေးရပေတော့မည်။ နောက်ဆုံး သူသည် အသေမခံနိုင်သည့်အတွက် ကွမ်မှု တောင်းဆိုသည့်အတိုင်း ကတိသစ္စာ ပြုရလေတော့၏။ လျူနန်ကျင်းနှင့် ကလေးတို့ကို မည်သည့်အခါမျှ ဒုက္ခမပေးပါဟု သစ္စာပြုရလေ၏။



"ကဲ ... လက်နက်တွေအားလုံး ပစ်ချပေတော့"

သူတို့သည် အားလုံး လက်နက်များ ပစ်ချပြီး ကိုယ်စီနောက်ဆုတ်လိုက်ကြ၏။ ကွမ်မှုသည် ရေရှည်ကိုကြည့်ပြီး သဘောတူလိုက်ခြင်း ဖြစ်သည်။ သူသည် လျူနန်ကျင်းကို အထူးသဖြင့် မျှော်လင့်သည်။ လျူနန်ကျင်းသည် သူ့စီမံချက် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်သည်။ သူတို့သည် ခြေလှမ်းငါးလှမ်းစီ နောက်ဆုတ်လိုက်ကြသည်။

"ကဲ ... ငါတို့ ပြိုင်ပွဲကတော့ သရေပွဲပဲ၊ ငါတို့ သွားတော့မယ်"

ဘုရင်ကျွမ်းလုံရှီသည် ထိုစကားကို ပြောပြီးသည်နှင့် ဘုရင်တုနှင့် ချန်ခြူးတို့ကို ခေါ်ကာ နန်တော်ဟောင်းထဲမှ ထွက်ခွာသွားတော့သည်။ သူတို့သည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေတော့သည်။ ကွမ်မှုသည် စိတ်လျှော့လိုက်သည့်အခါ လဲပြိုကျသွားတော့သည်။

◎◎◎

www.burmeseclassic.com

www.burmeseclassic.com



## (၉၁)

## လွှမ်းစရာ အတိတ်

ဘုရင်ကျွမ်းလုံ့ရှိတို့လည်း မရှိတော့ပေ။ ကွမ်မူလည်း လဲပြို သွားပေပြီ။ လျူနန်ကျင်းသည် လျင်မြန်စွာ ပြေး၍ပွေ့လိုက်ရသည်။ ထို့နောက် လျူနန်ကျင်းက အော်ခေါ်လိုက်၏။

"တောင်တင်းရယ် ... မြန်မြန်ထွက်လာခဲ့"

အခန်းထောင့်အတွင်းမှ တောင်တင်းရယ်သည် ပြေးထွက်လာလေ၏။ သူပုန်းနေသည်ကို မည်သူမျှ မသိကြချေ။

"သမီး ... ပန်းပေါ်က ဆေးလွယ်အိတ်ထဲမှာ ကြေးဘူးအဖြူ တစ်လုံးရှိတယ်၊ အဲဒါထုတ်စမ်း"

တောင်တင်းရယ်သည် ကြေးဘူးအဖြူကိုယူ၍ လျူနန်ကျင်းကို ပေးလေ၏။ လျူနန်ကျင်းသည် ကြေးဘူးအဖြူထဲမှ အသက်ကယ် ဆေးသုံးလုံးကိုယူ၍ ကွမ်မူကို တိုက်လိုက်၏။ ကွမ်မူသည် ဆေးသုံးလုံး ဝင်သွားပြီးသောအခါ နှစ်မြိုက်စွာ အိပ်ပျော်သွားတော့၏။

လျူနန်ကျင်းသည် ကွမ်မူရရှိသည့် ဒဏ်ရာများကို ဆေးထည့်ပေးခြင်း၊ ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပေးလေသည်။

ကွမ်မူသည် နာကျင်မှုကြောင့် ယောင်ယမ်း တွန့်လိမ်မိသည်။ လျူနန်ကျင်းမှာ ကွမ်မူအား လွန်စွာကရုဏာသက်မိလေ



သည်။ ဤဆရာကြီး၏ ဉာဏ်ပညာမှာ ကြီးကျယ်လှသည်။ သူသည် ရှေးရှည်အကျိုးစီးပွားများကို မြင်တတ်သည်။ မျက်တောင်တစ်ဆုံး မကြည့်၊ မျက်စိတစ်ဆုံးသာ ကြည့်တတ်သည်။ ဒဏ်ရာများသည် များလှ၏။ ဤဒဏ်ရာများဖြင့် လုံးပါးပါးသွားနိုင်သည်ဟု သူက ယူဆသည်။ မည်သို့ပင်ဖြစ်စေ သက်သာပျောက်ကင်းအောင်တော့ အကောင်းဆုံး ဆေးဝါးများဖြင့် ပြုစုကုသရပေမည်။

လျူနန်ကျင်းသည် သမားတော်ကြီးတစ်ယောက်ပမာ ဆေးပညာတက်ကျွမ်းသူလည်း ဖြစ်ပေသည်။ နောက်တစ်နေ့နံနက်တွင် ကွမ်မူ အိပ်ရာမှ နိုးလာခဲ့လေသည်။ နိုးလျှင်နိုးချင်း သူ မေးမြန်းလိုက်သည်။

"စူစီဝေ ဘယ်မှာလဲ၊ အန္တရာယ်က လွတ်မြောက်သွားပြီလား။ လိုက်လာတဲ့ လူတွေကိုရော ရှင်းနိုင်ရဲ့လား"

လျူနန်ကျင်းသည် ဒူးထောက်ထိုင်လိုက်၏။ အရိုအသေပြုပြီး ဖြေကြားသည်။

"စူစီဝေ ... အန္တရာယ်ကင်းပါတယ်ဆရာကြီး။ ကျွန်တော်တို့နောက်ကို နန်းတွင်းသားသုံးယောက် လိုက်လာခဲ့ပါတယ်၊ ကျွန်တော်က နှစ်ယောက်ကို တိုက်ခိုက်ပြီး တစ်ယောက်ကို စူစီဝေက တိုက်ခိုက်ပါတယ်၊ နန်းတွင်းသား သုံးယောက်စလုံးကို ကျွန်တော်တို့ သုတ်သင်နိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒါပေမဲ့ ကျွန်တော်တို့ တိုက်ခိုက်နေတုန်းမှာ ကွမ်ယူ... တောင်စွန်းတစ်ခုပေါ်က လိမ့်ကျသွားပါတယ်၊ တိုက်ပွဲပြီးလို့

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းရှင်းသွားတဲ့အချိန်မှာ ကျွန်တော်တို့ဟာ ကွမ်ယု လိမ့်ကျသွားတဲ့ တောင်အောက်ကို ဆင်းကြည့်ကြပါတယ်၊ ကွမ်ယုကို မတွေ့ရတော့ပါဘူး"

"ကွမ်ယု ဘယ်ရောက်သွားသလဲ"

"ကျွန်တော်တို့ ခြေရာလက်ရာ အသေးစိတ်ကြည့်ရှုတဲ့အခါမှာ ကွမ်ယုဟာ တောင်ပေါ်က လိမ့်ကျတယ်၊ ချုံပင်တွေပေါ် ကျတယ်၊ အသက်အန္တရာယ် လုံးဝမရှိဘူးဆိုတာ တွေ့ရှိရပါတယ်"

"ဆက်ပြောပါ"

"ကွမ်ယုဟာ ရှေ့ဆက်ထွက်ခွာသွားတယ်လို့ ယူဆရပါတယ်၊ ကျွန်တော်တို့ လိုက်ကြည့်တဲ့အခါမှာလည်း ဒီအတိုင်း တွေ့ရပါတယ်၊ စူစီဝေ့ဟာ ကွမ်ယုကို ခြေရာခံဖို့ လိုက်သွားပါပြီ၊ ကျွန်တော်ကတော့ ဆရာကြီးကွမ်မှုကို စိတ်မချတဲ့အတွက် တောင်တင်းရယ်ကို ခေါ်ပြီး ပြန်လာခဲ့ပါတယ်၊ ကျန်တဲ့အပိုင်းကိုတော့ ဆရာကြီးကွမ်မှု သိပြီးသားပါပဲ"

"ဒါဆို စူစီဝေ့က ကွမ်ယုနောက်ကို ဆက်လိုက်သွားခဲ့တာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေးကွယ် ... နှစ်ဦးစလုံး အန္တရာယ်ကင်းရှင်းဖို့ ဆုတောင်းပေးကြရမှာပဲ"

ကွမ်မှုသည် ထိုစကားကိုပြောပြီးနောက် ပြန်လည်အိပ်ပျော်သွားပြန်တော့သည်။

ညာသို့ဖြင့် ရက်ကို လစား၊ လကို နှစ်စားဖြင့် နှစ်ပိုင်းသို့



ကူးပြောင်းလာခဲ့သည်။ တစ်နေ့တွင် နန်းတော်ဟောင်းကြီးဆီသို့ သူရူး တစ်ဦး ရောက်ရှိလာသည်။ လျှုနန်ကျင်းက မမှတ်မိသော်လည်း ကွမ်မှုကမူ မြင်မြင်ချင်း မှတ်မိသည်။ ကွမ်မှုက ...

"ဟင် ... စူစီဝေ့ပါလား၊ မင်း ရုပ်ဖျက်လာတာလား"

စူစီဝေ့သည် ကွမ်မှုရှေ့တွင် ဒူးထောက်ထိုင်လိုက်ပြီး စိတ်မကောင်းစွာဖြင့် မေးလိုက်သည်။

"အတော်ဆိုးနေသလား အစ်ကိုလေး"

ကွမ်မှုက ပြုံးလိုက်သည်။

"ငါ့အတွက် ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ ငါ အနေအမြန် သေတော့မှာပဲဆိုတာ သိပြီးပြီ၊ ငါ သူရဲကောင်းတစ်ဦးပဲ၊ သေခြင်းတရားကို မကြောက်ပါဘူး။ မင်းနဲ့ကွမ်ယုအတွက်ပဲ စိုးရိမ်နေတယ်"

စူစီဝေ့က ရှင်းပြသည်။

"ကျွန်တော် ရှင်းပြချင်လို့ ဒီကို ပြန်ရောက်လာတာပါ၊ ကွမ်ယုဟာ တောင်စွန်းထိပ်က လိမ့်ကျသွားပြီးတဲ့နောက် တောနက်ကြီးထဲကို သစ်ဖုသစ်ဥ ဆေးဖက်ဝင်တဲ့သစ်မြစ်တွေ လာတူးတဲ့ ယာသမား လင်မယားနှစ်ယောက်က တွေ့သွားပါတယ်၊ ကွမ်ယု ဘာမှမဖြစ်ပါဘူး။ ပွန်းပဲ့တာကလွဲလို့ ဘာဒဏ်ရာမှ မရပါဘူး။ သူတို့ဟာ ကွမ်ယုကို သူတို့နေတဲ့နေရာကို ခေါ်သွားပါတယ်၊ သားအဖြစ် မွေးစားကြပါတယ်"

"မင်းက ဒီအတိုင်း ကြည့်နေတာပဲလား"

"ကျွန်တော်လည်း အခြေအနေကို လိုက်ကြည့်ပါတယ်၊ ကွမ်ယုလက်မောင်းမှာ ဆွဲထားတဲ့ ရွှေပြားကို သူတို့ကြည့်ကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒီအပေါ်မှာ ကွမ်ယုဆိုတာ ရှိတယ်မဟုတ်လား။ သူတို့ဟာ ကွမ်ယုလို့ပဲ ကလေးကို ဆက်ခေါ်ကြတယ်၊ သိပ်လည်း ချစ်ကြပါတယ်"

ကွမ်မှု သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း ကွမ်ယုရှိတဲ့ ကျေးရွာကလေးမှာပဲ အရူးတစ်ယောက်လို ဟန်ဆောင်ပြီး နေခဲ့တယ်၊ လူတွေက ကျွန်တော့်ကို အရူးအနှမ်းလို့ ခေါ်ကြတယ်၊ သူတို့အဖို့တော့ ကျွန်တော်ဟာ အရူးကြီးပေါ့လေ၊ ကျွန်တော်ဟာ ကွမ်ယုကို သူ့မွေးစားမိဘတွေလက်ထဲက ပြန်နိုးဖို့ ချောင်းနေခဲ့ပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ကွမ်ယုကို သိပ်ချစ်ကြတော့ အရိပ်တကြည့်ကြည့် နေခဲ့ကြပါတယ်၊ ကျွန်တော်လည်း သူတို့ကို ချောင်းရင်းတွေ့လာတဲ့ အချက်ကို သိလာခဲ့ရတယ်၊ သူတို့ဟာ ကွမ်ယုအပေါ် သံယောဇဉ် သိပ်ရှိကြတယ်၊ ကွမ်ယုကလည်း သူတို့နဲ့နေရတာ ပျော်တယ်၊ အဲဒါတွေကိုထောက်ပြီး ကွမ်ယုကို သူ့မွေးစားမိဘတွေရဲ့လက်ထဲမှာ ကြီးပြင်းစေတာဟာ အကောင်းဆုံးပဲလို့ ကျွန်တော် ထင်လာတယ်"

သူက ဆက်ပြောသည်။

"အဲဒီဘဝမှာ ကြီးပြင်းလာတာ သဘာဝအကျဆုံးပဲလို့ ကျွန်တော်ထင်လာတယ်၊ သူ့ဘဝလည်း လုံခြုံမှုရှိတယ်၊ သူလည်း ပျော်ရွှင်မယ်၊ အချိန်တန် လူလားမြောက်လာလို့ ကျွန်တော်တို့ မရှိတဲ့အခါကျတော့မှ တစ်နည်းနည်းနဲ့ ကျွန်တော်တို့ ပြန်ခေါ်ရင်လည်း ရတာပဲ၊ အဲဒါ ကျွန်တော့်စိတ်ကူးပါ။ အစ်ကိုလေးရဲ့စိတ်ကူးကိုလည်း ပြောပါဦး။ အစ်ကိုလေးရဲ့ သဘောထားကို သိရရင် ကျွန်တော်တို့ ပြင်ဆင်လုပ်ကိုင်နိုင်တာပေါ့"



ကွမ်မှုသည် အတန်ကြာ ငြိမ်သက်ပြီး စဉ်းစားနေ၏။ စူစီဝေ၏ စကားက မှန်သည်။ ယခုအတိုင်းဆိုလျှင် ဘုရင်ကျွမ်းလုံ့ချီ၏ ရန်မှလည်း ကင်းဝေးနိုင်သည်။ သူသည် သက်ပြင်းချလိုက်၏။

"အင်း … ငါမသေခင်တော့ ကွမ်ယုကို တွေ့သွားချင်တာအမှန်ပဲ၊ ဒါပေမဲ့ ဒါက အရေးမကြီးပါဘူးလေ၊ မင်းပြောတဲ့ အစီအစဉ်က ပိုပြီး သဘာဝကျပါတယ်၊ သူ အသက်အရွယ်ရလာတဲ့အခါမှသာ မျောက်စမ်းချောင်းမြို့တော်ဟောင်းဆီကို အရောက်ပြန်ခေါ်ပြီး ကျွမ်းလုံ့ချီကို နန်းကချ ကွမ်ယုကို နန်းတင်ပေးဖို့ မင်းက တာဝန်ယူပါ"

"စိတ်ချပါ အစ်ကိုလေး၊ ကျွန်တော် တာဝန်ယူပါတယ်၊ ကွမ်ယုကိုလည်း ကျွန်တော် စောင့်ရှောက်မယ်၊ နန်းတင်ပေးဖို့လည်း ကျွန်တော် ဆောင်ရွက်မယ်၊ ဒီတာဝန်နှစ်ခုကြားမှာ ကျွန်တော့်ဘဝကို မြှုပ်သွားပါတော့မယ်"

"ကောင်းပါလေရဲ့ကွယ်၊ ကဲ … လျှူနန်ကျင်းက ဒီနန်းတော်ဟောင်းကြီးမှာ ဆက်ပြီးနေထိုင်ပါ၊ မင်းတို့အတွက် ငါ သူ့ဆီက ကတိတောင်းပြီးပြီဖြစ်လို့ မင်းတို့ကို သူ ဘယ်လိုမှ အန္တရာယ်မပေးတော့ဘူး၊ မပေးရဲတော့ဘူး၊ မင်းတို့ကလည်း ဣန္ဒြေမပျက်နေကြပါ။ တောင်တင်းရယ်ကို တို့များရဲ့ အကြီးအကဲအုပ်စုခေါင်းဆောင်ဖြစ်အောင် လုပ်ပေးပါ၊ သူ နန်းတော်ထဲ ဝင်နိုင်ထွက်နိုင်ပါစေ"

"ကျွမ်းလုံ့ချီက လက်ခံပါမလား ခင်ဗျာ"

လျှူနန်ကျင်းက မေးလိုက်သည်။

"ဘာဖြစ်လို့ လက်မခံရမှာလဲ၊ အကြီးအကဲအုပ်စုကို သူ လက်ခံချင်ချင်, လက်မခံချင်ချင် လက်ခံရမှာပဲ၊ တို့ အကြီးအကဲအုပ်စု

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခေါင်းဆောင်ကိုလည်း တို့ကပဲ ရွေးချယ်ရမှာပဲ၊ ဒါက တို့ရဲ့ လုပ်ပိုင်ခွင့်ကွ၊ သူဟာ မင်းတို့ကို မချစ်သော်လည်း အောင့်ကာနမ်းနေရမှာပဲ၊ ဘယ်လိုမှ မကန့်ကွက်နိုင်ဘူး"

"စိတ်ချပါဆရာကြီး ... ဆရာကြီး မှာကြားချက်အတိုင်း ကျွန်တော် ဆောင်ရွက်ပါမယ်"

လှူနန်ကျင်း ကတိပေးလိုက်သည်။ ကွမ်မူက စူစီဝေ့ကို ကြည့်ပြီး ...

"စူစီဝေ့ ... မင်းကတော့ မြေပြန့်ကိုပြန်ပါ၊ [illegible]ပဲ ကွမ်ယုပတ်ဝန်းကျင်မှာနေပြီး ကွမ်ယုကို စောင့်ရှောက်ပါ၊ အချိန်တန်တဲ့အခါ ကျတော့မှ ကွမ်ယုကို မျောက်စမ်းချောင်းမြို့တော်ဟောင်းကို ခေါ်ပြီး ပြန်လာခဲ့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကွမ်ယုကို မျောက်စမ်းချောင်းမြို့တော်ဟောင်းကို ပြန်ရောက်အောင် လမ်းကြောင်းပြုပြင်ပေးပါ"

စူစီဝေ့က အံကြိတ်၍ ပြောလေ၏။

"စိတ်ချပါ... ကျွန်တော်ကလည်း ကျွမ်းလုံ့ရှိုကို အမုန်းကြီးမုန်းနေတာပဲ၊ အောင်မြင်စေရပါမယ်လို့ ကတိပေးပါတယ်"

နောက်တစ်နေ့တွင် စူစီဝေ့သည် ကွမ်မူကို နှုတ်ဆက်ပြီး 'အစုး' ဟူသော အရှူးကြီးပမာ ရုပ်ဖျက်ကာ နန်းတော်ဟောင်းမှ ထွက်ခွာသွားလေတော့သည်။ နောက်တစ်နှစ်ကျော်သောအခါ ကွမ်မူသည် ကောင်းမွန်စွာ သေဆုံးသွားခဲ့လေ၏။ မည်သို့ပင်ဖြစ်စေ သူ့အစီအစဉ်ကား ရှင်သန့်လျက်ရှိနေပေသည်။

⓪⓪⓪



(၉၆)

တောင်တင်းရယ်သည် ရေတာကောင်းအတွင်းမှ 'ရေတစ်ခွက်ကို ငုံ့သောက်လိုက်လေ၏။ ပြီးမှ ...

"အဲဒါ ရှင့်ဘဝအတိတ်ဇာတ်ကြောင်းပါပဲ၊ ရှင့်ဘဝရဲ့လမ်းကြောင်းကို ဒီမြို့တော်ဟောင်းက ထိန်းသိမ်းပြုပြင်နေရပါတယ်ရှင်"

တောင်တင်းရယ်သည် နီဂုံးချုပ်လိုက်လေ၏။

ကွမ်ယုသည် လှူနန်ကျင်း ဓားကွက်ကစားပြခြင်းကို မှတ်မိခြင်း၊ အတိတ်၏ ဝိုးတဝါးအဖြစ်အပျက်များကို မှတ်မိခြင်းတို့ကြောင့် တောင်တင်းရယ်၏ စကားကို လက်ခံသည်။ သူ၏ မျက်လုံးအစုံမှာ လွမ်းဆွတ်ခြင်း၊ သတိရခြင်းများဖြင့် မျက်ရည်များ ဝေ့ဝဲနေသည်။

"ဒါဆို ကျွန်တော့်ကို မျောက်စမ်းချောင်းမြို့တော်ဟောင်းဆီ ပြန်ခေါ်လာတာဟာ ဘဘအစုးလို့ခေါ်တဲ့ စူစီဝေ့ရဲ့ အစီအစဉ်ပဲပေါ့နော်"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဟန့်ရှင်သည်လည်း ယခုမှ လိပ်ပတ်လည်သွားသည်။ အားလုံးသဘောပေါက်သွား၏။ သူသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဝင်ပြောသည်။

"ဟုတ်ပါတယ်အစ်ကို ... ဘဘအစုးက ညီမကို တပည့်အဖြစ် မွေးစားပြီး သိုင်းပညာသင်ပေးပြီးတဲ့နောက် ပထမဆုံး ပေးခဲ့တဲ့တာဝန်ကတော့ အစ်ကို့ကို တွေ့အောင်ရှာဖို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို ဘယ်လိုရှာခဲ့သလဲ"

"အစ်ကို့ကို မြေပါကျင်လင် ဖမ်းထားတယ်ဆိုတာ ညီမဘာသာ စုံစမ်းလို့ရပါတယ်၊ လမ်းကြောင်းကိုတော့ ဘဘအရှုးက ပြတယ် အဲဒီလမ်းကြောင်းအတိုင်းလိုက်တော့ အစ်ကို့ကို တွေ့တာပေါ့၊ နောက်တော့ မြေခုနစ်ကောင်တောင်ကြောအတိုင်း လျှောက်လာဖို့ ဘဘအရူးက တာဝန်ပေးတယ်၊ ကျန်တဲ့အပိုင်းကတော့ အစ်ကိုအသိပဲလေ"

"ဒါဆို ဂမုန်းပန်းခင်းမှာ တောင်တင်းရယ်တို့ ရှိနေတာဟာလည်း တမင်စီစဉ်ထားတာပေါ့"

ကွမ်ယုက မေးလိုက်၏။ တောင်တင်းရယ်က ဝင်၍ ရှင်းပြသည်။

"ကျွန်မတို့ အိပ်မွေ့ဂမုန်းပန်းခင်းကို ရောက်နေတာကတော့ တမင်စီစဉ်ထားတာမဟုတ်ပါဘူး၊ တိုက်ဆိုင်မှုသက်သက်ပါ ဒါပေမဲ့ အိပ်မွေ့ဂမုန်းပန်းခင်းမှာ ကျွန်မတို့အစောင့်တွေ အမြဲရှိနေပါတယ်၊ ရှင် ဘယ်အချိန်ရောက်ရောက် ရှင့်ကို ဖမ်းဆီးထားနိုင်မှာပါ"

ကွမ်ယုက ...

"ဘဘရူး ရောက်မလာသေးဘူးလား"

"မနက်ဖြန်ဆို ဘဘရူးစီဝေ ရောက်လာပါလိမ့်မယ်"

ကွမ်ယုက ဘဘအရူးဟုခေါ်သည်။

တောင်တင်းရယ်က ဘဘရူးစီဝေဟု ခေါ်သည်။

မည်သို့ခေါ်ခေါ် တစ်ယောက်တည်းသာ ဖြစ်သည်။

"မနက်ဖြန်ဟာ ရှင့်ဘဝအတွက် အလွန်ထူးခြားတဲ့ နေ့တစ်နေ့ဖြစ်မှာပါပဲ"



တောင်တင်းရယ်၏ ပြောစကားကြောင့် ကွမ်ယု အံ့ဩသွားသည်။

"ဟင် ... ဘာကြောင့်လဲ တောင်တင်းရယ်"

"ရှင့်ဖခင်ကြီး ကွမ်မူ ကွယ်လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ပြည့်မြောက်တဲ့နေ့ဟာ မနက်ဖြန်ပါပဲ"

"အို ..."

ကွမ်ယု၏မျက်နှာ၌ ဆွေးရိပ်များ ဖြတ်သန်းသွားတော့သည်။

"ကဲ ... ကဲ ... ဒီနေ့တော့ အနားယူလိုက်ကြပါဦး"

သူတို့သည် တောင်တင်းရယ်ပြသသည့် အခန်းများအတွင်း အိပ်စက်လိုက်ကြရသည်။

ဤသို့ဖြင့် ...

နောက်တစ်နေ့ နေထွက်ချိန်သို့ ရောက်ရှိလာသည်။

တောင်တင်းရယ်၏ ဦးဆောင်မှုနောက်သို့ ကွမ်ယုနှင့် ဟန်ရှင် လိုက်လာကြရလေ၏။ သူတို့သည် သင်္ချိုင်းမြေတစ်ခုသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

ကျောက်ဖြူသားဖြင့် အခိုင်အခံ့ တည်ဆောက်ထားသော သင်္ချိုင်းဂူနှစ်ခုကို တွေ့ရသည်။

တစ်ခုမှာ သူ့ရဲကောင်းမူပင်ကျိ၏ အုတ်ဂူ။

တစ်ခုမှာ သူ့ရဲကောင်းကွမ်မူ၏ အုတ်ဂူ။

တောင်တင်းရယ်သည် ရှေးဦးစွာ မူပင်ကျိ၏အုတ်ဂူကို လိုက်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဟာ ရှင့်အဖေ အစ်ကိုကြီးရဲ့ အုတ်ဂူပဲ၊ သူတို့ဟာ သေရမှာကို မကြောက်တဲ့ သူရဲကောင်းတွေ ဖြစ်ပါတယ်၊ ကျွန်မကတော့ သူတို့တိုက်ပွဲတွေကို မမြင်ဖူးပါဘူး။ ဒါပေမဲ့ ကျွန်မရဲ့ ဖေဖေ လျူနန်ကျင်း ပြောပြလို့ သူတို့ရဲ့ ရဲစွမ်းသတ္တိတွေကို ကြားနာခဲ့ရပါတယ်"

သူမသည် နောက်အုတ်ဂူတစ်ခုကို လက်ညှိုးထိုးပြ၏။

'မျောက်စမ်းချောင်းမြို့တော် သူရဲကောင်း ကွမ်မူ'

သူတို့ထက်ဦးစွာ ရောက်နှင့်နေသူနှစ်ဦး ရှိနေပါသည်။

ဘာဘာအစုံးခေါ် စူစီငွေ။

လျူနန်ကျင်း။

သူတို့နှစ်ယောက်သည် ကွမ်မူ ၏ အုတ်ဂူရှေ့၌ ဒူးထောက်ဂါရဝပြုလျက်ရှိနေသည်။

ကွမ်ယူသည် အသင့်ယူလာသော ပန်းခွေကို အုတ်ဂူပေါ်တင်လိုက်သည်။

ထိုစဉ် ...

သူ့မျက်ဝန်းများဆီမှ မျက်ရည်များ သွင်သွင်ကျလာတော့သည်။

①①①



# (၉၇)

# နဂါးခေါင်းစား

အုတ်ဂူမှာ ကျောက်ဖြူသားဖြင့် သေချာစွာ ပြုလုပ်ထား၏။ မျောက်စမ်းချောင်း မြို့သူမြို့သားများမှာ ကျောက်ဆစ်အတတ်တွင် အလွန်တော်ကြသဖြင့် အုတ်ဂူမှာ လွန်စွာ အနုပညာမြောက်လေသည်။ အုတ်ဂူရှေ့၌ ကျောက်ပြားကြီးတစ်ပြား စိုက်ထူထား၏။ ထိုကျောက်ပြားကြီးပေါ်တွင် စာတမ်းတစ်ခု ထုထွင်းထားသည်။

'ကွမ်မူ .. ကောင်းရာဘုံဘဝသို့ စံမြန်းရောက်ရှိနိုင်ပါစေ'

အမွှေးနံ့သာမှုန့်များကို ကျောက်ခွက်တစ်ခုအတွင်း၌ မီးရှို့ထားလေရာ မွှေးကြိုင်သင်းပျံ့သောရနံ့နှင့် အဖြူရောင်မီးခိုးများသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဝေ့ဝဲပျံ့လွင့်နေတော့သည်။

နံနက်ခင်း နေထွက်ချိန်ဖြစ်သော်လည်း နှင်းများက ကျနေသေးသည်။ သို့သော် ထူထူထဲထဲတော့ မဟုတ်ပေ။ နှင်းစပဝါပါးပါးကလေး ကာထားသကဲ့သို့ ဖြစ်နေသည်။

အလွန်မွှေးကြိုင်သော အမွှေးရနံ့ ထုံသင်းသော တောပန်းတောင်ပန်းတို့၏အလှဖြင့် သချိုင်းမြေမှာ သချိုင်းမြေနှင့်မတူ။ ဥယျာဉ်တစ်ခုနှင့် တူနေသည်။

ထိုနေရာတွင် ထူးခြားသောအရာတစ်ခု ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာမှာ သချိုင်းအုတ်ဂူပေါ်တွင် ရှိနေသည့် ဓားတစ်ချောင်းပေတည်း။ ဓား၏ လက်ကိုင်ရိုးမှာ နဂါးခေါင်းတပ်ဆင်ထား၏။

အုတ်ဂူရှေ့တွင် ပုဆစ်တုပ်လျက် ထိုင်နေသည့် ကွမ်ယုသည် ဖြည်းညင်းစွာ ခေါင်းမော့လာသည်။ သူ၏ပါးပြင်တွင် မျက်ရည်များ စီးကျလျက်ရှိသည်။ သူ၏အကြည့်သည် ဖခင်၏အုတ်ဂူကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ သူ၏ ဦးခေါင်းထဲတွင် သူ့ဖခင် ကွမ်မူကို သတိရလျက်ရှိ၏။ သောကများ၊ အလွမ်းများ၊ ဝေဒနာ အမြောက်အမြား ပြည့်ကျပ်လျက်ရှိနေသည်။

သူ့ဖခင်၏ ကြီးကျယ်မြင့်မြတ် သော ဉာဏ်ပညာကိုလည်း သတိရနေ၏။ သူ ဤမျှဉာဏ်ကောင်းခြင်းမှာ ကွမ်မူ၏သား ဖြစ်နေခြင်းကြောင့်ပင်တည်း။ သာမန်လယ်သမား၊ ယာသမားတစ်ယောက်၏ ဉာဏ်ပညာသည် ဤမျှမကြီးကျယ်နိုင်ပေ။ ယခုတော့ ကွမ်ယုသည် ရွာထဲမှရှိသမျှ မှတ်စရာ သားစရာများကို ကြောင် ပုစွန်စား ကျွတ်ကျွတ်ဝါးသကဲ့သို့ အားလုံး ဖတ်မှတ်နိုင်သည်။

ယီတာ သင်ပေးသမျှကိုလည်း အားလုံးမှတ်ယူနိုင်သည်။ ယီတာ သင်ပေးသမျှ သိုင်းပညာရပ်များကိုလည်း အကုန်သင်ယူနိုင်သည်။ ယီတာပင် အံ့ဩသွားသည်။

ကွမ်ယုသည် အလွန်ဉာဏ်ကြီးသော လူငယ်တစ်ယောက်ဖြစ်သည်။ အလွန်ရိုးသားသော တောင်ယာသမားမိဘနှစ်ဦးမှ ဆင်းသက်လာသူတစ်ဦးမဟုတ်ဟု ဆိုနိုင်လောက်အောင်ပင် သူ ဉာဏ်ပညာကြီးခဲ့သည်။ အမှန်တော့ ...

ကွမ်ယုသည် သာမန်ကျေးတောသားတစ်ဦး မဟုတ်ခဲ့ပေ။



တရုတ်ပြည်တစ်ဝှမ်း၌ အလွန်ကျော်ကြားထင်ရှားခဲ့သည့် သိုင်းသူရဲကောင်းကြီး ကွမ်မူ၏ တစ်ဦးတည်းသောသား ဖြစ်နေပေသတည်း။

လျှုနန်ကျင်းသည် အုတ်ဂူပေါ်မှ 'နဂါးခေါင်းဓား'ကို ယူ၍ 'အရှုးအရူး' ဟု ခေါ်ဆိုနေသည့် သိုင်းသူရဲကောင်းကြီးစူစီဝေ့ လက်ထဲသို့ ရှိသေစွာ ဒူးထောက်ပြီး ပေးလိုက်သည်။

စူစီဝေ့က နဂါးခေါင်းဓားကို ကောင်းကင်သို့ ပင့်မြှောက်လျက် နှုတ်မှ တတွတ်တွတ်ရေရွတ်နေတော့၏။ ကွယ်လွန်ခဲ့ပြီဖြစ်သော ကွမ်မူ၏ဝိညာဉ်ကို တိုင်တည်ပြောကြားနေခြင်း ဖြစ်တော့သည်။

ထို့နောက် သူသည် ပင့်မြှောက်ထားသည့် နဂါးခေါင်းဓားတိုကို ပြန်လည်၍ အောက်သို့ချလိုက်၏။ စူစီဝေ့သည် ဓားကို တစ်ထွာခန့် ဆွဲထုတ်လိုက်သည်။ အရှေ့အရပ်မှ ထွက်ပြူစနေမင်း၏ အလင်းရောင်သည် ဓားသွားပေါ်သို့ ဖြန်းခနဲကျရောက်ပြီး ရောင်ပြန်ဟပ်လိုက်လေရာ အားလုံး၏မျက်စိထဲတွင် အလင်းရောင်ထုကြီး ဝင်းလက်ကာ ပြာဝေသွားလေတော့သည်။

ဟန်ရှင်သည် သူ့မျက်နှာကို လက်ဖြင့်ကာလိုက်၏။ တောင်တင်းရယ်ကား ဟန်ရှင်ကဲ့သို့ ဣန္ဒြေမပျက်ပေ။ မျက်စိမှိတ်ရုံသာ မှိတ်သည်။ မိန်းကလေးချင်းတူသော်လည်း အသက်ရှူချင်း ကွဲသည့်သဘော ဖြစ်သည်။ ကွမ်မူ၏ အုတ်ဂူရှေ့တွင်ရှိသော လူသားငါးဦးသည် ပဉ္စင်ပုံ ရပ်လျက်ရှိကြ၏။ ကွမ်ယုနှင့် စူစီဝေ့တို့မှာ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

⦿⦿⦿

www.burmeseclassic.com

www.burmeseclassic.com



(၉၈)

စုစီဝေက ...

"ကွမ်ယု ... အခု ငါ့လက်ထဲမှာရှိနေတဲ့ နဂါးခေါင်းဓားဟာ မင်းရဲ့ ဖခင်ကြီးကွမ်မူကိုယ်တိုင် ကိုင်ဆောင်ခဲ့တဲ့ အသုံးပြုခဲ့တဲ့ ဓားမြတ်ပဲ၊ ဒီဓားဟာ ဘုရင်ကျွမ်းလုံချီနဲ့တိုက်တဲ့ တစ်ခါပဲ လွတ်ကျဖူးသေးတယ်လို့ သိရတယ်၊ အဲဒီအချိန်မှာလည်း မင်းရဲ့ဖခင်ကြီးဟာ အတွင်းအား ကုန်ခန်းနေလို့ပဲဆိုတာကို သိရတယ်"

ကွမ်ယုသည် ငြိမ်သက်စွာ နားထောင်နေသည်။

စုစီဝေက ကွမ်ယုကို စိုက်ကြည့်ပြီး ဆက်ပြော၏။

"မင်းအနေနဲ့ လက်ကွက်ငါးကွက်အတွင်းမှာ ဒီနဂါးခေါင်းဓားကို ငါ့လက်ထဲက လုယူနိုင်တယ်၊ ယူပေတော့ နဂါးခေါင်းဓားကို မင်းလုယူနိုင်ရင် ဓားကို ပိုင်ဆိုင်ခွင့်ရမယ့်အပြင် နဂါးသိုင်းပညာရပ်ကိုလည်း လျှုနန်ကျင်းကတစ်ဆင့် မင်းသင်ကြားခွင့်ရမယ်၊ နဂါးသိုင်းပညာရပ်ဟာ မင်းအဖေရဲ့ ပညာရပ်ပဲ၊ မင်းဘယ်လောက် ဉာဏ်ကောင်းတယ်ဆိုတာ ငါသိပြီးပြီ၊ အဲဒီပညာရပ်ကို မင်း လွယ်လွယ်ကူကူ သင်ယူနိုင်မယ်ဆိုတာ ငါ သိပြီးပြီ"

သိုင်းသူရဲကောင်း သုံးဦးဖြစ်သည့် မူပင်ကျို၊ ကွမ်မူနှင့် စုစီဝေတို့သည် မိမိတို့၏ သိုင်းပညာရပ်များကို လျှုနန်ကျင်းအား လွှဲပြောင်းပေးအပ်ခဲ့ပြီလေပြီ။



ကွမ်ယုက ရိုသေစွာ ဂါရဝပြုလိုက်၏။

"ဘဘစုစီဝေခင်ဗျား ... ကျွန်တော့်ဖခင်ကြီးရဲ့ ဆောင်ဓားကို ကျွန်တော် အမွေဆက်ခံရရှိဖို့ ဘဘစုစီဝေလက်ထဲကဓားကို ကျွန်တော် လုယူပါ့မယ် ခင်ဗျာ၊ ဒီအတွက် ခွင့်ပြုပါလို့ တောင်းပန်ပါတယ်"

စုစီဝေက ခေါင်းညိတ်လိုက်၏။

"ကဲ ... စနိုင်ပြီ ... ကွမ်ယု"

သူသည် ထိုစကားကို ပြောပြီးသည်နှင့် ဓားကို လှုပ်ခနဲ လှုပ်ရှားလိုက်သည်။

ဓားသွားပေါ်မှ ထွက်လာသော ပြိုးပြက်ဝင်းလက်သည့် အရောင်သည် ကွမ်ယု၏မျက်လုံးထဲသို့ ဝင်းခနဲ ဝင်လာလေသည်။

ကွမ်ယု၏မျက်လုံးများ ပြာခနဲ ဖြစ်သွားသည်။ ကွမ်ယုသည် မျက်စိပြာသွားသည်ကို ဂရုမစိုက်ဘဲ သူ၏လက်ကို လှုပ်ရှားလိုက်သည်။

သူ၏အမြင်အာရုံထဲတွင် ဓားသဏ္ဍာန်ကို လုံးဝမမြင်ရပေ။ အလင်းရောင်များ ခွဲခြားကာ အလွန်ထူးဆန်းသော ပုံပန်းသဏ္ဍာန်ကြီးကို တွေ့မြင်ရသည်။

ထိုပုံသဏ္ဍာန်မှာ အမြီးယမ်း၍ အမောက်ထောင်နေသည့် နဂါးကြီးတစ်ကောင်၏ ပုံသဏ္ဍာန်တည်း။

ကွမ်ယု၏လက်သည် လှုပ်ယမ်းနေသော နဂါးကြီးအမြီးများကို ဆုပ်ကိုင်မိလေ၏။ နဂါးကြီး၏ဦးခေါင်းသည် ကွေးညွတ်လျက် ကွမ်ယု၏လက်ကို ပေါက်ချလိုက်၏။

'ဒိုင်း ...'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယု၏လက်မောင်းများမှ တစ်ကိုယ်လုံးသို့ လျှပ်စစ်ခတ်များ စီးဝင်သွားသည့်ပမာ တုန်ယင်ရွံနစ်ဝေဒနာဖြစ်ပေါ်လျက် ကွမ်ယုသည် မြေပေါ်သို့ လဲကျသွားလေ၏။

"ဟာ ... ငါ့သား .. ခွန်အားပြန်မွေးပြီး ထပါ၊ မင်းအတွက် နောက်ထပ် အခွင့်အရေး လေးကြိမ်ကျန်ပါသေးတယ်၊ တစ်ကြိမ်မရရင် တစ်ကြိမ် ကြိုးစားတာပေါ့"

စူစီဝေ၏ လေးနက်တည်ကြည်သောအသံသည် ကွမ်ယု၏ အာရုံထဲသို့ တိုးဝင်လာလေ၏။

ကွမ်ယုသည် မူးဝေနောက်ကျိမှုများကို တွန်းဖယ်ပစ်လိုက်လေ၏။

၀၀၀



(၉၉)

"ကျား ..."

ကွမ်ယုသည် ကျောကော့ အားယူကာ လေထဲသို့ ခုန်ထလိုက်သည်။ သူသည် နောက်တစ်ကြိမ် ကြိုးစားရဦးမည်။

စူစီဝေသည် သူ၏လက်ထဲမှ ဓားကို ဖျတ်ခနဲ လှုပ်ရှားလိုက်ပြန်၏။ နေရောင်ခြည်က ဓားသွားပေါ် ကျရောက်လာပြန်သည်။ ပြိုးပြိုးပြက်ပြက်အရောင်များ ဖြာထွက်သွားလေ၏။

ကွမ်ယုသည် လေထဲသို့ မြင့်မားစွာ ခုန်ပျံတက်လိုက်သည်။ ကွမ်ယုသည် ပထမတစ်ကြိမ်အတွေ့အကြုံကို သင်ခန်းစာယူလိုက်ခြင်း ဖြစ်သည်။

စူစီဝေသည် နေရောင်နှင့် ဓားသွားဟပ်မိစေရန် ပြုလုပ်ပြီး သူ မည်သည့်အရာကိုမျှ မမြင်စေရန် မျက်စိများ ပြာဝေစေရန် ပြုလုပ်ခြင်းဖြစ်သည်။ သူ ယခု အမြင့်သို့ မြင့်မားစွာခုန်တက်ခြင်းမှာ ထိုရောင်ပြန်ဟပ်မှုမှ လွတ်ကင်းပြီး ဓားသွားကို အပေါ်စီးမှ ရှင်းလင်းစွာ မြင်တွေ့နိုင်ရန် ဖြစ်သည်။

သို့သော် သူသည် အထင်နှင့်အမြင် လွဲမှားခဲ့ကြောင်း အချိန်နှောင်းမှ သိခွင့်ရခဲ့သည်။ လေထဲမှ ကွမ်ယုသည် အောက်သို့ ကျဆင်းလာချိန်တွင် သူ့မျက်စိများသည် ပြာဝေနေသည်။

အမောက်ထောင်ကာ မာန်ဖီလှုပ်ရှားနေသော အလင်္ကာ**ဂါး

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုသာ အလွန်ကြီးမားစွာ တွေ့မြင်ရလေသည်။

ပထမတစ်ကြိမ်က နဂါးကြီး၏အမြီးများကို သူ ဖမ်းဆုပ်မိ၏။ ယခုတစ်ကြိမ်တွင်တော့ အမြီးများကို မကိုင်၊ လည်ပင်းကိုသာ တက်ကိုင်တော့မည်။ မြွေ၏ဦးခေါင်းကိုကိုင်လျှင် ခုနစ်လက်မအကွာမှ လည်ပင်းကို ဖမ်းကိုင်ရသည် မဟုတ်ပါလား။ သူသည် နဂါးကြီး၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၏။

ထိုအခါ နဂါးကြီး၏ကိုယ်လုံးသည် လေထဲတွင် ဝေ့ဝိုက်လျက် သူ့အား အမြီးဖြင့် ရိုက်ချလိုက်လေတော့၏။

'ဝုန်း ...'

ကွမ်ယုသည် မြေပြင်ပေါ်သို့ နှစ်ပတ်သုံးပတ်မျှ လိမ့်ဆင်းသွားသည်။ သူသည် မူးမေ့မတတ် ဖြစ်သွားသည်။ စုစီဝေ၏ အသံများသည် ဝေးသွားလိုက် နီးလာလိုက် ဖြစ်နေသည်။ တိုးညင်းလိုက် ကျယ်လိုက် ဖြစ်နေသည်။ ကွမ်ယုမှာ သူ့အာရုံများကို တည်ငြိမ်အောင် အလွန်အားထုတ်နေရလေ၏။

"ကွမ်ယု ... မင်း အရှုံးပေးပြီလား"

စုစီဝေ၏ အသံများကို တိုးညင်းစွာ ကြားရလေ၏။

"မပေးဘူး ... မပေးဘူး"

ကွမ်ယုသည် အော်ပြောလိုက်၏။ သို့သော် သူ့အသံမှာ ထွက်မလာချေ။

"ကွမ်ယု ... မင်းအတွက် နောက်ထပ်အခွင့်အရေး သုံးကြိမ် တိတိကျန်သေးတယ်၊ ကျန်နေတဲ့အခွင့်အရေးကို မင်း မယူတော့ဘူးလား"



စုစီဝေ၏ အသံသည် သူ့နားထဲသို့ ကျယ်လောင်စွာ တိုးဝင်လာပြန်သည်။ ကွမ်ယုသည် ခွန်အားများကို ဖျစ်ညှစ်ထုတ်ကာ ကုန်းရုန်းထလိုက်လေ၏။ သူ၏ အသိဉာဏ်သည် လင်းခနဲ ဖြစ်သွား၏။ သူသည် နှစ်ကြိမ်တိုင်တိုင် လေထဲမှ ခုန်၍ လုခဲ့သည်။ နှစ်ကြိမ်စလုံး သူသာ လွင့်စဉ်ခဲ့သည်။ ယခု သူသည် လေထဲသို့ ခုန်မတက်တော့ချေ။ မြေပြင်၌ ခြေမြဲမြဲရပ်လိုက်သည်။ သူသည် အတွင်းအားများကို ချက်တွင် စုစည်းပြီး အာရုံကို ဓားဆီသို့ ပို့လွှတ်သည်။

စုစီဝေသည် လက်ထဲမှ ဓားကို ဖျတ်ခနဲ လွှပ်ရှားလိုက်ပြန်သည်။ နေရောင်ခြည်သည် ဓားသွားပေါ် ဝင်းခနဲဟပ်သွားပြီး နဂါးကြီးတစ်ကောင်အဖြစ် ကွမ်ယု မြင်နေရပြန်သည်။

ကွမ်ယု စိတ်လှုပ်ရှားရပြန်၏။

မျက်စိများ ပြာဝေသွားပြီးလျှင် အဘယ်ကြောင့် နဂါးကြီးကိုသာ မြင်နေရသနည်း။ မည်သို့သော အစီအရင်မျိုးများပေနည်း။

ကွမ်ယုသည် သူ့အာရုံများကို အတတ်နိုင်ဆုံး စုစည်းလိုက်သည်။ သူ၏ လှုပ်ရှားမှုကိုလည်း အနှေးဆုံးသို့ လျှော့ချလိုက်သည်။ နဂါးကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေပေသည်။

နဂါးကြီးသည် လေထဲတွင် လူးလွန့်နေသည်။ ဦးခေါင်း တပြင်ပြင် ဖြစ်နေသည်။ ပေါက်ချရန် ဟန်ပြင်နေသည်။ ကွမ်ယုသည် ခြေအစုံကို နှေးကွေးစွာ ရွေ့လျားရင်း နဂါးကြီး၏ ဦးခေါင်းအား ညှစ်၍ ဖမ်းနိုင်ရန် သူ၏လက်သို့ အတွင်းအားများ ပို့လွှတ်နေသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၁၀၀)

သူ၏လက်ကို ကဏန်းလက်မသဏ္ဍာန် ပြုလုပ်လိုက်သည်။

သူသည် နဂါးကြီးကို တိုက်ခိုက်ရန် အစပျိုးနေပေပြီ။

သူသည် အတွင်းအားများကို အစွမ်းကုန် စုစည်းထားသော ကြောင့် တစ်ကိုယ်လုံး တုန်နေသည်။ သူ၏ဖြူဝင်းနေသည့် အသားသည် တစ်မုဟုတ်ချင်း ကြေးနီရောင်သန်းသွားသည်။

ကွမ်ယုသည် ဘုရင့်သမီးတော် ယီတာထံမှ သင်ကြားထားသော မီးတောင်ကွဲပေါက်သိုင်းကွက်မှ အဟုန်ချော်စီးသိုင်းကွက်အထိ အဆင့်ဆင့် ထုတ်သုံးလိုက်သည်။

ဤပညာမှာ အလွန်ပြင်းထန်သည့်ပညာ ဖြစ်၏။ ဤသိုင်းကွက်သည် အောင်မြင်မှုဖြင့်သာ အဆုံးသတ်တတ်သည်။

တစ်ခုတော့ ရှိသည်။

အကယ်၍ မိမိ၏တိုက်ခိုက်ချက်တို့ ချော်သွားပါက မိမိ ဖော်ထုတ်ထားသော ခွန်အားများကို ပြန်လည်ရုပ်သိမ်းရန် မဖြစ်နိုင် တော့သဖြင့် အတွင်းအား အရှိန်လွန်ကာ ဒုက္ခရောက်တတ်သည်။

ယခု ကွမ်ယုသည် ယီတာ့ထံမှ သင်ကြားထားသည့် ပညာ ရပ်များအနက် အပြင်းထန်ဆုံးပညာရပ်ကို ထုတ်သုံးမိလေပြီ။

ကွမ်ယုသည် နဂါးကြီးဆီသို့ ခြေစုံကန် ခုန်ဝင်သွား၏။ မီးတောင်ကွဲပေါက်ပညာသည် အစဖြစ်၏။ အဟုန်ချော်စီးပညာသည်



အဆုံးဖြစ်၏။ ထိုသိုင်းကွက်များသည် အဆင့်ဆင့်ခွန်အားများ ပေါ်ထွန်းသည်။ သူ၏ကဏန်းလက်မအတွင်းသို့ ပို့လွှတ်သည်။

'ကဏန်းလက်ညှပ်၊ ဗျိုင်းလည်ပြတ်' တိုက်ကွက်ကို ထုတ် လျက် မိမိအား ပေါက်ချသည့် နဂါးကြီး၏ ဦးခေါင်းအား ညှပ်ချလိုက် တော့သည်။

'ဝုန်း ...'

'ဒိုင်း ...'

'ဖြောင်း ...'

အလင်းနဂါးကြီးကား ပျောက်ဆုံးသွားလေပြီ။

လက်အတွင်းသို့ နဂါးခေါင်းခေါင်းဓားကြီးနှင့် ဓားအိမ်သည် မြဲမြဲ စွာ ရောက်ရှိလာချေပြီတည်း။

"ကွမ်ယု ... မင်း အောင်မြင်ပြီ၊ မင်း နဂါးခေါင်းဓားကို ပိုင်ဆိုင်သွားပြီ"

စူစီဝေ၏ အောင်မြင်ခန့်ညားသော အသံသည် သချိုင်းမြေ တစ်ခုလုံးကို လွှမ်းမြိုးသွားလေ၏။

တောင်တင်းရယ်နှင့် ဟန်ရှင်တို့၏ မျက်နှာများမှာ ကွမ်ယု ၏ အောင်မြင်မှုအတွက် ဝမ်းသာအားရဖြစ်ခြင်းကြောင့် ပြုံးနေကြ သည်။

ဟန်ရှင်၏ အရယ်အပြုံးမှာ မထူးလှချေ။ ဟန်ရှင်သည် ပြုံး ဖူးသည်၊ ရယ်ဖူးသည်။

တောင်တင်းရယ်မှာ အရယ်အပြုံး နည်းသည်။ လှပသည့် မျက်နှာမှာ အရယ်အပြုံးနည်းသဖြင့် ကြီးရင့်သကဲ့သို့ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ပြုံးရယ်လိုက်သောအခါ နှုတ်ခမ်းနီဖျော့ဖျော့သော မိန်းမပျို ကလေး၏ ကျက်သရေရှိမှုများသည် ခညောင်းသွားသည်။ မျက်နှာ တစ်ခုလုံး ပြုံးနေသည်။ မျက်နှာမှာ ပန်းသွေးရောင် ထနေသည်။ မျက်လုံးများကလည်း ရွှန်းလက်ဝင်းစိုနေသည်။ တောင်တင်းရယ်၏ အလှသည် ယခုတွင် ပို၍ပိုပြင်ပေသည်။

လျှိုနန်ကျင်း၏ ကျောက်ရုပ်မျက်နှာပေါ်တွင်လည်း အပြုံး များ ပေါ်နေသည်။ လျှိုနန်ကျင်းသည် တောင်တင်းရယ်၏ဖခင်ဟု မပြောရချေ။ အရယ်အပြုံးဟူ၍ မရှိချေ။ အေးစက်မာကျောသော ကျောက်သားပြင်မျက်နှာမျိုးသာ ရှိသည်။

ယခု ... သူလည်း ပြုံးနေချေပြီ။

သူ့ဆရာကွမ်မှု၏ သားအတွက် ဂုဏ်ယူနေလေပြီ။

စူစီဝေကား မျက်ရည်များ လည်လျက်ရှိနေ၏။ သူ၏ မော့ နေသောမျက်နှာ၌ ကွမ်ယုအတွက် ဂုဏ်ယူသောအမူအရာများသည် ထင်းထင်းကြီးပေါ်နေ၏။

"အစ်ကိုလေး ကွမ်မှုရဲ့သား ... အစ်ကိုလေး ကွမ်မှုရဲ့သား"

ထိုအသံများသည်သာ သူ့အသည်းနှလုံးအတွင်း၌ မြည် ဟည်းနေသည်။

သူသည် ...

ကွမ်ယုအား ကရုဏာမျက်လုံးများဖြင့် လှမ်းကြည့်နေ သည်။ သူသည် အိုမင်းလှလေပြီ။ သူ လှုပ်ရှားနိုင်ခြင်းမှာ အတွင်း အားကောင်းခြင်း၊ သိုင်းပညာထက်မြက်ခြင်းတို့ကြောင့် ဖြစ်သည်။

သူ၏တာဝန်ကြီးသည် ယခုမှ စတင်ခြင်းဖြစ်သည်။



ကွမ်ယု ဘုရင်ဖြစ်ပြီးမှသာ သူ၏တာဝန်ပြီးဆုံးခြင်းသို့ ရောက်ရှိပေမည်။ သူသည် ကွမ်ယုအား စကားပြောလေ၏။

"သား ... မကြာမီရက်အတွင်းမှာ မင်းဖခင်ရဲ့ အမွေဖြစ်တဲ့ နဂါးသိုင်းပညာကို လျှိုနန်ကျင်းကတစ်ဆင့် မင်းကို ပြန်သင်ကြားပေး လိမ့်မယ်၊ အစ်ကိုကြီး မူပင်ကျိုးရယ်၊ အစ်ကိုလေး ကွမ်မှုရယ်၊ ငါရယ် ငါတို့သိုင်းပညာတွေကို လျှိုနန်ကျင်းကို လွှဲပြောင်းသင်ပေးခဲ့ပြီးပြီ၊ ဒီတော့ အစ်ကိုလေးကွမ်မှုရဲ့ နဂါးသိုင်းပညာကို လျှိုနန်ကျင်း ရထား တယ်၊ သူက မင်းကို သင်ကြားပေးတဲ့အခါ မင်း အရယူပေတော့"

ကွမ်ယုသည် စူစီဝေကို ဦးညွှတ်အရိုအသေပြုလိုက်သည်။

"ဘာဘလျှိုနန်ကျင်းထံက ရရှိမယ့် နဂါးသိုင်းပညာကို ကျွန် တော် အကုန်အစင် ရအောင်ယူပါမယ် ဘာဘစူစီဝေ"

"အိမ်း ... ကောင်းပြီ"

သူတို့သည် သချိုင်းမြေမှ ပြန်လည်ထွက်ခွာသွားကြသည်။ ပတ်ဝန်းကျင်၌ နှင်းကန့်လန့်ကာ လုံးဝမရှိတော့ချေ။

◎◎◎

www.burmeseclassic.com

www.burmeseclassic.com



## (၁၀၁)

## နဂါးသိုင်း

မျောက်စမ်းချောင်း မြို့တော်ဟောင်းမှာ ရွှေကြောမရှိသဖြင့် နေထိုင်သူလူလည်း မရှိချေ။ တကယ့် မြို့ဟောင်းကြီးအသွင်သာ ရှိနေသည်။

ယခု မျောက်စမ်းချောင်းမြို့တော်ဟောင်း၏ နန်းတော်ဟောင်းကြီးတွင် လျှုနန်ကျင်းနှင့် ကွမ်ယုတို့နှစ်ယောက်သာ ရှိကြသည်။

ကွမ်ယုသည် အောင့်သက်ကျေသူဖြစ်ရာ ဆရာဖြစ်သူ လျှုနန်ကျင်းနှင့် နေထိုင်ရာတွင် အလွန်အဆင်ပြေသည်။

ဟန်ရှင်ကတော့ မျောက်စမ်းချောင်းမြို့တော်ဟောင်းတွင် မရှိတော့ချေ။ သူသည် ဘဘစူစီဝေနှင့်အတူ ပါသွားသည်။ ဟန်ရှင်သည် စူစီဝေ၏ တစ်ဦးတည်းသောတပည့်မ မဟုတ်ပါလော။

စူစီဝေသည် တရုတ် ပြည် မြေပြန့်ဒေသသို့ ဆင်းသွားသည်။ ထိုအခါ သူ့တပည့်ဟန်ရှင်ကို ခေါ်ဆောင်သွားတော့လေသည်။

တောင်တွင်းရယ်ကတော့ ရွှေ မြို့တော်ကြီး၏ အကြီးအကဲ အုပ်စုခေါင်းဆောင်အဖြစ် ရွှေမြို့တော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် တာဝန်ရှိသည့်အလျောက် ဘုရင်ကျွမ်းလုံရှီထံ အခစား



ဝင်နေရလေပြီ။ တောင်တင်းရယ်၏တာဝန်သည် အလွန်ကြီးမားလေသည်။ နန်းတွင်းအုပ်စုကတော့ ဘာတာဝန်မျှမရှိပေ။

ထို့ကြောင့် မျောက်စမ်းချောင်းမြို့တော်ဟောင်းအတွင်း၌ သက်ရှိလူဟူ၍ နှစ်ယောက်တည်းသာရှိသည်။

လျှုနန်ကျင်းနှင့် ကွမ်ယု။

ဘုရင်ကျွမ်းလုံရှီသည် ကွမ်မူအား ကတိတစ်ခုပေးခဲ့ရသေးသည်။ ထိုကတိမှာ မြို့တော်ဟောင်းအတွင်းသို့ ဘုရင်ကျွမ်းလုံရှီအနေဖြင့် မည်သည့်အကြောင်းနှင့်မျှ ဝင်မလာရဟူသော ကတိပေတည်း။

သူသည် ထိုကတိကိုလည်း မိဘဘိုးဘွားများကို တိုင်တည်၍ ကတိပြုခဲ့ရ၏။ ထို့ကြောင့် ထိုကတိကို မဖျက်နိုင်တော့ချေ။ ကတိအတိုင်း လိုက်နာနေရသည်။

သို့သော် သူသည် မည်သူမျှမသိအောင်တော့ သူ၏ကိုယ်ပျောက်သိုင်းသမားများကို မြို့တော်ဟောင်းသို့ စေလွှတ်ခဲ့သေးသည်။ သူသည် သူ၏သူလျှိုဒလန်များကို မြို့တော်ဟောင်းသို့ စေလွှတ်ရာတွင် သိသာထင်ရှားစွာ စေလွှတ်၍ မရပေ။

အဘယ်ကြောင့်ဆိုသော် မြို့တော်ဟောင်း၌ နေထိုင်သူဟူ၍ လျှုနန်ကျင်းတို့မှအပ မည်သူမျှ မရှိသောကြောင့်ပေတည်း။ ထို့ကြောင့် လူအများနှင့် ရောနှောကိုယ်ပျောက်ရန် မဖြစ်နိုင်ပေ။

ဘုရင်ကျွမ်းလုံရှီ၏ ကိုယ်ပျောက်သိုင်းသမားများမှာ သစ်တောဝတ်စုံ၊ ကျောက်ဆောင်ဝတ်စုံနှင့် မြေပြန့်ဝတ်စုံများကို ဝတ်ဆင်ထားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သစ်တောဝတ်စုံများဝတ်ပြီး သစ်ပင်များဟန်ဆောင်ခြင်း၊ အကိုင်းအခက်ပင်စည်သဏ္ဌာန်ပြုလုပ်ခြင်း၊ ချုံပုတ်နွယ်ပင်သဏ္ဌာန်များ ပြုလုပ်ခြင်း စသည်တို့ဖြင့် ကိုယ်ယောင်ဖျောက်ကြသည်။

ကျောက်ဆောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး ကျောက်ဆောင်၌ ရောနှောကပ်ရပ်နေခြင်း၊ တောင်ပူစာသဏ္ဌာန် ပြုလုပ်ခြင်းတို့ဖြင့် ကိုယ်ယောင်ဖျောက်တတ်သည်။

◎◎◎



(၁၀၂)

မြေပြန့်ဝတ်စုံဝတ်ပြီး မြေပြင်၌ ဝပ်တွား သွားလာခြင်း၊ ဥမင်တူး၍ သွားလာခြင်း စသည်တို့ဖြင့်လည်း သွားလာတတ်ကြသည်။

သူတို့ အကျွမ်းကျင်ဆုံးမှာ ကိုယ်ဖျောက်ပညာရပ်ပင်။

ကိုယ်ဖျောက်သိုင်းပညာရပ်များ တတ်ကျွမ်းကြသဖြင့် သူတို့အား ရိပ်ခနဲ ရိပ်ခနဲသာ မြင်ကြရသည်။

ထို့ကြောင့် သူတို့အား ကိုယ်ပျောက်သိုင်းသမားများဟု ခေါ်ကြသည်။

အမှန်စင်စစ်တော့ ဘုရင်ကျွမ်းလုံ့ချီ၏ သူလျှိုဒလန်များပင်။

သို့သော် လျူနန်ကျင်းတို့အနေဖြင့် ကိုယ်ပျောက်အထောက်တော်များအကြောင်းကို ရှေးမဆွကပင် သိထားခဲ့ပြီးချေပြီ။

လျူနန်ကျင်းသည်လည်း အလွန်ဉာဏ်ကောင်းသူ ဖြစ်သည်။ သူတို့သိထားသည်ကို ဘုရင်ကျွမ်းလုံ့ချီ မသိစေရပေ။ သူတို့သည် မသိချင်ဟန်ဆောင်ကာ တချို့ကိစ္စရပ်များကို သိသာထင်ရှားအောင် ပြုလုပ်ကြသည်။ ဘုရင်ကျွမ်းလုံ့ချီ မသိစေချင်သော အရာများကိုမူကား အထူးလျှို့ဝှက်ဆောင်ရွက်ကြပေသည်။

ထိုအခါ ...

ကျွမ်းလုံ့ချီလည်း ကျေနပ်သည်။ လျူနန်ကျင်းတို့လည်း ဆောင်ရွက်ရမည့်ကိစ္စကို ဆောင်ရွက်နိုင်သဖြင့် ကျေနပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တင်းရယ်မှာမူ မြို့တွင်းကိစ္စအဝဝကို သိရှိသော်လည်း နန်းတော်ကြီးအတွင်း ဖြစ်ပျက်နေသမျှတို့ကို သိခွင့်မရချေ။

တောင်ပေါ်မြွားနက်ဂိုဏ်းက အထောက်တော်များ၊ သူလျှိုများ စေလွှတ်ပြီး ရွှေမြို့တော်အား ထိပါးရန် ကြံစည်နေသည့်ကိစ္စကို ဘုရင်ကျွမ်းလုံချို ပြောပြမှသာ သူသိရလေသည်။

လျှုနန်ကျင်းသည် ထိုသတင်းများကို သိထားပြီးဖြစ်သဖြင့် နန်းတော်ဟောင်းကြီး၏ အဆောင်ဆောင် အခန်းခန်းများကို လျှို့ဝှက် ပြုပြင်ထားပေသည်။

နန်းတော်ဟောင်းကြီး၏ အနောက်ပိုင်းတွင် ဝင်ပေါက်ထွက်ပေါက်အသစ်များကို တိုးချဲ့ဖောက်လုပ်ပြီး ဖြစ်သည်။ ထိုတိုးချဲ့ဖောက်လုပ်ခြင်းများကိုလည်း ညများ၌သာ ပြုလုပ်ခြင်းဖြစ်ပြီး အပြင်မှကြည့်လျှင် ယခင်အတိုင်း အဟောင်းအမြင်းများသာ မြင်ရပေမည်။

လျှို့ဝှက်အခန်းများအတွင်း၌ ရိက္ခာစို/ခြောက်များ၊ ဆေးစွမ်းကောင်းများ၊ သစ်ဥသစ်မြစ်နှင့် ဆေးဖက်ဝင်သောအပင်များကို စုဆောင်းထားရှိသည်။ ထိုအခန်းများတွင် အလင်းရောင်ကောင်းစွာ ရရှိရန် စီမံထားသဖြင့် နှစ်ရှည်လများ ပုန်းအောင်းလိုလျှင်လည်း ပုန်းအောင်းနိုင်ပေသည်။

လျှုနန်ကျင်းသည် အလွန်ပါးနပ်လိမ္မာရကား နန်းတော်ဟောင်းကြီးမှ လျှို့ဝှက်ချက်ဟူသမျှ ဘုရင်ကျွမ်းလုံချို မသိအောင် သိုသိပ်လျှို့ဝှက်ထားနိုင်ခဲ့သည်။

ယခု လျှုနန်ကျင်းနှင့် ကွမ်ယုတို့သည် သိုင်းပညာများ လျှို့ဝှက်သင်ကြားရန် ရှိနေပေသည်။



သူတို့သည် လျှို့ဝှက်အခန်းများအတွင်းသို့ ဝင်ရောက်သင်ကြားကြသည်။

ကွမ်ယုနှင့်ဟန်ရှင်တို့ သိုင်းပညာသင်ကြားရေးအတွက် တောင်တင်းရယ်က အစီအမံ ပြုလုပ်ထားသည်။

ကွမ်ယုနှင့် ဟန်ရှင်တို့ သိုင်းပညာ လျှို့ဝှက်သင်ယူမည် ဆိုလျှင် ဘုရင်ကျွမ်းလုံချိုသည် အဘယ်ကြောင့် သင်သနည်းဟု လျှို့ဝှက်စုံစမ်းမည်မှာ သေချာသည်။

ဘုရင်ကျွမ်းလုံချို၏ သူလျှိုများ၊ ဒလန်များ၊ ကိုယ်ပျောက်စစ်သည်တော်များသည် အလုပ်ရှုပ်ကြပေမည်။

ထိုအချက်ကိုသိသော တောင်တင်းရယ်သည် ဘုရင်ကျွမ်းလုံချိုကို ဤသို့လျှောက်တင်ထားသည်။

အကျဉ်းသားများဖြစ်ကြသော ကွမ်ယုနှင့်ဟန်ရှင်တို့ ချစ်သူနှစ်ဦးသည် မိမိနှင့် သိုင်းပညာယှဉ်ပြိုင်နိုင်ရန်အတွက် အနိုင်ရရှိအောင် ကြိုးစားနိုင်ရန် မြို့တော်ဟောင်း၌ရှိသည့် လျှုနန်ကျင်းထံတွင် သိုင်းပညာသင်ကြားနေကြောင်း တောင်တင်းရယ်က လျှောက်တင်ထားသည်။

ကွမ်ယုနှင့် ဟန်ရှင်တို့မှာ များမကြာမီ လက်ထပ်ကြတော့မည့် ချစ်သူများအဖြစ် ဟန်ဆောင်ထားကြသည်။

သူတို့သည် ...

ရွှေမြို့တော်အတွင်း ထာဝရ နေထိုင်တော့မည် ဖြစ်ကြောင်း ဘုရင်ကျွမ်းလုံချိုထံ တင်ပြထားရာ သူတို့အား မြို့တော်သူ မြို့တော်သားအဖြစ် သတ်မှတ်ပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်သူမြို့တော်သားအဖြစ် သတ်မှတ်ပြီးဖြစ်သည့် အလျောက် ရွှေမြို့တော်၏ သိုင်းပညာဆန်းစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသွားပေပြီ။

ထို့ကြောင့် သူတို့သည် မြို့သားများအနေဖြင့် ကြိုက်နှစ်သက်ရာ ဆရာထံတွင် သိုင်းပညာသင်ကြားခွင့် ရှိပေသည်။

သို့သော် ...

ဟန်ရှင်ကဲ့သို့ ရွှေမြို့တော်အပြင်ဘက်သို့ တိတ်တဆိတ် ထွက်ခွာသွားခြင်းမျိုးကို လုံးဝခွင့်မပြုချေ။

ထိုသူများအား အရေးယူရန်မှာ တောင်တင်းရယ်၌ အာဏာရှိသည်။

⓪⓪⓪



(၁၀၃)

သို့သော် ...

ဤသို့ချိုးဖောက်မှုများကို နန်းတော်မှ မသိရန် အရေးကြီးသည်။ နန်းတော်က သိသွားလျှင် တောင်တင်းရယ်သည် ဤသို့တိတ်တဆိတ် ထွက်သွားခြင်းကို မသိရကောင်းလားဟု အပြစ်ဒဏ်ကြီးစွာ ကျရောက်နိုင်ပေသည်။

ထို့ကြောင့် နန်းတော်ဟောင်းကြီးတွင် ဘုရင်ကျွမ်းလုံချို၏ သူလျှို၊ ဒလန်၊ အထောက်တော်များ မြင်နိုင်ရန် တောင်တင်းရယ်သည် ဟန်ရှင်သဏ္ဍာန် ရုပ်ဖျက်၍ ဝတ်စားဆင်ယင်၍ ဟန်ဆောင်သွားလာနေထိုင်ရပေသည်။

တစ်နေ့တွင် အနည်းဆုံး တစ်ကြိမ်မျှတော့ ကိုယ်ပျောက်အထောက်တော်များ မြင်စေရန် တောင်တင်းရယ်သည် ဟန်ဆောင်လှုပ်ရှားပြရလေ၏။

ကွမ်ယုအပိုင်းမှာလည်း သတိကြီးစွာထားရသည်။

လျူနန်ကျင်းထံတွင် သာမန်သိုင်းပညာရပ်ဖြစ်စေ၊ ထိပ်တန်းသိုင်းပညာရပ်ဖြစ်စေ မည်သည့်သိုင်းပညာရပ်သင်သင် အကြောင်းမဟုတ်သော်လည်း ကွမ်ယု၏ 'နဂါးသိုင်း' ပညာရပ်ကို 'နဂါးခေါင်း' ကိုင်ဆောင်၍ လေ့ကျင့်သင်ကြားသောအခါ ပြဿနာတစ်ရပ် ဖြစ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးသိုင်းပညာရပ်ကို လေ့ကျင့်သင်ကြားခြင်းကိုမူ ဘုရင်ကျွမ်းလုံ့ရှိ သိ၍မဖြစ်တော့ပေ။ ထို့ကြောင့် ဘုရင်ကျွမ်းလုံ့ရှိ မသိအောင် အထူးလျှို့ဝှက်ထားရတော့သည်။

နဂါးသိုင်းပညာရပ်မှာ တော်တော်တန်တန်ပညာရပ်မဟုတ်ချေ။ ဘုရင်ကျွမ်းလုံ့ရှိကို သရေပွဲဖြစ်အောင် တိုက်နိုက်နိုင်သည့် ပညာရပ်ဖြစ်သည်။

ပြည်မတစ်လွှား၌ 'သူရဲကောင်းကွမ်မူ' ဟူ၍ ကျော်ကြားခဲ့ခြင်းမှာလည်း ဤနဂါးသိုင်းပညာရပ်ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ကွမ်ယုသည် လျူနန်ကျင်းထံ သာမန်သိုင်းပညာသင်ကြားဟန်ကို နန်းရင်ပြင်တွင် အများမြင်သာအောင် လေ့ကျင့်သင်ကြားပြီး နဂါးသိုင်းပညာရပ်ကို လျှို့ဝှက်သင်ကြားလေ့ကျင့်ကြလေ၏။

ကွမ်ယုသည် နဂါးသိုင်းပညာရပ်ကို စတင်သင်ကြားသောအခါ စိတ်ထဲတွင် ပေါ့ပေါ့ဆဆပင် အမှတ်ထားသည်။ နဂါးသိုင်းပညာရပ်ကို လုံးဝ အထင်မကြီးချေ။

ဤသည်ကို လျူနန်ကျင်းက သိသည်။ သို့သော် ဘာမျှတော့ မပြောပေ။ ဤပညာရပ်ကို ကွမ်ယု ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အစအဆုံး သင်ရမည်ကို သူ သိပေသည်။ လမ်းဆုံးတော့ ရှာတွေ့မည်ဟု လျူနန်ကျင်း သိရှိထားပေသည်။

လျူနန်ကျင်းသင်ပေးသည့် နဂါးသိုင်းသည် အစွံ့အပြောင်းများ များစွာပါဝင်နေသဖြင့် တုံးတိုက်တိုက် ကျားကိုက်ကိုက် ပညာများကို ယိတာထံမှ သင်ကြားလာသော ကွမ်ယုအဖို့ စိတ်မပါ လက်



မပါ ဖြစ်နေသည်မှာလည်း အပြစ်မဆိုသာပေ။

နဂါးသိုင်းကွက်တွင် ခွန်အားအင်အား အထူးစိုက်ထုတ်သုံးစွဲရသော အကွက်များလည်း မပါသဖြင့် ကွမ်ယုအဖို့ တစ်ခုခုလိုနေသလိုဖြစ်နေသည်။ တစ်ကွက်နှင့်တစ်ကွက်ကလည်း အပြတ်အတောက်မရှိဘဲ ဆက်နေသည်။ အကွက်များကလည်း တော်တော်ကလေးဆင်တူသည်။ အကွက်ပြောင်းများကလည်း များသည်။ သိုင်းကွက်ငယ် ဆယ့်နှစ်ကွက်တွင် သိုင်းကွက်ကြီးတစ်ကွက် ဖြစ်သည်။ ထိုသိုင်းကွက်ကြီးတစ်ကွက်သည် မည်သည့်နေရာသို့ ဦးတည်နေမှန်းလည်း မသိရချေ။

နဂါးသိုင်းသည် သူသင်ကြားခဲ့သည့် ယိတာ၏သိုင်းပညာနှင့် ကွာခြားလှသဖြင့် တစ်နည်းတစ်ဖုံ ထူးခြားသည့်သိုင်းပညာဟု ယူဆရဖွယ်ရှိသော်လည်း ကွမ်ယုမှာမူ စိတ်တိုင်းမကျနိုင်အောင် ဖြစ်နေတော့သည်။ ထိရောက်ပြင်းထန်မှုမရှိသော သိုင်းပညာဟုသာ ယူဆမိတော့သည်။

ထိုအယူအဆကြောင့် ဖခင်ကြီး၏ အမွေအနှစ်သိုင်းပညာကို သင်ကြားနေရသော်လည်း ကိုယ်စိတ်နှစ်ပါးကို ထိုပညာတွင် မြှုပ်နှံမသင်ကြားနိုင်ဘဲ ဖြစ်နေရသည်။

ဤသို့ဖြင့် သူသည် တစ်လခန့် သင်ကြားမိလေသည်။

သူသည် အလွန်ဉာဏ်ကောင်းသူဖြစ်၍ နဂါးသိုင်းပညာလည်း တစ်ဝက်မျှ ကျိုးလာသည်။ နဂါးသိုင်းပညာအပေါ် အထင်သေးနေသော ကွမ်ယု၏စိတ်များလည်း ပြောင်းလဲစပြုလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ဖခင်ကြီး၏ ပညာရပ်အား အထင်သေးမိခြင်းအတွက် ဖခင်ကြီးကို ဦးခိုက်တောင်းပန်မိတော့သည်။

လျှုနန်ကျင်း၏မပြုံးမရယ် ကျောက်ရုပ်ကဲ့သို့ မျက်နှာ၌ ကွမ်ယု၏ပြောင်းလဲခြင်းကို ကျေနပ်သည့် အရိပ်အယောင်များ ပေါ်လာတော့သည်။

နဂါးသိုင်းပညာကား တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်သော ပညာရပ်ဖြစ်သည်ကို ကွမ်ယု နားလည်လာသောကြောင့်တည်း။

◎◎◎



(၁၀၄)

လျှုနန်ကျင်းက ...

"သိုင်းပညာရပ်မှာ အခက်အလက်နှစ်မျိုးပဲ ဖြာထွက်တယ်၊ အမာသိုင်းနဲ့ အပျော့သိုင်းလို့ပဲ ခပ်လွယ်လွယ် ပြောပြရင်ရတယ်၊ အမာသိုင်းက တစ်ကွက်ကောင်း နှစ်ကွက်ကောင်းပဲတိုက်တယ်၊ ပြင်းထန်တယ်၊ ထိရှတယ်၊ အပျော့သိုင်းကွက်က တစ်ကွက်ကောင်းမရှိဘူး။ အမြွာခွဲအကွက်ခွဲတွေ ရှိတယ်၊ အပျော့သိုင်းရဲ့ အင်အားဟာ ပရိယာယ်ပဲ၊ အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးဟာ အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးကို ပရိယာယ်မသုံးဘဲနဲ့ အနိုင်ယူဖို့ဆိုတာ မလွယ်ပါဘူး။ အဆင့်မြင့်သထက် မြင့်လာတဲ့အခါ ပရိယာယ်ကွက်တွေ အလွန်နည်းသွားပေမယ့် အလွန်သိမ်မွေ့ နက်ရှိုင်းတဲ့ ပရိယာယ်တစ်ခုကတော့ ကျန်ခဲ့တာပဲ၊ အဲဒါ ပရိယာယ်ကိုသုံးပြီး တစ်ဖက်ရန်သူကို အနိုင်ယူကြတာပဲ"

လျှုနန်ကျင်းက လေအေးအေးဖြင့် ရှင်းပြလေ၏။ လျှုနန်ကျင်းသည် စကားလည်း များများစွာမပြောပေ။

ကွမ်ယုသည် သူတို့ရဲသုံးဖော်၏ပညာများ ပေးအပ်ရမည့်သူကို ရှာဖွေရာ၌ အလွန်သင့်လျော်သူကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကွမ်ယုသည် သဘောပေါက်စပြုလာလေ၏။ သူသည် ယီတာနှင့် ပညာသင်စဉ်က ထိုအချက်ကို သဘောမပေါက်ခဲ့ပေ။ လျှုနန်ကျင်းနှင့် ပညာသင်သောအခါမှ ထိုအချက်ကို သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ထိုအချက်ကား မည်သည့်အချက်နည်း။

ပရိယာယ်သည် အသက်ဇီဝိန်ကို ကြွေလွင့်စေနိုင်သည့် အလွန်ပြင်းထန်သော ခွန်အားတစ်မျိုးဟူသော အချက်တည်း။

နဂါးသိုင်းသည် ဦးတည်တိုက်ခိုက်ချက် တစ်ချက်ပေါ်တွင် ပရိယာယ်မာယာဟန်ကွက်ပေါင်းများစွာ ဖုံးလွှမ်းထားသည့် သိုင်းပညာဖြစ်သည်။

မိမိအနေဖြင့် သိုင်းပညာအပေါ် နှံ့စပ်ကျင်လည်သွားပြီးနောက် ဦးတည်တိုက်ခိုက်ချက်အပေါ်၌ ဖုံးလွှမ်းထားသော ပရိယာယ် မာယာဟန်ကွက်များကို တိုးချင်သလောက်တိုး၊ လျှော့ချင်သလောက် လျှော့နိုင်ပေသည်။ ဤကဲ့သို့ သိုင်းပညာမျိုးဖြစ်သည်။

ကွမ်ယုသည် ယခုသင်ကြားရသည့် သိုင်းပညာနှင့် ဘုရင့်သမီးတော် ယီတာထံမှ သိုင်းပညာရပ်နှစ်ခုကို ဆန်းစစ်ကြည့်မိသည်။ ယီတာ၏သိုင်းပညာမှာ အမာသိုင်းပညာဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရသည်။ ကိုယ်ဖော့သိုင်းပညာကမူ အပျော့သိုင်းပညာဖြစ်ကြောင်း တွေ့ရှိရသည်။

လျူနန်ကျင်းက ...

"အပျော့သိုင်းကိုဖြစ်စေ, အမာသိုင်းကိုဖြစ်စေ ပေါက်ရောက်အောင်မြင်ထားဖို့ အရေးကြီးတယ်၊ အခု သားဟာ အမာသိုင်းကို သင်ခဲ့ဖူးတယ်၊ အခု အပျော့သိုင်းပညာကို သင်ရတယ်၊ ဒီနှစ်ခုဟာ ဘယ်လိုပေါင်းစပ်နိုင်သလဲ၊ ဘယ်လိုခွဲခြားနိုင်သလဲဆိုတာ ဆန်းစစ်ကြည့်ရမယ်၊ ပေါက်မြောက်သွားရင် ငါ့သား လူတော်ပေါ့ကွာ"

ကွမ်ယုသည် လျူနန်ကျင်းကို ဦးညွှတ်ဂါရဝပြုလေသည်။



နဂါးသိုင်း သင်ကြားပြီးစီးလုနီးအချိန်တွင် ကွမ်ယုသည် အပျော့သိုင်းနှင့်အမာသိုင်းကို တွဲဖက်လေ့ကျင့်လေ၏။ သူသည် လိုအပ်ချက်များကို ဖြည့်သည်။ မလိုအပ်ချက်များကို ဖယ်ထုတ်သည်။ သူသည် ပြင်းထန်စွာ လေ့ကျင့်လိုက်၏။

'ဝုန်း ... ဒုန်း ... ဒုန်း'

အခန်းနံရံကြီးသည် လွင့်စဉ်ပြိုကျသွားလေ၏။

လျူနန်ကျင်း က ...

"သား ... မင်းရဲ့ တွေ့ရှိချက်က မင်းရဲ့ သိုင်းပညာအဆင့်ကို ထူးခြားတိုးတက်သွားစေခဲ့ပြီ၊ နဂါးသိုင်းကို ပြီးဆုံးအောင်သင်၊ မင်းအခု ပေါင်းစပ်မှုအတိုင်း ပေါင်းစပ်တီတွင်၊ မင်းကို ဘယ်သိုင်းသမားကမှ မမီနိုင်တော့ဘူး။ သားဟာ ဓမ္မူတလူဖြစ်သွားပြီ၊ သားကို သိုင်းလောကရဲ့ မကိုင်ရှိဦးသျှောင်လို့ သတ်မှတ်ကြတော့မယ်"

ကွမ်ယုသည် လျူနန်ကျင်းအား ဦးညွှတ်ဂါရဝပြုလိုက်လေ၏။ သူသည် နဂါးသိုင်းကို ပြီးဆုံးအောင် သင်ယူလိုက်သည်။ ကွမ်ယုသည် နဂါးဓားသိုင်းကို နှစ်လမျှနှင့် အပြီးတတ်မြောက်သည်။

လျူနန်ကျင်းက ...

"သား ... ဒီပညာဟာ အင်မတန် သိမ်မွေ့နက်နဲတယ်၊ သာမန်လူတစ်ယောက် သင်ယူရင် ခြောက်နှစ်ခုနစ်နှစ်လောက် သင်ယူရတယ်၊ ဉာဏ်ကောင်းတဲ့လူသင်ရင် သုံးနှစ်လောက် သင်ရတယ်၊ အင်မတန်ဉာဏ်ကောင်းတဲ့လူသင်ရင် ခြောက်လသင်ရတယ်၊ ငါ့ကို ဆရာကြီးကွမ်မူဟာ ဒီပညာကို နှစ်လနဲ့ အတတ်သင်ပေးခဲ့တယ်၊ အခု မင်းကတော့ ဒီပညာကို နှစ်လနဲ့ သင်ယူခဲ့တယ်၊ ဒါတောင် မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်းမှာ စိတ်မပါခဲ့ဘူး။ မင်းရဲ့ မှတ်ဉာဏ်ကတော့ တကယ် အံ့ဩစရာကောင်းတာပဲ"

"ဟုတ်ပါတယ် ဘဘလျှုံနန်ကျင်းခင်ဗျား။ ဆရာမ ယီတာ ကလည်း ကျွန်တော့်ကို ဘဘပြောတဲ့အတိုင်း ပြောပါတယ်"

"အိမ်း ... မင်းရဲ့ဉာဏ်က သိပ်ကောင်းနေတော့ အပျော့ သိုင်းနဲ့ အမာသိုင်းကို ပေါင်းစပ်တီထွင်တဲ့နေရာမှာလည်း အကောင်း ဆုံးဖြစ်လာမှာပေါ့ကွယ်"

နဂါးခေါင်းဓားသည် ကွမ်ယု၏လက်ထဲတွင် တစ်ခါတစ်ရံ၌ ရေလှိုင်းများပမာ ဆင့်ကာဆင့်ကာ စီးသွားသည်။ တစ်ခါတစ်ရံ တိမ် လွှာပမာ လေတွင် လွင့်မျောသွားသည်။ တစ်ခါတစ်ရံ ကြယ်များ လွင့်ကြွေသလို လွင့်ကြွေသွားသည်။ တစ်ခါတစ်ရံ မုန်တိုင်းပမာ ပြင်း ပြင်းထန်ထန် ဝှေ့ယမ်းသွားသည်။

အဆောင်များမှာ စီသုကာအတတ်ဖြင့် နေရောင်ရရန် စီမံ ထားလေရာ နေရောင်သည် အဆောင်အတွင်း အလုံအလောက် ရရှိ နေခဲ့သည်။ ထိုနေရောင်သည် နဂါးခေါင်းဓားအပေါ်၌ ကျရောက် သောအခါ နဂါးခေါင်းဓားသည် အလင်းနဂါးကြီးသဏ္ဍာန် ပေါ်ထွက် နေလေ၏။

ကွမ်းယုသည် ဓားကို ဓားအိမ်ထဲ တည့်သွင်းလိုက်သောအခါ မှ အလင်းနဂါးကြီးလည်း ပျောက်ကွယ်သွားတော့၏။ သူသည် လျှုံ နန်ကျင်းကို ဒူးထောက်၍ အရိုအသေပြုလေသည်။

လျှုံနန်ကျင်းက လက်တစ်ဖက် ဆန့်ထုတ်လိုက်သည်။ လျှုံ နန်ကျင်း၏လက်သည် အရိပ်ရှစ်ခု ခွဲထွက်သွားပြီး ကွမ်ယု၏ကျော



တွင် သိုင်းလွယ်ထားသည့် နဂါးခေါင်းဓား၏နေရာ ရှစ်နေရာသို့ ရောက်ရှိသွားလေသည်။ လျှုံနန်ကျင်း၏ ပြုလုပ်ချက်မှာ ကွမ်ယု၏ဓား အား လုယူလိုက်သည့် ပြုလုပ်ချက်ဖြစ်သည်။

ကွမ်ယုသည် ဒူး ထောက်ထိုင်နေရာမှ ခြေထောက်များကို ပြင်ဆင်လိုက်ပြီး စက်ဝိုင်းသဏ္ဍာန် လှည့်ပတ်လိုက်ရာ လျှုံနန်ကျင်း ၏ ဓားလုကွက်ထဲမှ လွတ်မြောက်သွားလေသည်။

လျှုံနန်ကျင်းက ...

"ကွမ်ယု ... မင်းဟာ မင်းဖခင်ရဲ့ နဂါးသိုင်းကို အောင်မြင် ဘတ်မြောက်ခဲ့ပြီ၊ ဒီအပျော့သိုင်းကို အမာသိုင်းနဲ့ ပေါင်းစပ်တီထွင်ဖို့ ကတော့ မင်းရဲ့တာဝန်ပေပဲ"

"ကောင်းပါပြီ ဘဘလျှုံနန်ကျင်း"

"အိမ်း ... မင်းကတော့ ဆက်လက်လေ့ကျင့်ပေဦးတော့၊ ငါ့ရဲ့ သင်ကြားမှုကတော့ ဒီနေ့ ပြီးဆုံးသွားပါပြီ"

သူတို့သည် လျှို့ဝှက်အခန်းတွင်း၌ လျှို့ဝှက်လေ့ကျင့်ကြခြင်း ဖြစ်သည်။ ယခုသူတို့၏ လျှို့ဝှက်လေ့ကျင့်ရသည့် ဒုက္ခသည် ပြီးဆုံး သွားချေပြီ။ သူတို့သည် လျှို့ဝှက်အခန်းတွင်းမှ ထွက်ခွာလာကြ၏။

တောင်တင်းရယ်သည် ဟန်ရှင်ပမာ ဝတ်စားဆင်ယင်လျက် အပြင်ဘက်တွင် စောင့်နေသည်။

လျှုံနန်ကျင်းသည် သမီးဖြစ်သူအား လက်မြှောက်အချက် ပြပြီး လမ်းလျှောက်ရန် ထွက်ခွာသွားသည်။ ကွမ်ယုနှင့် တောင်တင်း ရယ်တို့သည် ပန်းဥယျာဉ်ထဲသို့ လျှောက်လာခဲ့ကြသည်။ ပန်းဥယျာဉ် အပြင်ဘက်၌ ရိပ်ခနဲ လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သိလိုက်သည်။

ဤနေရာတွင် ဘုရင်ကျွမ်းလုံးရှိ၏ အထောက်တော်၊ လူလျှိုအလန်များ ရောက်ရှိနေခဲ့လေပြီ။

ကွမ်ယုသည် ဟန်ရှင်ယောင်ဆောင်ထားသော တောင်တင်းရယ်၏လက်ကို ကြင်နာစွာ ဆွဲလိုက်သည်။ လက်ဆွဲပြီး နှစ်ယောက်သား ပန်းဥယျာဉ်ထဲသို့ လျှောက်ကြသည်။

တောင်တင်းရယ်သည် ခေါင်းကလေးငုံ့ကာ ပြုံးလိုက်သည်။

သို့သော် သူမ၏မျက်နှာတစ်ခုလုံးမှာ ရှက်စိတ်ကြောင့် ရဲရဲနီနေသည်။ တောင်တင်းရယ်သည် ကွမ်ယုနှင့် မတွေ့မီက ယောကျ်ားလေးတစ်ဦးပမာ သွားလာလှုပ်ရှားခဲ့ရသည်။ သူယူရသည့် တာဝန်မှာလည်း ယောကျ်ားသားတစ်ဦးယူရမည့် တာဝန်ဖြစ်နေသည်။ အကြီးအကဲအုပ်စု၏ ခေါင်းဆောင်။

သို့သော် ကွမ်ယုနှင့်တွေ့ပြီးနောက် သူမသည် မိန်းကလေးပီသလာသည်။ သူမ၏ နှလုံးသားများလည်း ပို၍ နူးညံ့လာသည်။ ကွမ်ယုနှင့်တွဲပြီး ယုယုယယ ကြင်ကြင်နာနာ နေရသောအခါ အလွန်သာယာမိသည်။

ကွမ်ယုက ...

"ကျွန်တော်လည်း သူတို့က အရိပ်အခြည်ကြည့်နေလို့သာ ဒီလိုဆက်ဆံရတာပါ၊ ခင်ဗျားကိုလည်း အားနာပါတယ်"

တောင်တင်းရယ်က မျက်နှာနီနီဖြင့် ...

"အလုပ်သဘောအရ ဟန်ဆောင်ရတာပဲ၊ ကိစ္စမရှိပါဘူးရှင်"



"အလုပ်သဘောအရ မဟုတ်လည်း တောင်တင်းရယ်နဲ့ ဒီလိုရင်းရင်းနှီးနှီး မနေဖူးတော့ ခင်တာပေါ့ဗျာ"

"ရှင် ..."

တောင်တင်းရယ် အံ့သြသွားသည်။ သူသည် ဘုရင်ကျွမ်းလုံရှိရှေ့ ကျောက်စိမ်းရင်ပြင်၌ ထိုင်စဉ်က ဟန်ရှင်အား လက်ထပ်ပါမည် ပြောသွားခဲ့သည် မဟုတ်ပါလော။

"ရှင် ... ရှင်တို့ လက်ထက်မယ်လို့ ကတိပေး .. ပေး"

"ကတိပေးတာက သူနဲ့ လက်ဖဝါးချင်း ထိခွင့်မရမှာစိုးလို့ပါ၊ လက်ဖဝါးချင်းထိပြီး ဟန်ရှင်ကို ထပ်ပြီး သတိပေးနိုင်လို့ ကျွန်တော်တို့အခုလို လွတ်လာတာ မဟုတ်လား"

တောင်တင်းရယ်သည် သက်ပြင်းချလိုက်မိလေသည်။

"ခင်ဗျားက ဘာသက်ပြင်းချတာလဲ"

"ဩော် ... ရှင်တို့အဖြစ်ကို တွေးမိလို့ပါ"

"ဒါကတော့ ဒီလိုပေါ့ဗျာ"

ကွမ်ယု၏မျက်နှာမှာ အစဉ်အမြဲ တစ်ခုခုကို တွေးနေသလိုလို ရှိလေသည်။ တောင်တင်းရယ်က ကွမ်ယုမျက်နှာပေါ်၌ အဖြေရှာကြည့်နေသည်။ တောင်တင်းရယ်သည် လျှုနန်ကျင်းကို ကြည့်သည်။ လျှုနန်ကျင်းမှာ လမ်းလျှောက်ထွက်သွားလေ၏။

တောင်တင်းရယ်က ...

"ကွမ်ယု ... ရှင် နဂါးသိုင်းကို လေ့ကျင့်လို့ အောင်မြင်သွားပြီလားဟင်"

"ဒီနေ့ပဲ ပြီးဆုံးအောင်မြင်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင် အချိန်ရပြီပေါ့၊ ရှင့်မှာ အားလပ်ချိန် တော်တော် ရသွားပြီ"

"အင်း ... အားလပ်ချိန်"

ကွမ်ယုသည် တွေးလိုက်၏။ ဖခင်ကြီး၏ အမှာစကား အတိုင်းဆောင်ရွက်ရန် သူ့မှာ စဉ်းစားနေရသဖြင့် အားလပ်ချိန် ဘယ်မှာ ရှိပါ့မလဲ။

"ဘာပြောမလို့လဲ တောင်တင်းရယ်"

"ဪ ... မနက်ဖြန်ကျရင် ရွှေမြို့တော်ကြီးကို လျှောက်ကြည့်ဖို့ ပြောမလို့ပါ"

"ကောင်းသားပဲ"

"ဒါဆိုရင် မနက်စောစော ထကြမယ်နော်"

"အင်း ..."

ထိုညတွင် တောင်တင်းရယ် အိပ်မက်မက်လေ၏။ အိပ်မက်သည် အလွန်ပျော်စရာကောင်းသည်။ သူမသည် ကွမ်ယုနှင့် လက်တွဲပြီး တိမ်များပေါ် ပျံဝဲလှည့်ပတ်နေသည်။ ကွမ်ယုက အော်ခေါ်သည်။

"ဟန်ရှင် ... ဟန်ရှင်"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်မ ဟန်ရှင်မဟုတ်ဘူး၊ ကျွန်မ တောင်တင်းရယ်ပါ"

သူမသည် အော်ဟစ်ပြောဆိုရင်း လန့်နိုးသွားလေ၏။

◎◎◎



## (၁၀၅)

# အရှုံးနှစ်ယောက်

ဟန်ရှင်သည် စူစီဝေနှင့်အတူ မြေပြန့်တရုတ်ပြည်၏ အနောက်ဘက် ပင်လယ်ကမ်းစပ်အနီးရှိ ကန်စီကျေးရွာကလေးသို့ ရောက်နေသည်။

ကန်စီကျေးရွာကား ကွမ်ယုနေထိုင်ခဲ့ရာ ကျေးရွာတည်း။

ဟန်ရှင်မှာ ကန်စီကျေးရွာတွင် အသိအကျွမ်းများ ရှိသည်။ ထိုလူများကို ရှောင်သည့်အနေဖြင့် ရွာပြင်မှ ပတ်ထွက်ကြသည်။

စူစီဝေကား သူ့ရှုံးအရှုံးအသွင် ပြန်လည် ဟန်ဆောင်ထား၏။ သူတို့သည် ရွာထိပ်သို့ ရောက်လာကြ၏။

စူစီဝေသည် ဟန်ရှင်ကို ကြည့်လိုက်၏။

"ဟန်ရှင် ..."

"ဟုတ်ကဲ့ ... ပြောပါဆရာ"

"မင်းနဲ့ငါ နောက်သုံးရက်မြောက်တဲ့နေ့ကျရင် ဒီမှာ ပြန်ဆုံကြမယ်၊ အခု မင်းက မင်းမိဘတွေဆီမှာ ပြန်ပြီးအခွင့်တောင်းပါ၊ သူတို့စိတ်ပူနေကြမယ်၊ ကိုယ်က အသိပေးပြီးတဲ့အခါမှာတော့ သူတို့လည်း စိတ်အေးချမ်းသာ ရှိကြမှာပေါ့၊ တို့အနေနဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်ဖို့ရှိနေတယ်၊ အချိန်က တစ်လလောက် ကြာမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းမိဘတွေကိုတော့ တစ်လခွဲလောက်ကြာမယ်လို့ ပြောခဲ့ပေါ့၊ တို့ တစ်လနဲ့ အဆင်မပြေလို့ လေးငါးရက်ပိုကြာရင်လည်း သူတို့စိတ်မပူရတော့ဘူးပေါ့"

"ဟုတ်ကဲ့ ... အဲဒီအတိုင်း ပြောလိုက်ပါ့မယ် ဆရာ"

ဟန်ရှင်သည် ဘာဘာအစ္စးဟူ၍ မခေါ်တော့ပေ။ သူသည် သိုင်းသူရဲကောင်း စူစီဝေပင် မဟုတ်ပါလား။ စူစီဝေ၏ အမည်သည် ရန်တင်း၊ ကျွမ်းလုံရှီး၊ မူပင်ကျီ၊ ကွမ်မူ တို့နှင့်အတူ ကျော်ကြားခဲ့၏။ ဟန်ရှင်သည် စူစီဝေအား ဆရာဟုပင်ခေါ်တော့၏။

"ကဲ ... မင်းသွားပေတော့၊ ဒီလမ်းဟာ မင်းတို့ သွားနေကျလမ်းပဲ"

"ဟုတ်ပါတယ် ဆရာ"

သူမသည် စူစီဝေအား ဦးညွှတ်ဂါရဝပြုပြီး ထွက်ခွာသွားလေတော့၏။ သူမ ဦးတည်ရာကား သူမနေအိမ်ရှိသည့် ချာအိုချွမ်မြို့သို့တည်း။

စူစီဝေသည် ကျောပေးထွက်ခွာသွားသော ဟန်ရှင်ကို ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေ၏။ ထို့နောက် အနောက်ဘက်အရပ်သို့ ထွက်ခွာလာလေတော့၏။ သူ၏ တာဝန်ရှိသည်။ သိုင်းထိပ်သီး ဟန်ဖူးနှင့် အမော်တို့ကို သွားရောက်တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည်။ သိုင်းထိပ်သီး ဟန်ဖူးနှင့်အမော်တို့သည် သူ့ကို ကွီဆေးတောစပ်၌ စောင့်နေကြပေမည်။ စူစီဝေ၏ ကိုယ်ခံပညာကား ကောင်းလှ၏။

(၁)

ဟန်ဖူးသည် အဝေးသို့ မျှော်ကြည့်နေ၏။



သူမသည် သက် ပြင်းချလိုက်၏။

"ဒီတစ်ခါ အစ္စးတစ်ယောက် နောက်မကျစဖူး နောက်ကျနေပါလား၊ လမ်းမှ တစ်ခုခုတော့ ဖြစ်ပြီနဲ့တူတယ်"

အမော်သည် လေးနက်စွာ တွေးနေလေ၏။

"ဟုတ်တယ် ... အစ္စး လမ်းမှာ အန္တရာယ်နဲ့ တွေ့နေပြီနဲ့တူတယ်၊ အစ္စးဟာ ချိန်းဆိုပြီးရင် တိတိကျကျပဲ ရောက်လာတတ်တယ်၊ အခုလို တစ်ခါမှ နောက်မကျဖူးဘူး"

ထိုအချိန်တွင် သူတို့နှစ်ဦးရပ်နေသည့် မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင်ပေါ်မှ အရွက်များ ကျလာသည်။ ကျရိုးကျစဉ် ကျခြင်းမဟုတ်သဖြင့် ဟန်ဖူးနှင့် အမော်တို့သည် သစ်ပင်ရှိရာသို့ လှမ်းကြည့်လိုက်၏။ ဟန်ဖူးက ...

"သစ်ပင်ပေါ်မှာ တစ်ယောက်ယောက်တော့ ရှိနေပြီ"

အမော်က ခေါင်းညိတ်၏။

"ဟုတ်တယ် ... လူတစ်ယောက်ယောက်တက်ပြီး ပုန်းအောင်းနေတာပဲ၊ ကျုပ်တို့ကို အခြေအနေကြည့်နေပုံရတယ်"

ထိုစဉ် သစ်ပင်ပေါ်မှ လူတစ်ယောက် မြေပြင်သို့ ကျဆင်းလာလေ၏။

"ဟင် ... အစ္စး"

အစ္စး၏ ခန္ဓာကိုယ်ပေါ်ရှိ အဝတ်များမှာ စုတ်ပြဲနေပြီး သွေးစများ စွန်းထင်းနေသည်ကို တွေ့ကြရသည်။ ခြေတစ်ချောင်းလည်း ဆာသလို ဖြစ်နေသည်။ တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်ခဲ့သည်ကို ဗေဒင်မမေးဘဲနှင့် သိလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖိုး ... ဘယ်လိုဖြစ်လာတာလဲဟင်"

အရှုံး အဖိုးက ဦးညွှတ်ဂါရဝပြုလိုက်၏။

"ကျုပ် ဖြစ်ပျက်လာပုံကို ပြောမပြခင် ကျုပ်ရဲ့ချိန်းဆိုမှု နောက်ကျတဲ့အတွက် ဦးစွာတောင်းပန်ပါရစေ"

"အို ... ရပါတယ် အဖိုးရယ်၊ ခင်ဗျားက အကြောင်းမဲ့ နောက်ကျတာမှ မဟုတ်ဘဲ၊ လမ်းမှာ အန္တရာယ်တွေ့နေလို့ပဲဥစ္စာ၊ ကျုပ်တို့ ရန်သူနဲ့တွေ့ရင်လည်း ဒီလိုပဲ နောက်ကျမှာပဲ၊ ဒါကို အထူး တောင်းပန်နေဖို့ မလိုပါဘူးဗျာ"

"ဟုတ်တယ် ... ကျုပ်တွေ့ခဲ့ရတဲ့ ရန်သူကလည်း နည်းနည်း နောနော ရန်သူမဟုတ်ဘူး"

"ဘယ်သူနဲ့များ တွေ့ခဲ့တာလဲဗျာ"

"မြားနက်ဂိုဏ်းချုပ် ရွှန်ရွှန်ကျီလေ၊ ကျုပ် သူနဲ့တွေ့ဆုံတိုက် ခိုက်ခဲ့တာပါ"

"ရွှန်ရွှန်ကျီကိုယ်တိုင်လား ... သေချာရဲ့လား"

ဟန်ဖူးက အံ့အားသင့်ရင်း မေးလိုက်သည်။

"ဟုတ်တယ်လေ ... ဒါကြောင့် ကျုပ်ကိုယ်ပေါ်မှာ ဒဏ်ရာ တွေ့ခဲ့ရတာပေါ့၊ ရွှန်ရွှန်ကျီ မဟုတ်ရင် ဘယ်ဒီလိုဖြစ်မလဲ"

"ဩော် ... အင်း ... ရွှန်ရွှန်ကျီကော ဘာဖြစ်သွားသေးလဲ"

"သူ ဒဏ်ရာတော်တော် ပြင်းပြင်းထန်ထန် ရသွားတယ်"

"ဟုတ်လား"

"ဟုတ်တယ် ... တိုက်ပုံကတော့ အကြိတ်အနယ်ပဲ၊ သူနဲ့ ပါလာတဲ့ ပိုက်ကွန်အဖွဲ့ခွဲက ကာကွယ်သွားလို့ သူ အသက်ရှင်လျက်



လွတ်သွားတာ၊ နို့မို့ရင် သူ သိုင်းလောကကို စွန့်ခွာသွားပြီပေါ့"

"ရွှန်ရွှန်ကျီကို ဦးနှိမ်ချိုးနိုင်ခဲ့တဲ့အတွက် အဖိုးကိုယ်စား ကျုပ် တို့ ဂုဏ်ယူပါတယ်"

ဟန်ဖူးနှင့်အမော်တို့က ပြောလိုက်ခြင်းဖြစ်သည်။ အဖိုးက..

"ကျုပ်လည်း အတော်ထိခဲ့ပါတယ်၊ တစ်ကိုယ်လုံး ကိုင်ရိုက် ထားသလို နာနေတာပဲ"

"ဟင် ... ကျုပ်တို့ ဘယ်လိုအကူအညီ ပေးရမလဲ၊ အတွင်း အားဆက်ပြီး ကူညီရမှာလား၊ ဒဏ်ရာတွေကို ဆေးထည့်ပေးရမှာ လား၊ ဒဏ်ရာတွေကို ဆေးထည့်ပေးဖို့တော့ ဘာမှပါမလာဘူးဗျာ"

အဖိုးက လက်ကာပြသည်။

"အို ... ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ကျုပ်အ တွက် ဘာမှမလိုပါဘူး"

ဟန်ဖူးက သူ့ရင်ဘတ်ကြားမှ အဖြူရောင် ကြွေဘူးတစ်လုံး ကို ထုတ်ယူလိုက်၏။ ထိုဘူးထဲမှ အပြာရောင်ဆေးတစ်လုံးကို ထုတ် လိုက်သည်။

"ရော့ ... ဒီဆေးလုံးကို သောက်လိုက်ပါ၊ ဒါဟာ ကျုပ်တို့ မာန်ဂိုဏ်းရဲ့ နာမည်ကျော်ဒဏ်ကြေဆေးပဲ"

အဖိုးမှာ ဒုက္ခရောက်သွားသည်။ သူသည် ဆေးကို လက် မခံလိုချေ။ သို့သော် ငြင်းပယ်ရန်မသင့်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဆေးကို လက်ခံယူပြီး ဆေးမှောသောက်လိုက်လေသည်။ သူသည် ဆေးသောက်ပြီးသောအခါ ချက်ချင်းပြောလေသည်။

"အင်း ... အတော် သက်သာသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖူးက ...

"ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားကတော့ အတော့်ကို ပင်ပန်းသွားမှာပဲနော်၊ ကဲ ... ကဲ ... ကျုပ်တို့က ခင်ဗျားကို အသိပေးစရာရှိတဲ့ သတင်းကို အမြန်ဆုံး ပြောပြပါတော့မယ်၊ ခင်ဗျားလည်း ဆက်လက်ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ပါ။ အမော် ... မျောက်စမ်းချောင်း ရွှေမြို့တော်ဟောင်းအကြောင်း ခင်ဗျားသိသမျှ ပြောပြလိုက်ပေတော့"

အမော်က ခေါင်းညိတ်၏။

"ခင်ဗျား လက်ထဲက ရွှန်ရွှန်ကျိုလွတ်သွားတာ သိပ်နာတာပဲဗျာ"

အဖူးက ...

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ ... မျောက်စမ်းချောင်း ရွှေမြို့တော်ရဲ့ တည်နေရာနဲ့ အဲဒီကို သွားတဲ့လမ်းပြမြေပုံဟာ မြားနက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိုဆီမှာ ရှိနေတာကို အသေအချာ သိလိုက်ရလို့ပဲ"

အဖူးမျက်နှာ လေးနက်သွားသည်။

"အင်း ... ခင်ဗျားတို့ရဲ့ စုံစမ်းမှုဟာ ထိရောက်ပါပေတယ်၊ တခြားသတင်းထူးကော ရှိသေးသလား"

အမော်က ...

"ရှိပါတယ် ... မြားနက်ဂိုဏ်းကို မုတ်ဆိတ်ရှည်တစ်ဦးလို ရုပ်ဖျက်ထားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး အဝင်အထွက် ရှိနေပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးကို ရွှန်ရွှန်ကျိုဆက်ဆံတဲ့ ဆက်ဆံရေးဟာ အလွန်ရိုသေ



ကိုင်းရှိုင်းတယ်၊ အဲဒီ ရုပ်ဖျက်ထားတဲ့ မုတ်ဆိတ်ရှည်နဲ့ ပုဂ္ဂိုလ်ကြီးဟာ တော်ရုံတန်ရုံလူ မဟုတ်ဘူးဆိုတာကို သိသာပါတယ်"

"ခင်ဗျားတို့ အဲဒီပုဂ္ဂိုလ်နောက် မလိုက်ကြဘူးလား"

"လိုက်ပါတယ်ဗျာ ... လိုက်ကြတာပေါ့၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ကြီးဟာ ကိုယ်ဖော့ပညာမှာ ကျုပ်ထက် အပြတ်အသတ် သာလွန်နေတော့ ကျုပ်တို့ လိုက်မမီဘဲ မျက်ခြည်ပြတ်ကျန်ရစ်ပါတယ်"

အဖူးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ဟန်ဖူးက ...

"အရေးအကြီးဆုံး လျှို့ဝှက်ချက်ကို ကျုပ်ပြောတော့မယ်၊ ခင်ဗျား ဒီသတင်းကိုသိလိုက်ရင် ကိုယ်တိုင် မြေမျိုခံရသလောက် အံ့ဩသွားမယ်"

အဖူးက ...

"ဆိုလှချည်လား။ ခင်ဗျားသတင်းကို ပြောစမ်းပါဦးဗျ"

"ကွမ်မူ မသေဘူးတဲ့ဗျ"

"ဟာ ... ဟုတ်ရဲ့လားဗျာ"

"အဲဒီလိုကို ဖြစ်သွားရမယ်၊ ကွမ်မူ မသေဘူးလို့ ချီကိုယင်ပြည်နယ်မှ သတင်းပြန့်နေတယ်"

"ဟုတ်လား ... ကွမ်မူ အခုဘယ်မှာလဲ"

⓪⓪⓪

www.burmeseclassic.com

www.burmeseclassic.com



## (၁၀၆)

"ချိုက်ဒီယင်ပြည်နယ်မှာ ရှိတယ်လို့ ပြောနေကြတယ်၊ သူ ရုပ်ဖျက်ပြီး ပုန်းအောင်းနေတယ်လို့ ပြောကြတယ်"

"သူက ချိုက်ဒီယင်ပြည်နယ်မှာ ဘာလုပ်နေတာလဲ"

"အဲဒီသတင်းလည်း ကျုပ်တို့ကြားပါတယ်၊ သူက ကေရာဇ် ဘုရင်မင်းမြတ်ဆီကို မျောက်စမ်းချောင်း ရွှေမြို့တော်ကို ထိုးအပ်ဖို့ စီမံနေတယ်လို့ ကြားတယ်"

"ဟာ..."

"ဟုတ်တယ် .. မျောက်စမ်းချောင်းရွှေမြို့တော်ကို ကေရာဇ်က ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်မယ်၊ ဘုရင်တစ်ပါးအုပ်စိုးခွင့်လည်း ပေးမယ်၊ ဒါပေမဲ့ ဒီလိုသီးခြားလွတ်လပ်တဲ့ မြို့တော်အနေတော့ မဟုတ်ဘူးပေါ့၊ လက်အောက်ခံ ဘုရင်တစ်ပါးအနေနဲ့ အုပ်ချုပ်ရမှာပေါ့၊ အဲဒီကိစ္စအတွက် ကေရာဇ်မင်းမြတ်နဲ့ အဆက်အသွယ်ရအောင် ကြိုးစားနေတယ်လို့ သတင်းစကားကြားရတယ်"

"အင်း ... အင်း"

မမျှော်လင့်သော သတင်းစကားသည် အဖူးကို အံ့အားသင့်သွားစေဟန်တူသည်။ သူသည် အတန်ကြာ အံ့အားသင့်နေ၏။ အဖူးက ...

"ဒီလိုဆိုရင် ကျုပ်အနေနဲ့ ကွမ်မူကို တွေ့အောင်ရှာပြီး ပူး



ပေါင်းဆောင်ရွက်ဖို့ပဲ ရှိတော့တာပေါ့"

ဟန်ဖူးက ...

"အဲဒီကိစ္စကတော့ ကျုပ်တို့ကိစ္စမဟုတ်တော့ဘူး။ ခင်ဗျား ကိစ္စပဲ၊ ခင်ဗျား ချိန်ဆပြီး ဆုံးဖြတ်ပေတော့"

အဖူးက ခေါင်းညိတ်သည်။

"ကောင်းပြီ ... ကျုပ် ကွမ်မူကို ရှာဖွေဆက်သွယ်ပြီး ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်မယ်၊ တခြားပြောစရာမရှိတော့ရင် ကျုပ်ကို ခွင့်ပြုပေဦးတော့ ကျုပ်သွားလိုက်ပါဦးမယ်"

ဟန်ဖူးနှင့် အမော်တို့မှာ ဦးညွတ်ဂါရဝပြုလိုက်ကြလေ၏။ အဖူးကလည်း ပြန်လည်ဂါရဝပြုရင်း ...

"အထူးသတင်းစကား ပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး။ ကျုပ်တို့ဟာ မိတ်ဆွေချင်းတွေပဲ ဒီလိုပဲ ပြောရမှာပေါ့"

အဖူးသည် ဟန်ဖူးနှင့် အမော်တို့ကို ကျောခိုင်းထွက်ခွာသွားတော့သည်။ အဖူး၏မျက်နှာပေါ်တွင် လျှို့ဝှက်သောအပြုံးတစ်ခု ဖြစ်ပေါ်နေလေ၏။ ထိုအပြုံးကိုတော့ ဟန်ဖူးနှင့် အမော်တို့ မမြင်နိုင်တော့ပါ။ အဖူးသည် သူချုန်ချခဲ့သည့် သစ်ပင်ကြီးဆီသို့ သွား၏။ ထို့နောက် လွှားခနဲ ခုန်တက်သွားသည်။ သူ၏ခန္ဓာကိုယ်ကြီးသည် သစ်ကိုင်းသစ်ခက်များကြား တိုးဝင်ပျောက်ကွယ်သွားသည်။

သာမန်လူများဆိုလျှင်တော့ အဖူး၏လုပ်ရပ်ကို ဟန်ဖူးနှင့် အမော်တို့ အံ့ဩကောင်း အံ့ဩနိုင်သည်။ သူတို့သည် သာမန်လူများ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။ ထိပ်သီးသိုင်းသမားများဖြစ်သည်။

အမော်နှင့် ဟန်ဖူးတို့သည် အတန်ကြာ ငြိမ်သက်စွာရပ်နေကြသည်။ သူတို့သည် အတွင်းအားကို အစွမ်းကုန်ထုတ်ကာ နားစွင့်ထားကြသည်။ သူတို့၏ သိုင်းပညာအဆင့်သည် 'ခွေးတစ်ဟောင်အကွာအဝေး' ရှိ နေရာဝန်းကျင်၌ တစ်စုံတစ်ယောက်၏ လှုပ်ရှားမှုကို သိရှိနိုင်စွမ်း ရှိကြပေသည်။ ဤမျှအထိ အတွင်းအား ကောင်းသူများဖြစ်ကြသည်။

ယခု ... အဖိုးသည် သစ်ပင်ထိပ်ဖျားများပေါ်မှာ ကိုယ်ဖော့ပညာသုံးကာ အရှေ့အရပ်သို့ ထွက်ခွာသွားကြောင်း သူတို့ အသေအချာ ကြားသိလိုက်ပြီး ဖြစ်ပေသည်။ အဖိုးပျောက်သွားပြီဟု သေချာသောအခါမှ သူတို့သည် တစ်ဦးကိုတစ်ဦး ပြုံးကြည့်လိုက်ကြ၏။ သူတို့အကြည့်များမှာ အဓိပ္ပာယ်ပါသည်။ သူတို့အပြုံးများမှာ ထေ့ပြုံး၊ လှောင်ပြုံး၊ ပီတိပြုံးများ ဖြစ်ကြ၏။

ဟန်ဖူးက ...

"တကယ့်လူပဲဗျာ ... တော်တယ်၊ ရုပ်ဖျက်ပညာကတော့ တကယ်တော်တာပဲဗျ"

"ခင်ဗျားက ဘယ်လိုထင်နေလို့လဲဗျာ"

အမော်က မေးလိုက်၏။

"ကျုပ်က အဖိုးအစစ်များလားလို့ ထင်နေတယ်၊ သူက ရုပ်ဖျက်တာကကော အသံဖျက်တာကော အတော်ကောင်းနေတာပဲဗျာ"

အမော်က ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်၊ ဒီလူ ဟန်ဆောင်တာရော ရုပ်ဖျက်တာရော အတော့်ကို တော်ပါတယ်၊ စကားလည်း တစ်လုံးမှမမှားဘူး၊ အကြောင်းမသိသူတွေဆိုရင် သူ့ကို အဖိုးအစစ်လို့ပဲ ထင်ကြမှာ"

ဟန်ဖူးက ...

"အင်း ... ကျုပ်တို့ကသာ ပြုံးနေ ရယ်နေကြတာ၊ ကျုပ်တို့ရဲ့ အဖိုးအစစ်တစ်ယောက်တော့ စီစဉ်ထားတဲ့အတိုင်းမှ ဖြစ်ရဲ့လား မသိပါဘူးဗျာ"

"ဟုတ်ပါရဲ့ဗျာ၊ ဒီလူရဲ့ သိုင်းပညာအဆင့်ကို ကျုပ်တို့ မခန့်မှန်းနိုင်ဘူးဗျ၊ ဒီလူနဲ့ အဖိုးသာ ရင်ဆိုင်လိုက်ရရင်တော့ အတော့်ကို အခြေအနေ ဆိုးရွားသွားနိုင်တယ်၊ အကယ်၍ ထမင်းအိုးတစ်အိုး ကျက်ချိန်အထိ ကျုပ်တို့ဆီကို အဖိုးရောက်မလာရင်တော့ ကျုပ်တို့ အဖိုးကို အရှာထွက်ရလိမ့်မယ်"

"ဟား ... ဟား ... ဟား"

ဟန်ဖူးနှင့် အမော်တို့ အချီအချ စကားပြောနေစဉ် ကျယ်လောင်သော ရယ်မောသံတစ်သံကို ကြားလိုက်ရတော့သည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၁၀၇)

## အယောင်ဆောင် ပုဂ္ဂိုလ်

"ဟား ... ဟား ... ဟား"

သူတို့ မနီးမဝေးမှ ရယ်သံထွက်ပေါ်လာသဖြင့် ဟန်ဖူးနှင့် အမော်တို့ အံ့သြသွားကြသည်။

"ကျုပ်အတွက် စိုးရိမ်နေကြတဲ့ မိတ်ဆွေနှစ်ယောက်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်မှာ ဘာမှထိခိုက်အနာတရ မရှိပါဘူး။ ကျန်းမာ ပကတိ ချမ်းသာအတိနဲ့ မိတ်ဆွေတို့ဆီ ရောက်လာပါပြီ"

ဟန်ဖူးနှင့် အမော်တို့မှာ အသံကြားရာသို့ လှည့်ကြည့်မိကြလေ၏။ စူစီဝေသည် သစ်ပင်ကွယ်မှ ထွက်လာသည်။

ဟန်ဖူးက ...

"ကျုပ်တို့ သိုင်းလောကဟာ ရုပ်ပြောင်းရုပ်လွှဲ ရုပ်ဖျက် ပညာတွေမှာ သိပ်တော်နေကြသဗျ။ အစစ်နဲ့ခွဲမရအောင် တူတဲ့အတု တွေကို တွေ့ခဲ့ဖူးပြီးပြီ၊ ဒီတော့ ခင်ဗျား စူစီဝေအစစ်ဖြစ်တယ်ဆိုတာ သက်သေပြရမယ်"

စူစီဝေသည် သူ့လက်ထဲမှ တစ်စုံတစ်ရာကို လှမ်းပေးလိုက်၏။ ဟန်ဖူးသည် ထိုအရာကို လက်ခံယူလိုက်သည်။ သူ လက်ခံယူ လိုက်သောအရာမှာ သစ်တော်သီးတစ်ခြမ်း ဖြစ်လေ၏။



သူသည် အိတ်ထဲသို့ လက်နှိုက်လိုက်သောအခါ သစ်တော်သီးတစ်ခြမ်း ထွက်လာသည်။ သစ်တော်သီးကို ရသောအခါ အခြမ်းနှစ်ခြမ်းကို ရင်ချင်းကပ်၍ ဆက်လိုက်သည်။ သစ်တော်သီးနှစ်ခြမ်းမှာ အံဝင်ခွင်ကျ သစ်တော်သီးတစ်လုံး ဖြစ်သွားလေ၏။ ဟန်ဖူး ကျေနပ်သွားသည်။ သူသည် အရှး (ခေါ်) စူစီဝေကို ဦးညွှတ်နှုတ်ဆက်လိုက်သည်။ ဟန်ဖူးက ...

"ဟိုပုဂ္ဂိုလ်ရဲ့ သိုင်းပညာအဆင့်ကို ကျုပ်တို့က မခန့်မှန်းနိုင်တော့ ခင်ဗျားအတွက် စိုးရိမ်မိတာပေါ့ဗျာ"

စူစီဝေက ...

"ကျုပ် ရင်ဆိုင်ရတဲ့လူရဲ့ သိုင်းပညာအဆင့်က သေးတော့ မသေးလှဘူးဗျ။ ဒါပေမဲ့ ကျုပ်ကိုမမှီပါဘူး"

"ခင်ဗျားနဲ့ တိုက်တော့ တိုက်ခိုက်ကြသေးတယ် မဟုတ်လား"

"တိုက်ခိုက်ခဲ့ကြပါတယ် ... ဒါပေမဲ့ ကျုပ်က ရှုံးဟန်ဆောင်ပြီး လဲကျပေးခဲ့တယ်ဗျ။ သူလည်း ကျုပ်ကို နိုင်သွားတော့ ကျေနပ်သွားတာပေါ့ဗျာ"

"သူက ရုပ်ဖျက်ထားတယ်ဗျ။ သူ့ပင်ကိုယ်ရုပ်ကို ကျုပ်တို့ မခန့်မှန်းနိုင်ဘူးပေါ့ဗျာ"

"သူက အမိကပုဂ္ဂိုလ် မဟုတ်ဘူးဗျ"

"ဗျာ ... ဘယ်လို"

"အမိကပုဂ္ဂိုလ်က သူ့ကို လူစားထိုးစေလွှတ်လိုက်တဲ့ သူ့လက်ထောက်တစ်ဦးပဲ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပါးနပ်တဲ့ပုဂ္ဂိုလ်ပဲ၊ ခင်ဗျား ဘယ်လိုသိခဲ့တာလဲ"

"ဒီအကြောင်းကို ကျုပ်အသေးစိတ်ပြောပြမှ ခင်ဗျားတို့ သဘောပေါက်မှာ"

"လုပ်ပါဗျာ ... ပြောစမ်းပါဦး၊ ကျုပ်တို့ကလည်း အသေးစိတ် သိချင်နေတာပါပဲ"

ဤသို့ဖြင့် အဒူး (ခေါ်) စူစီဝေသည် သူ၏ အဖြစ်အပျက်ကို အောက်ပါအတိုင်း ပြန်လည်ပြောပြလေတော့၏။

①

စူစီဝေသည် သိုင်းထိပ်သီး ဟန်ဖူးနှင့် အမော်တို့ တိတ်တဆိတ် ချိန်းဆို၍ အစီအစဉ်တစ်ခု ရေးဆွဲထားခြင်း ဖြစ်သည်။

ထိုအစီအစဉ်ကား မျောက်စမ်းချောင်းရွှေမြို့တော် ရှာဖွေရေး အစီအစဉ်တည်း။

မျောက်စမ်းချောင်းရွှေမြို့တော်နှင့်ပတ်သက်သည့်အကြောင်း အရာများကို ဟန်ဖူးနှင့် အမော်တို့က မြို့နယ်ကျေးရွာအထိ လိုက်လံစုံစမ်းကြသည်။ သိုသိုသိပ်သိပ် စုံစမ်းခြင်းမဟုတ်။ တမင် လူသိခံ၍ ဆောင်ရွက်ခြင်းဖြစ်လေသည်။

သိုင်းလောကသည် ဟန်ဖူးနှင့်အမော်တို့ကိုပင် လှောင်ပြောင်ကြလေ၏။ မျောက်စမ်းချောင်းရွှေမြို့တော်သား ဟန်ဖူးနှင့် အမော်တို့ဟူသတည်း။ မြို့တော် သား မဟုတ်ပါဘဲလျက် မြို့တော်သားဟု ပြောဆိုခြင်းမှာ နောက်ပြောင်ခြင်းပင် မဟုတ်ပါလော။

①①①



(၁၀၈)

မျောက်စမ်းချောင်း ရွှေမြို့တော်အကြောင်း ဟန်ဖူးနှင့် အမော်တို့ လိုက်လံစုံစမ်းနေသည့်သတင်းမှာ သိုင်းလောက သိုင်းသမားတိုင်း သိနေသည့်ကိစ္စ ဖြစ်နေသည်။

ဟန်ဖူးနှင့်အမော်တို့သတင်းကို စုံစမ်းစဉ်ကာလတစ်လျှောက် မည်သည့်ထူးခြားသော သတင်းစကားတစ်ခွန်းမျှ မရရှိခဲ့ချေ။

သို့သော် သူတို့နောက်သို့ အဆင့်မြင့်သိုင်းသမားတစ်ဦး အစိုပ်ပမာလိုက်နေကြောင်း သူတို့ သတိပြုမိကြသည်။

ထိုသိုင်းသမားကား မည်သူနည်း။

ဟန်ဖူးနှင့်အမော်တို့သည် ထိုအဖြစ်ကို လုံးဝမသိရှိသည့် အလား ဟန်ဆောင်နေခဲ့၏။ သူတို့သည် အလွန် ပိရိသေသပ်သူများ ဖြစ်သည်။ သူတို့သည် စားသောက်ဆိုင်များ၊ တည်းခိုခန်းများတွင် နေထိုင်ရင်း မျောက်စမ်းချောင်းရွှေမြို့တော်မှ သတင်းစကားအချို့ကို စုံစမ်းသိရှိရခဲ့လေဟန် ပြန်လည်ပြောဆိုနေကြသည်။

ထိုသို့ ရွှေမြို့တော်သတင်းကို ပြောဆိုကြသည့်အခါတိုင်း သူတို့အား အနီးကပ်ထောက်လှမ်းနေသော ထောက်လှမ်းရေးသမားသည် သူတို့ပြောကြားပြီးမကြာမီ ပျောက်ကွယ်သွားလေ့ရှိကြောင်း သူတို့ သတိထားမိသည်။ ထိုသို့ ပျောက်သွားခြင်းမှာ တစ်စုံတစ်ယောက်ကို သွားရောက်သတင်းပို့နေခြင်းဖြစ်ကြောင်း ရိပ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖူးနှင့် ရှုစီဝေ့တို့ ပြန်လည်ဆုံတွေ့ရန် တစ်နေ့တွင် ချိန်းဆိုထားကြသည်။

ထိုချိန်းဆိုထားသည့်နေ့ရက်သို့ နီးကပ်လာသောအခါ ဟန်ဖူးက အမော်ကို မေးလိုက်သည်။

"ကျုပ်တို့ အစ္စုးနဲ့ ချိန်းထားတာ ဘယ်နေ့လဲဗျ"

"ခြောက်ရက်နေ့လေဗျာ"

အမော်က ဖြေသည်။

"ချိန်းထားတဲ့ရက်က နီးလာပြီ၊ ကျုပ်တို့ ထူးခြားတဲ့ သတင်းကို မရသေးပါလား"

"ကွီဆေးတောထဲက သတင်းကတော့ သတင်းထူးဖြစ်ပါလိမ့်မယ်"

"မြားနက်ဂိုဏ်းဆီကို ဝင်ထွက်သွားလာနေတဲ့ ထူးခြားတဲ့ မုတ်ဆိတ်ရှည်နဲ့ပုဂ္ဂိုလ်ကြီးသတင်းလား"

ထိုအချိန်တွင် ...

သူတို့အနားသို့ မနီးမဝေးအရပ်မှ ထောက်လှမ်းနေသော သိုင်းသမားသည် ရောက်ရှိနေလေပြီ။ ဟန်ဖူးသည် ထိုသိုင်းသမား ရောက်ရှိလာသည်ကို တွေ့သည်။

"ဒါပေါ့ ... ကျုပ်တို့အနေနဲ့ ရွှေဒင်္ဂါးပြားခြောက်ဆယ်တောင် ပေးရတဲ့ အဲဒီသတင်းကတော့ အစ္စုးအတွက် အသုံးဝင်တဲ့ သတင်းဖြစ်မှာပေါ့လေ"

"အင်း ... ဒါဆိုရင် လဆန်း ခြောက်ရက်နေ့ ကွီဆေးတောစပ်မှာ တွေ့ရမယ့် အစ္စုးအတွက် ဝမ်းသာစရာသတင်းပဲပေါ့ဗျာ"



ဟန်ဖူးနှင့် အမော် အတိုင်အဖောက် ပြောကြားနေသည့် သတင်းစကားများမှာ ထောက်လှမ်းရေးသိုင်းသမားကြားစေချင်၍ ပြောကြားနေသည့် စကားများဖြစ်သည်။

ထောက်လှမ်းရေး သိုင်းသမားသည် သူတို့ တီးတိုးပြောနေသည့်သတင်းကို ပီပီသသ ကြားရ စေရန် ရှေ့သို့တိုးလာသည်။

သူတို့ တီးတိုးပြောခြင်းမှာ တမင်ပြောခြင်း ဖြစ်သည်။ ဟန်ကသာ တီးတိုးပြောဟန်ဆောင်နေသော်လည်း သူတို့ပြောနေသည့် စကားများကို ထောက်လှမ်းရေးသိုင်းသမား ကြားသည်သာဖြစ်ပါ၏။

ထောက်လှမ်းရေးသိုင်းသမားသည် ထိုသတင်းစကားကို ကြားပြီးနောက် နေရာမှ ပျောက်ကွယ်သွားလေသည်။

ဟန်ဖူးနှင့်အမော်တို့သည် တစ်ဦးကိုတစ်ဦး ပြုံး၍ မျက်စပစ်ကြလေ၏။ သူတို့ ဆင်ထားသောအကွက်ထဲသို့ ရန်သူက တိုးဝင်လာပြီ မဟုတ်ပါလား။

ထောက်လှမ်းရေးသိုင်းသမားသည် သူရရှိသော သတင်းကို သူ့အထက်မှပုဂ္ဂိုလ်အား သွားရောက်အကြောင်းကြားခြင်း ဖြစ်လေသည်။

လဆန်းခြောက်ရက်နေ့ ... ။

ကွီဆေးတောစပ် .. ။

ဟန်ဖူးနှင့် အမော်တို့သည် အစ္စုးနှင့်တွေ့ကာ သတင်းစကားကို ပြောကြားကြပေလိမ့်မည်။

သတင်းမှာ ကွီဆေးတောထဲမှရသည့်သတင်း ဖြစ်သည်။ တောင်ပေါ်မြားနက်ဂိုဏ်းနှင့် သက်ဆိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂိုဏ်းသို့ မှတ်ဆိတ်ရှည်ပုဂ္ဂိုလ်ကြီးတစ်ဦး ဝင်ထွက်နေကြောင်းနှင့် ထိုပုဂ္ဂိုလ်ကြီး၏ ထူးခြားသောလျှို့ဝှက်ချက်များကို ပြောမည်ဖြစ်ပေသည်။

ထောက်လှမ်းရေးသိုင်းသမားကို သူ့အထက်မှ ပုဂ္ဂိုလ်က ညွှန်ကြားချက်ပေးသည်။ လဆန်းခြောက်ရက်နေ့တွင် ကျိုးဆေးတောအုပ်သို့ အစောဆုံး ရောက်အောင်သွားရမည်။ အဖိုးရောက်လာလျှင် ငှက်အော်သံ သုံးချက်ပေးမည်။

လဆန်းခြောက်ရက်နေ့တွင် ကျိုးဆေးတောအုပ်သို့ ငိုက်စိုက်ငိုက်စိုက်နှင့် အဖိုးရောက်လာသည်။ ငှက်အော်သံသုံးချက် အော်မြည်သွား၏။

အဖိုးသည် မသိဟန်ပြုပြီး တောစပ်သို့ ဝင်လာသည်။

တောထဲ၌ ကျေးငှက်အော်မြည်သံများသည် ကျည်ကျည်ကျာကျာနှင့် အသံစုံလင်လှသည်။ ထိုအထဲမှ ထူးထူးခြားခြား ပေါ်လာသည့် ငှက်အော်သံသုံးချက်သည် တောသဘာဝ နားလည်သူတိုင်း သဘာဝကျေးငှက်သံ မဟုတ်ကြောင်း သိကြသည်။

အဖိုးသည် တောထဲသို့ ဝင်လာလေ၏။ သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်။ ထိုလူသည် အဖိုး၏ပုံသဏ္ဌာန်အတိုင်း ထပ်တူထပ်မျှ ဖြစ်နေသည်။ အဖိုးအတုက ...

"ဟော ... မင်း ... မင်း ..."

အဖိုးအစစ်သည် အဖိုးအတုကို တွေ့သောအခါ အံ့ဩသွားသည်။ အဖိုးအစစ်ကလည်း ...

"ဟင် ... မင်း ... မင်း"



အဖိုးအတုက ...

"မင်းက ဘာ ... မင်း ... မင်းလဲ၊ မင်း ဘယ်ကကောင်လဲ၊ မင်းက ငါ့ရုပ်ကို တူအောင် ရုပ်ဖျက်ထားတာပေါ့လေ"

အဖိုးအစစ်က ...

"မင်း အကြောင်းမရိုက်နဲ့ အတုဟာ အတုပဲ"

"ဘာအတုလဲ၊ မင်းကမှ ငါ့အယောင်ဆောင်ထားတာ"

"အယောင်ဆောင်က ပြောရတယ် ရှိသေးတယ်"

"သူခိုးက လူ ... လူဟစ်တာပဲ"

သူသည် ပြောဆိုရင်း အဖိုးအစစ်ထံသို့ တိုးဝင်လာလေသည်။ အဖိုးအတုက ...

"မင်းက ငါနဲ့တူအောင်လည်း ဟန်ဆောင်ထားသေးတယ်၊ မင်းက ငါ့ကိုလည်း အပေါ်စီးက ဟောက်နေသေးတယ်"

အဖိုးအစစ်က ...

"အဖိုးအတုဖြစ်ဖြစ် အစစ်ဖြစ်ဖြစ် ငါ့ဆီ ကပ်မလာနဲ့ ဒုက္ခဖြစ်သွားမယ်"

သူက ဟန့်တားလိုက်သည်။

သို့သော် အဖိုးအတုသည် ရေလှိုင်းအားမာန် ခြေသိုင်းဟန်တွဲ အသုံးပြုပြီး အဖိုးအစစ်ထံသို့ တိုးဝင်သွားလေ၏။

ရေလှိုင်းအားမာန် ခြေသိုင်းဟန်သိုင်းကွက်မှာ ထူးခြားသည်။ အသုံးပြုသူသည် ရှေ့သို့ တည့်တည့်ဝင်လာမလို၊ ဘေးတိုက်ဝင်လာမလို၊ ခုန်ပျံဝင်လာမလို၊ မြေလျှိုးဝင်လာမလိုနှင့် မြွေလိမ်မြွေကောက် ရှေ့သို့တိုးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမှာ မတည်ငြိမ်သော ရေလှိုင်းများပမာ တလိမ့်လိမ့်နှင့် ရှေ့တက်လာခြင်းပင်ဖြစ်သည်။

အရူးအနေဖြင့် ရေလှိုင်းအားမာန် ခြေသိုင်းဟန်သိုင်းကွက်ကို မည်သို့မျှ မခုခံနိုင်ပေ။ သူ၏ခုခံသောအကွက်များမှာ အချည်းနှီးဖြစ်ရသည်။

ထိုစဉ် အရူးအတုက စင်ရော်တောင်ဖြန့် အစာသုတ်တိုက်ကွက်ကို ထုတ်လိုက်သောအခါ အရူးအစစ်၏ အဓိက သုံးနေရာကို ထိခိုက်သွားလေတော့သည်။

"အား ..."

အရူးအစစ်မှာ နောက်သို့ လွင့်စဉ်သွား၏။ ထို့နောက် နှစ်ပတ်သုံးပတ် လိမ့်သွားသည်။

"ဝှေါ ..."

သူသည် သွေးထိုးအန်လေ၏။ အရူးသည် ထရန် ကြိုးစားသည်။ မြေပေါ်သို့ ပြန်ကျသွား၏။

"ဝေါ ..."

နောက်တစ်ချက် သွေးအန်ပြန်သည်။ ထို့နောက် ငြိမ်ကျသွား၏။ အရူး အသက်ထွက်သွားပေပြီ။

ကြည့်ရှုံနှင့် အသက်ထွက်သွားကြောင်း အရူးအတု သိပေသည်။

"ဟား ... ဟူး .. မတွေ့ရင် မတွေ့နဲ့ဆိုတာ အခု သိပြီလား။ ငါ့ကို နယ်နယ်ရရကောင် မှတ်နေတာကိုး။ အခုတော့ သေပြီမဟုတ်လား"



အရူးအတုသည် အော်ဟစ်ရယ်မောနေလေ၏။

ထိုစဉ် ...

မုတ်ဆိတ်အဘိုးအိုကြီးသည် ထိုနေရာသို့ ရောက်ရှိလာ၏။

ဟန်ဖူးနှင့် အမော်တို့အား အရိပ်ပမာ ထောက်လှမ်းနေသော ထောက်လှမ်းရေးသိုင်းသမားလည်း ရောက်ရှိလာသည်။

မုတ်ဆိတ်ရှည်အဘိုးအို၊ ထောက်လှမ်းရေးသိုင်းသမားနှင့် အရူးအတုတို့သည် သုံးဦးသား ဆုံမိကြလေ၏။

မုတ်ဆိတ်ရှည် အဘိုးအိုသည် အလွန်ဇွေစပ်သေချာသော အဘိုးအိုဖြစ်သည်။ သူသည် သူ၏ လက်သည်းရှည်ကြီးများရှိသော လက်ညှိုးနှင့် အရူးအစစ်ထံသို့ ထိုးညွှန်ပြလေ၏။ သေ၊မသေ သွားရောက်စစ်ဆေးဟူသည့် သဘောဖြစ်သည်။

သတင်းထောက်လှမ်းရေးသိုင်းသမားသည် အရူးထံရောက်လာပြီး စမ်းသပ်သည်။ အရူးအစစ်ကား အသက်မရှူတော့ပေ။ အရူးအစစ်သည် အတွင်းအားလေ့ကျင့်ခန်းများ အပြင်းအထန် ပြုလုပ်ထားသဖြင့် အတန်ကြာ နှလုံးမခုန်ဘဲ ရန်တန့်နေအောင် ပြုလုပ်နိုင်စွမ်းရှိသည်။ သူသည် လူသေဟန်ဆောင်နေခဲ့၏။

အဆင့်မြင့်သိုင်းသမားက ...

"အရူးဟာ အမှန်တကယ်ပဲ သေဆုံးသွားခဲ့ပါပြီ သခင်ကြီးခင်ဗျား"

သူသည် ရိုသေစွာ အစီရင်ခံလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ရှည်အဘိုးအိုက လက်ကို ခါပြရင်း ...

"အခု မင်းကို တာဝန်ပေးသမျှတွေဟာ အရူးသေဆုံးတာ

www.burmeseclassic.com

www.burmeseclassic.com



အတု ပြီးဆုံးသွားပြီ၊ မင်း ကြုံတွေ့ခဲ့တာတွေကိုလည်း မင်းခေါင်းထဲက ထုတ်ပစ်ပြီး မေ့လိုက်ပေတော့၊ ကဲ ... မင်းတာဝန်ပြီးပြီ၊ မင်း သွားပေတော့"

"အမိန့်အတိုင်းပါပဲ သခင်ကြီးခင်ဗျား"

အဆင့်မြင့်ထောက်လှမ်းရေးသိုင်းသမားသည် သူတို့အား ကျောခိုင်းထွက်ခွာ သွားလေတော့၏။

မုတ်ဆိတ်ရှည်အဘိုးအိုသည် အဆင့်မြင့်ထောက်လှမ်းရေး သိုင်းသမား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေ၏။ မုတ်ဆိတ်ရှည်အဘိုးအိုသည် ထောက်လှမ်းရေးသိုင်းသမား ပျောက်ကွယ်သွားသောအခါမှ အစ္စုးအတုကို ကြည့်လိုက်သည်။

"ဟဲမိုး ... မင်းကို ငါသင်ပေးထားတဲ့ ရေလှိုင်းမာန်နဲ့ မြွေသိုင်းဟန် သိုင်းကွက်ရယ်၊ စင်ရော်တောင်ပံဖြန့် အစာသုတ်သိုင်းကွက်ရယ် မင်း နောက်တစ်ခါ မသုံးနဲ့တော့၊ မေ့ပစ်လိုက်ပေတော့"

ထိုသိုင်းကွက်နှစ်ကွက်မှာ အလွန်ပြင်းထန်၏။ သိုင်းကွက်နှစ်ကွက်စလုံးမှာ ဝမ်ဂုတ္တမ်းကျင်ချွမ်ခေါ် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းမှ သိုင်းကွက်နှစ်ကွက်ဖြစ်သည်။

"ဟုတ်ကဲ့ ခင်ဗျာ ... သခင်ကြီးရဲ့ အမိန့်အတိုင်း အတိအကျ လိုက်နာပါ့မယ် ... သခင်ကြီးခင်ဗျာ"

မုတ်ဆိတ်ရှည်အဘိုးအိုက ...

"ကောင်းပြီ ဟဲမိုး။ မင်း ဒီလမ်းအတိုင်း တောထဲကို ဝင်သွားပါ။ ရှေ့မှာ လူနှစ်ယောက်ရှိနေတယ်၊ အဲဒီလူတွေဟာ ဟန်ဖူးနဲ့ အမော်ပဲ၊ မင်း သူတို့နဲ့တွေ့ပါ။ သူတို့က မင်းကို သတင်းစကား ပြော



လိမ့်မယ်၊ မင်းလုပ်ရမယ့်အလုပ်က အဲဒီ သတင်းစကားကို ယူခဲ့ရုံပဲ၊ ငါမင်းကို ထိကုန်းပေအရပ်က စောင့်နေမယ်"

"ဟုတ်ကဲ့ပါ သခင်ကြီး"

မုတ်ဆိတ်ရှည်အဘိုးအိုသည် အစ္စုးလဲကျနေသည့် နေရာသို့ ကြည့်လိုက်၏။ သူသည် တံတွေးကို ပစ်ခနဲ ထွေးလိုက်ပြီး ကွိဆေးတောအုပ်ထဲမှ ထွက်ခွာသွားတော့၏။

အစ္စုးအတုအဖြစ် ဟန်ဆောင်နေသော ဟဲမိုးသည် သခင်ကြီးဟုခေါ်သော မုတ်ဆိတ်ရှည်အဘိုးအိုကို ကြည့်နေ၏။

မုတ်ဆိတ်ရှည်အဘိုးအိုသည် ပေါ့ပါးလှသော ကိုယ်ဖော့ပညာကို သုံး၍ သူ့ကို ကျောခိုင်းထွက်ခွာသွားသည်ကို ဘူ ငေးကြည့်နေမိ၏။ အဘိုးအို ပျောက်ကွယ်သွားသောအခါမှ ဟန်ဖူးနှင့် အမော်တို့ ရှိရာသို့ ထွက်ခွာသည်။

ထို့နောက် ဟန်ဖူးနှင့်အမော်တို့နှင့် တွေ့ဆုံပြီး သတင်းစကားကို နာကြားသည်။ ဟန်ဖူးနှင့် အမော်တို့အား နှုတ်ဆက်၍ ထိကုန်းပေအရပ်သို့ ထွက်ခွာသွားသည်။

အစ္စုးသည် သေဟန်ဆောင်နေရာမှ ဟန်ဖူးနှင့်အမော်တို့ ရှိရာသို့ အလျင်အမြန် လာခဲ့ခြင်းဖြစ်သည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## (၁၀၉)

## ပြန်လည်ပေါ်လာသော သူ့ရဲကောင်း

အဖူးခေါ် စူစီဝေ၊ ဟန်ဖူးနှင့် အမော်တို့သည် ဗိုခုံလောက် ဆိုင်ရပ်၍ စကားပြောနေကြ၏။

သူတို့သည် ဖြစ်ပျက်ခဲ့သော အခြေအနေများကို ပြန်လည်သုံးသပ်နေကြ၏။

စူစီဝေက ...

"မှတ်ဆိတ်ရှည်အဘိုးအိုဟာ ဘယ်သူဆိုတာ ကျုပ် မသိလိုက်ရပါဘူး။ ဒါပေမဲ့ အရေးကြီးတဲ့ အချက်ကိုတော့ ကျုပ်သိလိုက်ရတယ်"

ဟန်ဖူးက ...

"ဘာအချက်များလဲ"

"မှတ်ဆိတ်ရှည်အဘိုးအိုဟာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို ကျမ်းတစ်စောင်လုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ကျွမ်းကျင်တတ်မြောက်ထားတယ်ဗျ"

"ဗျာ ... အဲဒီအဘိုးအိုဟာ အရေးကြီးတဲ့ ဒီသိုင်းကျမ်းကို တတ်မြောက်ထားတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ ဒါ အင်မတန်အရေးကြီးပါတယ်၊ ချယ်ရီပွင့်



ဒေသ သိုင်းပဒေသာကျမ်းရဲ့ ရာဇဝင်ဇာစ်မြစ်ကို လိုက်လံထောက်လှမ်းလိုက်ရင် ဒီသိုင်းကျမ်းနဲ့ ဆက်စပ်နေသူတွေကို ခြေရာခံနိုင်ပါတယ်"

စူစီဝေက ရှင်းပြလိုက်သောအခါ ဟန်ဖူးက အကြံပေး၏။

"ချိုကီယင်ပြည်နယ် လူချင်မြို့မှာ ကွမ်မူ ရုပ်ဖျက်ပြီး ပုန်းအောင်းနေတယ်ဆိုတဲ့ သတင်းကို သူသိသွားတယ်၊ ကျုပ်တို့က ဒီသတင်းကို ပေးလိုက်တာပဲ၊ ကျိန်းသေ သူသွားမှာ သေချာတယ်၊ သူ ကွမ်မူကို သေချာပေါက်ရှာတော့မယ်၊ ကျုပ်တို့ အဲဒီမြို့ကစောင့်ပြီး ဝိုင်းတွယ်ရင် အဲဒီပုဂ္ဂိုလ်ကို မိမှာပဲ မဟုတ်လား"

စူစီဝေက ...

"အသေအချာတော့ ပြောလို့မရဘူး၊ အခုပဲကြည့် ... သူက ထောက်လှမ်းရေးသိုင်းသမားကိုလွှတ်တယ်၊ အဖူးအတူကို လွှတ်တယ်၊ အဲဒီလိုပဲ သူကိုယ်တိုင်မလာဘဲ သူ့တပည့်တပန်းတွေလွှတ်ရင် ဘယ်လိုလုပ်မလဲ၊ သူ့ကို ကျုပ်တို့ မမိနိုင်တော့ဘူးပေါ့"

စူစီဝေက ထောက်ပြ၏။ ထို့နောက် သူက ဆက်၍ ပြောသည်။

"ဖြစ်နိုင်ချေရှိတဲ့ ဂယ်ပေါက်တွေကို မလွှတ်တမ်း အပိုင်ပိတ်ထားဖို့လိုတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ အမော်ဟာ ချိုကီယင်ပြည်နယ် ... လူချင်မြို့ကိုသွားပါ။ ကျုပ်တို့ ဆင်ထားတဲ့ ကွမ်မူ တောင်ချောက်ရှိတဲ့ နေရာက စောင့်ပါ။ ကွမ်မူတောင်ချောက်ရှိတဲ့နေရာကို အဲဒီလူလာနိုင်ပါတယ်၊ အဲဒီလူကို အပိုင်ဖမ်းနိုင်ဖို့လိုတယ်၊ ခင်ဗျားတို့နှစ်ယောက် လူအင်အားနည်းပေမယ့် ကွမ်မူတောက်ချောက်ရဲ့အစွန်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ဒီပုဂ္ဂိုလ် မလွတ်နိုင်ပါဘူး"

"စိတ်ချပါ အစ္စ ... ခင်ဗျားပြောတဲ့အတိုင်း ကျုပ်တို့ တစ်သဝေမတိမ်း ဆောင်ရွက်ပါ့မယ်၊ ဒါပေမဲ့ ..."

"ပြောပါ ဟန်ဖွူး ... ခင်ဗျားပြောစရာရှိတာကို အကုန်ပြောပါ"

"ကျုပ် တစ်ခု သဘောမပေါက်ဘူးဗျာ၊ အဲဒီပုဂ္ဂိုလ်ဟာ အင်မတန်အရေးကြီးတယ်၊ ဒီပုဂ္ဂိုလ်ကို ဖမ်းမိဖို့အရေးကြီးတယ်ဆိုတာလည်း ခင်ဗျား လက်ခံတယ်၊ ဒါပေမဲ့ ခင်ဗျားကိုယ်တိုင်ကတော့ ကွမ်မူထောင်ချောက်မှာ မနေဘူး၊ အဲဒါ ကျုပ်စိတ်ထဲမှာ နိုးလိုးခုလုကြီး ဖြစ်နေတယ်"

ဟန်ဖွူးက ပွင့်လင်းစွာ ပြောဏ်။ စူစီဝေက ပြုံးသည်။

"ခင်ဗျား ပွင့်ပွင့်လင်းလင်းပြောတာ ကျုပ်ကျေနပ်ပါတယ်၊ မပြောရင် ဘယ်သိမလဲဗျာ၊ ဒီလိုဗျ ... အခု ကျုပ်လုပ်နေတာက ရှေးက စစ်ပညာရှင် ယုရှိန်းရှိုကိုင်းရဲ့ နည်းဗျူဟာအတိုင်း လုပ်နေတာပါ၊ ကျုပ် အရင်က ရှာဖွေတွေ့ရှိခဲ့တဲ့ အချက်အလက်တွေအပေါ် မူတည်ပြီး ကွမ်မူ တောင်ချောက်ကို ဆင်ခဲ့ပြီးပြီ၊ အခု ထပ်မံရရှိတဲ့ အချက်အလက်အသစ်တွေပေါ်မူတည်ပြီး နောက်ထပ် လှုပ်ရှားမှုအသစ်ကို လုပ်ကိုင်ရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းရဲ့ သဲလွန်စသတင်းကို ကျုပ် ဆက်လိုက်ရပါဦးမယ်၊ ခင်ဗျားတို့ အရေးပေါ်လာရင်တော့ ဆက်သွယ်ရေးငှက်ကို လွှတ်လိုက်ပါ၊ ကျုပ် ချက်ချင်းရောက်အောင် လာခဲ့ပါ့မယ်"

ဟန်ဖွူးနှင့် စူစီဝေတို့ကြားတွင် ဆက်သွယ်ရေးငှက်အဖြစ်



ကြိုးကြာစိမ်းငှက်ပုမျိုးကို အသုံးပြုကြသည်။

"ကောင်းပါပြီ"

ဟန်ဖွူးမှာ မကျေနပ်လှသော်လည်း စူစီဝေကို မလွန်ဆန်နိုင်သောကြောင့် ခေါင်းညိတ်လိုက်ရ၏။

စူစီဝေက ...

"နောက်အရေးကြီးတဲ့အချက်ကို ပြောစရာရှိပါတယ်"

"ဟုတ်ကဲ့ ... ပြောပါ"

"မုတ်ဆိတ်ရှည်အဘိုးအိုဟာ အရှုးအစ္စ သေပြီလို့ မှတ်ယူသွားခဲ့တယ်"

"ဒါကတော့ အသေအချာပဲ"

"အဲဒီ မှတ်ယူချက်ကို ခိုင်မာအောင် ကျုပ်တို့ ဆောင်ရွက်ထားဖို့ လိုပါတယ်"

"ဘယ်လို ဆောင်ရွက်မှာလဲ"

"အခုအချိန်ကစပြီး အရှုးအသွင်သဏ္ဍာန်ကို ပယ်ဖျောက်လိုက်တော့မယ်၊ သူက ကျုပ်သေပြီလို့ ယူဆသွားတာကိုး၊ အခုအချိန်ကစပြီး ခင်ဗျားတို့ ကျုပ်ကို စူစီဝေအဖြစ်ပဲ ဆက်ဆံကြပါတော့"

သူသည် ထိုသို့ပြောပြီးနောက် သူ့ကိုယ်ပေါ်မှ ဟောင်းနွမ်းစုတ်ပြတ်သော အဝတ်အစားများကို ချွတ်ပစ်လိုက်၏။ အောက်တွင် အသင့်အတင့် ချည်ထည်အဝတ်အစားများ ဝတ်ဆင်လိုက်လျက်သားတွေ့ရလေသည်။ သူသည် ခေါင်းပေါ်မှ ပွယောင်းယောင်း ဆံပင်တုကြီးကိုလည်း ချွတ်ပစ်လိုက်သည်။ မျက်နှာကို ဖုံးအုပ်ထားသည့် မျက်နှာအတုကြီးကိုလည်း ချွတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အလွန်ခမ်းနားတည်ကြည်သော စုစီငှေ၏ ရုပ်ရည်သွင်ပြင်သည် ထင်ရှားပေါ်လွင်လာလေသည်။ မျက်လုံးများကလည်း စူးစူးရဲရဲ ရှိလှသည်။ သူ၏ ထူထဲမြင့်မားသော မျက်လုံးများသည် သူ၏ရုပ်ရည်ကို ပိုမိုတည်ကြည်စေသည်။ သူ၏မျက်နှာတစ်ခုလုံးတွင် ဖွဲ့ကောင်းခြင်း၊ နိုင်မာပြတ်သားခြင်း၊ တိကျသေချာခြင်း စသည့် ဝိသေသဂုဏ်ပုဒ်များကို ပြည့်လျှံနေသည့် သိုင်းသူရဲကောင်းကြီး စုစီငှေ၏ အသွင်သဏ္ဌာန်သည် ထင်ရှားပေါ်လွင်လာစေသည်။

သိုင်းငါးဖော်တွင် သူသည် အငယ်ဆုံးဖြစ်သည်။ သိုင်းပညာ အရည်အချင်းမှာ အားလုံး သူတင်ငါတင် ဖြစ်ကြသည်။ တစ်ဦးထက် တစ်ဦး သိသိသာသာ မကွာခြားလှ ချေ။ သူသည် ညီအငယ်ဆုံးဖြစ်၍ သာမန်အားဖြင့် နာမည်မပေါ်လွင်လှသော်လည်း သိုင်းပညာအရည် အချင်း ကောင်းသူသာ ဖြစ်သည်။

စုစီငှေသည် အရွှးဟန်ဆောင်စဉ်က ခါးကို အနည်းငယ်ကိုင်းထားသည်။ ယခုအခါ ခါးကို မတ်မတ်ထောင်လိုက်သောအခါ စုစီငှေသည် ကိုယ်လုံးကိုယ်ထည် ခံ့ထည်မြင့်မားပြီး လူတကာ လေးစားကြောက်ရွံ့ ရဖွယ်အနေအထားဆီ ရောက်ရှိနေတော့သည်။

ဟန်ဖူးနှင့်အမော်တို့မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြသည်။ ထို့နောက် ရုတ်တရက် သတိရသွားသည်။ သူတို့သည် စုစီငှေကို ဦးညွှတ်ဂါရဝ ပြုကြလေသည်။

"ကျုပ်တို့ သိုင်းသူရဲကောင်းကြီး စုစီငှေကို ဂါရဝပြုပါတယ်"

သူတို့သည် လေးစားကြည်ညိုစိတ်များ တဖွားဖွားပေါ်လာပြီး ထိုသို့ပြောကြားလိုက်ကြသည်။



စုစီငှေကား အသက်ကြီးလှချေပြီ။ သူသည် ဟန်ဖူးနှင့် အမော်တို့ထက် အသက်ကြီးသည်။

စုစီငှေက ခေါင်းတစ်ချက်ညိတ်ပြီး ...

"ကဲ ... အချိန်ရှိခိုက် လှုံ့လစိုက်လိုက်ကြရအောင်၊ ခင်ဗျားတို့ကလည်း နိုက်ယင်နယ် လူချစ်မြို့ကို သွားကြပါ။ ကျုပ်တို့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို လူစုခွဲပြီး ဆောင်ရွက်ကြတာပေါ့"

ဟန်ဖူးသည် စုစီငှေအစစ်ကို မြင်တွေ့ပြီးနောက် သူ၏မပြေလည်သော စိတ်များသည် ပြေလည်သွားခဲ့သည်။

စုစီငှေမှာကြားချက်တို့ကို အစွမ်းကုန် အောင်မြင်အောင် ပြုလုပ်ပေးမည်ဟု သန္နိဋ္ဌာန်ချလိုက်လေသည်။

အမော်လည်း ထိုနည်းတူပင်။

"ကောင်းပါပြီဗျာ"

ဟန်ဖူးနှင့် အမော်တို့က ဝန်ခံစကားပြောပြီး အရိုအသေပေးကာ ထွက်ခွာသွားတော့သည်။

စုစီငှေလည်း သူတို့နှစ်ဦးအား ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကြည့်နေသည်။ သူတို့ မြင်ကွင်းမှပျောက်ကွယ်သွားသောအခါမှ ဆန့်ကျင်ရာအရပ်သို့ ထွက်ခွာသည်။

စုစီငှေနှင့် သူတို့သည် ဆန့်ကျင်ရာအရပ်သို့ ထွက်ခွာသွားကြခြင်း ဖြစ်သော်လည်း တူညီသောလုပ်ငန်းတစ်ခုအတွက် တူညီသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

စုစီငှေ၊ ဟန်ဖူးနှင့် အမော်တို့၏ ရယ်ရွယ်ချက်မှာ ...

မျောက်စမ်းချောင်းရွှေမြို့တော်ကြီး မသမာသူများ

www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းကျရောက်နေသည်ကို ပြန်လည်ကယ်တင်ရန်သာ ဖြစ်ပေသတည်း။

စာစဉ် (၄) ပြီး၏။

စာစဉ် (၅-ဇာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC .com